သုဘာသိတာစ ယာဝါစာ တော်မင်္ဂလမုတ္တမံ၊ ချိုသာစွာပြောဆိုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်နိုင်ငံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပထမဆုံး လူသားလိုက်ပါသည့် အာကာသယာဉ်ကို အောင်မြင်စွာ ပစ်လွှတ်နိုင်သည့် အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်နိုင်ငံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပထမဆုံး လူသားလိုက်ပါသည့် အာကာသယာဉ်ကို အောင်မြင်စွာ ပစ်လွှတ်နိုင်သည့် အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာကျန်းချင်းဟုန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံအဖြစ် အစဉ်အဆက်ရပ်တည်နေသော စားနပ်ရိက္ခာဖူလုံသည့်နိုင်ငံဖြစ် စိုက်ပျိုးရေရရှိရန် နိုင်ငံတော်က ဆည်မြောင်းတာတမံပေါင်း ၁၅၂ ခုကို ပြည်ပအကူအညီမပါ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ နိုင်ငံတော်က ပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံပြီး အေးချမ်းသာယာသည့်ပတ်ဝန်းကျင်အခြေခံကောင်းများဖြင့်တင်ပေးနိုင် အေးချမ်းသာယာသောကမ္ဘာကြီးပေါ်ထွန်းလာစေရန် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများက ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ကူညီပေးမှုများလိုအပ်

ရန်ကုန် အောက်တိုဘာ ၁၆

၂၀၀၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ၂၀၀၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကျင်းပရေး ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဆုရမြို့နယ်များမှကိုယ်စားလှယ်များ၊ ဆုရပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ***စာမျက်နှာ ၉ ကော်လံ ၁*** ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ၂၀၀၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြကွက်များကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်ထိန်းသိမ်းမြှင့်တင် မူဝါဒလမ်းစဉ်အောင်မြင်ရေး အားကြိုးမာန်တက်ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေး ဖြစ်သည်။ နိုင်ငံတော်အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာမှုရရှိစေရန် ဦးဆောင်ဦးရွက်ပြုလျက်ရှိသည်။ ကြောင်းကျိုးဆီလျော်မှန်ကန်သည့် မူဝါဒများ ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူများက စည်းလုံးညီညွတ်သော စွမ်းအားဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရနှင့် နိုင်ငံသူနိုင်ငံသား၊အသိပညာရှင် အတတ်ပညာရှင်များ၏ စုစည်းညီညွတ်သော ပြည်သူ့စွမ်းအား၊ နိုင်ငံတော်၏ ကြွယ်ဝသော ရေမြေသဘာဝသယံဇာတစွမ်းအားများဖြင့် ပေါင်းစည်းကြိုးပမ်းလျက်ရှိရာ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းရရှိနေပြီ ဖြစ်သည်။

သာဓကအားဖြင့် ပဲခူးတိုင်းသည် ရေမြေသဘာဝသယံဇာတ အခြေအနေကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနေသည့် တိုင်းခြောက်တိုင်းတွင် တစ်တိုင်းအပါအဝင်ဖြစ်သည်။ ပဲခူးတိုင်း(အနောက်ပိုင်း)၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကိုကြည့်လျှင် ၁၉၈၈ခုနှစ်အထိ မြောက်နဝင်းရေလှောင်တမံတစ်ခုသာ ရှိခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်တွင် ပေါက်ခေါင်းမြို့နယ်၌ တောင်နဝင်း(ပင်မ)ဆည်နှင့် တောင်နဝင်း(ရေထိန်း)တမံ၊ ပြည်မြို့နယ်၌ ကန်ကြီးကုန်းဆည်၊ ရွှေတောင် မြို့နယ်၌ ရွှေတောင်ဆည်၊ ပန်းတောင်းမြို့နယ်၌ ညောင်ကိုင်းဆည်၊ ပေါင်းတည်မြို့နယ်၌ ဝဲကြီးဆည်၊ နတ်တလင်းမြို့နယ်၌ တောင်ညိုဆည်၊ ကြို့ပင်ကောက်မြို့နယ်၌ ဘော်ဘင်ဆည်၊ အုတ်ဖိုမြို့နယ်၌ စဉ့်ကူးချောင်းခေါင်းဆည်၊ ဂမုန်းဆည်နှင့်မင်းလှဆည်၊ လက်ပံတန်းမြို့နယ်၌ သဲတောဆည်နှင့် ဘီးလင်းဆည်၊ သာယာဝတီမြို့နယ်၌ သုံးဆယ်ဆည် စသည့် ဆည်တမံ ၁၅ ခုကို ငွေကျပ်သန်းပေါင်း မြောက်မြားစွာ အကုန်အကျခံပြီး အကျိုးပြုစိုက်ပျိုးမြေဧရိယာဧက တစ်သိန်းငါးသောင်းကျော် တိုးချဲ့စိုက်ပျိုးဖြစ်ထွန်းနေပြီဖြစ်သည်။ စပါးတင်းသန်းပေါင်း ရှစ်သန်းခုနစ်သိန်းကျော် ပိုမိုထွက်ရှိလာကြောင်း သိရသည်။

လမ်းပန်းဆက်သွယ်မှုကဏ္ဍအနေဖြင့် ၅၁၂မိုင် ရှည်လျားသည့် ရန်ကုန်-မော်ဘီ-ပြည်-တောင်တွင်းကြီး-မကွေး-ကျောက်ပန်းတောင်း-မြင်းခြံ-တံတားဦး-မန္တလေး အလျားလိုက်လမ်း၊ ၃၅၂မိုင် ရှည်လျားသည့် တောင်ကုတ်-ပန်းတောင်း-ပြည်-တောင်ငူ-မော်ချီး-ဖားဆောင်း ကန့်လန့်ဖြတ်လမ်းတို့ ပါဝင်ပြီး နိုင်ငံတော်၏ အရှေ့၊ အနောက်၊တောင်၊မြောက် ကွန်ရက်ဆက်သွယ်ဖောက်လုပ်ထားနိုင်ခဲ့ပြီဖြစ်သည်။

စက်မှုလက်မှုကဏ္ဍအနေဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း)ခေတ္တရာစက်မှုဇုန်တွင် စက်ရုံပေါင်း ၁၁၄ရုံ ထူထောင်ပြီး ပြည်တွင်းဖြစ် ခေတ္တရာဝက်ဂွန်မော်တော်ယာဉ်နှင့်အတူ လယ်ယာသုံး စက်ပစ္စည်းကိရိယာများ၊ စက်အရန်ပစ္စည်းများကို သွင်းကုန်အစားထိုး စီမံချက်များဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ဆောင်ရွက်နေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက ယခုကဲ့သို့ရရှိနေပြီဖြစ်သော ဖွံ့ဖြိုးတိုးတက်အောင်မြင်မှု အရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်တည်ထွန်းကားလာစေရန် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များကို ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့က ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို အောက်တိုဘာလ ၁၄ ရက်နေ့က ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ခေတ္တရာမြို့သစ် ဘုရင့်နောင်လမ်းမကြီးအနီးရှိ မင်္ဂလာရွှေပြည် အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ မိန့်ခွန်းကြိုဆိုထောက်ခံသည့် လူထုအစည်းအဝေးကြီးတွင် ရွှေတောင်မြို့နယ် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ ဒေါ်ရင်ကြွေက **"ယခုကဲ့သို့ အချိန်အခါမျိုးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ကြားလမ်းခင်းပေးလိုက်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်သည် 'တိုင်းရက်သည့် ပက္ကလာ မိုးရွာသည်နှင့်အခန့်သင့်' ဆိုသကဲ့သို့ ယနေ့နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် သမိုင်းရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့်အညီ အချိန်ကိုက်ဖြစ်ထွန်း ပေါ်ပေါက်လာသည့် မူဝါဒလမ်းစဉ်များပင် ဖြစ်ကြောင်း"** ထောက်ခံတင်ပြသွားသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်၏ ရရှိဖြစ်ထွန်းနေသော ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စေရေး အားကြိုးမာန်တက် ပါဝင်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် (၁၂)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ရက်က ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်တို့ ပြိုင်ပွဲဝင်သူများနှင့်အတူ တပျော်တပါး ပါဝင်လမ်းလျှောက်ကြစဉ်။

(က-ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မုန်း-ချောက်(၁၃၂)ကေဗွီ ရေဝတီမြစ်ကျော် ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းဝန်ကြီးစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ရေအားလျှပ်စစ် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှအင်ဂျင်နီယာချုပ်ဦးတင်အောင်တို့ လိုက်ပါလျက် အောက်တိုဘာ ၁၁ ရက်တွင် မုန်း-ချောက်(၁၃၂)ကေဗွီ ရေဝတီမြစ်ကျော် ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရေဝတီမြစ်၏ ချောက်မြို့ဘက်ကမ်းအနီးရှိ တာဝါတိုင်နှင့် မြစ်တစ်ဖက်ကမ်း ဆိပ်ဖြူမြို့ဘက်ရှိ တာဝါတိုင်တို့အား ရေဝတီမြစ်ကို မြစ်ကျော်၍ ဓာတ်အားလိုင်းကြိုးဆွဲခြင်း အပြီးသတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ချောက်မှ မုန်းသို့ (၁၃၂)ကေဗွီဓာတ်အား လိုင်းသည် ၆၁ မိုင်ရှည်လျားပြီး တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်၍ ချောက်ဓာတ်အားခွဲရုံမှ မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ တိုက်ရိုက်ဓာတ်အား ပို့လွှတ်ထားပြီး ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၂ ရက်တွင် မုန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်း ဆောင်၌ ရေအားလျှပ်စစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းတင်၊ ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သန်းနှင့်တာဝန်ရှိသူများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး မုန်းချောင်းရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံအတွင်း တာဘိုင်ဂျင်နရေတာများတပ်ဆင်ခြင်း လုပ်ငန်း၊ ရေလွှဲဥမင်လိုဏ်တွင် ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်းနှင့် ဖိအားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီးရေဝင်ဂိတ်နှင့် ရေယူအဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်း၊ တမံဖို့ခြင်း လုပ်ငန်း၊ မြေအောက်ဓာတ်အားပေး စက်ရုံ တည်ဆောက်၍ စက်များတပ်ဆင်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၄ ရက်တွင်ကွန်းချောင်း ရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိ၍ စီမံကိန်းများမှ တာဝန်ရှိသူများအား လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်သည် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကျိုင်းတုံမြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် ကျောင်းခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိ၍ သင်တန်းကျောင်းမှ တာဝန်ရှိသူများအားတွေ့ဆုံပြီး လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။ ထို့နောက် ဝန်ကြီးသည် သင်တန်းကျောင်း၌ ဖွင့်လှစ်ဆဲ သင်တန်းများဖြစ်သည့် အမျိုးသမီးအိမ်တွင်းမှု အဆင့်မြင့်သင်တန်း အမှတ်စဉ်(၆)နှင့် အခြေခံသင်တန်း အမှတ်စဉ်(၃၄)မှ သင်တန်းသူများ လက်တွေ့ချုပ်လုပ်သင်ကြားနေမှုများ၊ သင်တန်းသူများချုပ်လုပ်ထားသည့် အထည်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုရပိုက်စာပေ အမှတ် ၂၈၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၅၄၁၃၃၁က ထုတ်ဝေဖြန့်ချိသော မောင်သိန်းဆိုင်၏ နန္ဒဝန်မှ မြသီတာစာအုပ် မျက်နှာဖုံး။

(က-ပ)

အင်္ဂလိပ်စာသင်တန်းများဖွင့်

ရန်ကုန် အောက်တိုဘာ ၁၆

အလုပ်လျှောက်လိုသူနှင့် အင်္ဂလိပ်စကား၊ အင်္ဂလိပ် စာတတ်မြောက်လိုသူများ အားလုံးအတွက် လက်တွေ့ပြောဆိုနိုင်မည့် နည်းစနစ်များဖြင့် ဆရာအာသာဘီအေ (အင်္ဂလိပ်စာ)၊ ဒီပလိုမာ (အင်္ဂလိပ်စာ သင်ကြားရေးဘွဲ့)နှင့် အင်္ဂလိပ်စာဘွဲ့ရ ဆရာများက ပို့ချပေးမည့် Spoken English, Intermediate Level General English°°Proficiencyသင်တန်းများကို အောက်တိုဘာ ၁၆၊ ၂၅ရက်များနှင့်နိုဝင်ဘာ ၃၊၁၀၊၁၇၊၂၄ရက်များတွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ ကျောင်းသားဟောင်းများအတွက် တစ်နှစ်ပတ်လုံးဖွင့်လှစ်လေ့ကျင့်ပေးနေသည့် Member Club တွင် အသင်းဝင်ပြီး လေ့ကျင့်ခွင့်၊ စာအုပ်များအခမဲ့ငှားရမ်းခွင့်များ ရရှိမည် ဖြစ်ရာ Success Language Academy ၄၅၇ (တတိယထပ်)၊ ကုန်သည်လမ်း(ဘိုကလေးဈေးလမ်းထောင့်) ဂမုန်းပွင့်ကုန်တိုက်ရှေ့၊ ဖုန်း- ၂၉၅၇၂၄ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်သြဝါဒါစရိယရွှေကျင်နိကာယသာသနာပိုင်ဆရာတော်ကြီး သာစုကိုဋ္ဌနအန္တိမစျာပနသဘင် အကြိုတရားပွဲများကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

၁၃၆၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားသော နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိ စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိမလာဘိဝံသ မဟာထေရ်ဆရာတော်ကြီး သာစုကိုဋ္ဌနအန္တိမစျာပန သဘင် အကြိုတရားပွဲများကို ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၁၅ ရက် ညတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ အင်းလျားရွာ အင်းလျားကျောင်း ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဓမ္မဝရက လည်းကောင်း၊ အောက်တိုဘာ ၁၆ ရက် ညတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသကလည်းကောင်း၊ အောက်တိုဘာ ၁၇ ရက် ညတွင် မန္တလေးမြို့ (၄၁)လမ်း စိန်ပန်း သံလျှက်မှော်အရှေ့ရပ်ကွက် အဝေရာ ရာမ ရန်ကင်း ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သြဒါတသိရီဘိဝံသကလည်းကောင်း၊ အောက်တိုဘာ ၁၈ ရက် ညတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် ပါဠိ ကာရီပရိယတ္တိစာသင်တိုက်ဆရာတော် ဓမ္မာစရိယဒီဃဘာဏက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂိသကလည်းကောင်း၊ အောက်တိုဘာ ၁၉ ရက် ညတွင် စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ ဆရာတော်က လည်းကောင်း ည ၇ နာရီမှစ၍ ညောင်ရွှေမြို့ ကန်ကြီးကျောင်းတိုက် အောင်မင်္ဂလာ ဓမ္မစကြာဓမ္မာရုံကြီး၌ တရားတော်များ ဟောကြားချီးမြှင့် တော်မူကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အကြောင်းကြားလွှာပါဘုရား

ရွှေကျင်နိကာယဝင် သံဃာတော်အရှင်မြတ်တို့ဘုရား–

တပည့်တော်များ၏ ကျေးဇူးရှင် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယာ ဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ တေရသမ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက ဆရာတော်ဘုရားကြီးသည် (၁၃၆၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်) ၁၃–၁၀–၂၀၀၃ ရက် ည ၉း၀၂ နာရီအချိန်တွင် တစ်ဘဝလွန်တော်မူခဲ့ရာ (၁၃၆၅ ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၁၀ ရက်) ၂၀–၁၀–၂၀၀၃ ရက် (တနင်္လာနေ့)တွင် ညောင်ရွှေမြို့ အန္တိမအဂ္ဂိစျာပနကွင်း၌ သာစုကိုဋ္ဌနအန္တိမအဂ္ဂိစျာပန ကျင်းပပူဇော်ကြမည် ဖြစ်ပါကြောင်း ရွှေကျင်နိကာယဝင် သံဃာတော်အားလုံးတို့အား အကြောင်းကြား ပါသည်ဘုရား။

ရွှေကျင်နိကာယဗဟိုဌာန
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီနာယက နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသမှုကြည့်ရှုစစ်ဆေး ပြည်တွင်းပြည်ပရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်

ရန်ကုန် အောက်တိုဘာ ၁၆

၂၀၀၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီနာယက သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ၂၀၀၃ ခုနှစ် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသလျက်ရှိသည့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက် ရတနာခန်းမသို့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိလာရာ ၂၀၀၃ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲဆပ်ကော်မတီများမှ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ကျောက်မျက်ရတနာခန်းမရှိဈေးပြိုင်ခန်းမကိုလည်းကောင်း၊ ခန်းမတတိယထပ်ရှိ ကျောက်မျက်နှင့် ပုလဲအတွဲများ ခင်းကျင်းပြသထားမှုကို လည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးပြီး ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲ များကို ကြည့်ရှု စစ်ဆေးနေကြသော ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် မြေညီထပ်ရှိ ပုဂ္ဂလိက လက်ဝတ်ရတနာအရောင်းဆိုင်များကို လည်းကောင်း၊ အပေါ်ဆုံးထပ်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၇–၁၀–၂၀၀၃ (သောကြာနေ့)
၁၃၆၅ခုနှစ်၊သီတင်းကျွတ်လပြည့်ကျော်(၇)ရက်
(အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈း၀၀	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈း၂၀	၈။	မင်းလုရေလှောင်တမံ
၈း၃၀	၉။	International News
၈း၄၅	၁၀။	English for Everyday Use

ညပိုင်း

၁၅း၂၀	၁။	၂၀၀၃ ခုနှစ်(၁၉)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေး ဦးစီး ချုပ်ဖလားအသက်(၂၁)နှစ်နှင့် အောက်တပ်မတော်(ကြည်း၊ ရေ၊လေ) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဗိုလ်လုပွဲ) (ရန်ကုန်တိုင်း စစ်ဌာနချုပ် အသင်းနှင့် အနောက်တောင်တိုင်း စစ်ဌာန ချုပ်အသင်း)
၁၇း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၇း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာ ရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၁၇း၄၅	၄။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၁၈း၀၀	၅။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၈း၁၅	၆။	Discovery
၁၈း၃၀	၇။	ညနေခင်းသတင်း
၁၉း၀၀	၈။	မိုးလေဝသအခြေအနေ
၁၉း၀၅	၉။	Milo Success In Soccer
၁၉း၁၀	၁၀။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၉း၂၀	၁၁။	နှောင်းခေတ်တေးပဒေသာ
၁၉း၃၅	၁၂။	ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဝမ်းစာဖူလုံရေး ဆောင်ရွက်ချက်များ (လားရှိုးခရိုင်)
၂၀း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	၂၀၀၃ ခုနှစ် ဇကာဒသမ အကြိမ် (၁၁ကြိမ်) မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ
	၁၇။	**"သံမဏိ နှလုံးသားမှ စီးဆင်းလာသော စမ်းရေများ"** ဝေဠုကျော်၊ မင်းဟိဏ်း၊ (ယမင်းကိုကို၊ နဝရတ်) (ဒါရိုက်တာ–မောင်မောင်မြင့်)

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် အောက်တိုဘာ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးငွေအောင်အား အစမ်းခန့်ကာလ တစ်နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

(သတင်းစဉ်)

တပ်မတော်အရိုးကုဆေးရုံကြီး(ခုတင်–၅၀၀)နှင့် ကြည့်မြင်တိုင် အရိုးရောဂါအထူးကုဆေးရုံကြီးသို့ အရေးပေါ်လူနာတင်ယာဉ်နှစ်စီး ပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၆

တပ်မတော်အရိုးကု ဆေးရုံကြီး (ခုတင်–၅၀၀)နှင့် ကြည့်မြင်တိုင် အရိုးရောဂါအထူးကုဆေးရုံကြီးသို့ ဘယ်လ်ဂျီယံ အခြေစိုက် Support Fund Myanmarက အရေးပေါ်လူနာတင် ယာဉ်နှစ်စီး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီတွင် တပ်မတော် အရိုးကုဆေးရုံကြီး (ခုတင် – ၅၀၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

အခမ်းအနားသို့ ကာကွယ်ရေး ဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြား ရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သန်းအောင်၊ တပ်မတော် အရိုးကု ဆေးရုံကြီး (ခုတင်–၅၀၀) တပ်မှူး ဒုတိယဗိုလ်မှူးကြီးထွန်းထွန်း၊ အထူး ကု ပါရဂူကြီးများနှင့် တပ်မတော် အရာရှိကြီးများ၊ ကြည့်မြင်တိုင်အရိုး ရောဂါအထူးကုဆေးရုံကြီး ဆေးရုံ အုပ်ကြီး ဒေါက်တာကျော်စံဝင်းနှင့် တာဝန်ရှိသူများ၊ ဘယ်လ်ဂျီယံအခြေ စိုက် Support Fund Myanmar ဥက္ကဋ္ဌ Mrs. Yve Callebaut နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ဘယ်လ်ဂျီယံအခြေစိုက် Support Fund Myanmar ဥက္ကဋ္ဌ Mrs. Yve Callebautက အရေးပေါ် လူနာတင်ယာဉ်ပေးအပ်လှူဒါန်းရခြင်း အကြောင်းရှင်းလင်းပြောကြားပြီး အရေးပေါ်လူနာတင်ယာဉ်နှင့်ပတ်သက် သည့် စာရွက်စာတမ်းများကို ပေးအပ် လှူဒါန်းရာ တပ်မတော်အရိုးကု ဆေး ရုံကြီး(ခုတင်–၅၀၀) တပ်မှူး ဒုတိယ ဗိုလ်မှူးကြီးထွန်းထွန်းနှင့် ကြည့်မြင်တိုင် အရိုးအထူးကုဆေးရုံကြီးဆေးရုံအုပ်ကြီး ဒေါက်တာကျော်စံဝင်းတို့ကလက်ခံရယူ ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေး ဝန်ကြီး ဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်မှူးကြီးသန်းအောင် က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



တက္ကသိုလ်တင်ခ၏ မြန်မာစာ မြန်မာမှုကို ပြုစုပျိုးထောင်ခေါင်းဆောင်ခဲ့သူများ စာအုပ်ထုတ်ဝေ

ရန်ကုန် အောက်တိုဘာ ၁၆

အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြင့်တင်မည် ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် သည် စာကောင်းပေမွန်များကို စာဖတ်သူတို့ လက်ဝယ်သို့ အရောက်ပေးပို့ တင်ဆက်လျက်ရှိရာ အမျိုးသားစာပေ ဆုရ စာရေးဆရာတက္ကသိုလ်တင်ခ၏ ဆောင်းပါး ၂၄ ပုဒ်ပါဝင်သော မြန်မာစာ မြန်မာမှုကိုပြုစုပျိုးထောင် ခေါင်း ဆောင်ခဲ့သူများစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာစဉ်(၁၄)အဖြစ် ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဦးမောင်ကြီး၊ ဦးပဂိုဇို၊ သခင်ဘသောင်း၊ မောင်သုတ၊ ဦးဖိုးကျား၊ ဆရာဇေယျ၊ ဦးရွှေဇံအောင်၊ ဦးဖေမောင်တင်၊ ဦးရွှေကြူ၊ ဦးမောင်မောင်တင် (၁)၊ ပုဂံဝန်ထောက်မင်း ဦးတင်၊ ဦးထွန်းဖေ၊ ရွှေပြည်ဦးဘတင်၊ ပါမောက္ခ ဦးမောင်မောင်ကြီး၊ ဒေါင်းဖတ်စာ ဆရာလင်း၊ ပါမောက္ခဦးဧမောင်၊ ဒီးဒုတ်ဦးဘချို၊ ပီမိုးနင်း၊ သတင်းစာ ဆရာဦးသိမ်းမောင်၊ ဆရာဇော်ဂျီ၊ မြန်မာစာ ပါမောက္ခ ဒေါ်သန်းဆွေ၊ ကထိက ဦးကျော်ရင်၊ မြန်စာဂုဏ် ကျော်မြင့်တို့၏ မြန်မာစာ မြန်မာမှုကို ပြုစုပျိုးထောင်ခေါင်းဆောင်ခဲ့ပုံများကို စိတ်ဝင်စား အားကျဖွယ်၊ ဂုဏ်ယူ မြတ်နိုးဖွယ်၊ လေးစားကြည်ညိုဖွယ် ဖတ်ရှုရမည်ဖြစ်သည်။ နိုင်ငံ့ဂုဏ်ရည် စာပေတိုက် ဖုန်း–၃၇၄၅၃၂၊ သတင်း နှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ် အရောင်းဆိုင်၊ စာပေဗိမာန် စာအုပ် ဆိုင်နှင့် ရန်ကုန်၊မန္တလေးစာအုပ်ဆိုင် ကြီးများတွင် တစ်အုပ်လျှင် ကျပ်၆၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရ သည်။

(သတင်းစဉ်)

ဖြူးဆရာတော်တရားပွဲ

ရန်ကုန် အောက်တိုဘာ ၁၆

ပြည်တွင်းပြည်ပသာသနာပြု နိုင်ငံကျော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိသည် ဘိုကလေးမြို့နယ် မြင်းကကုန်းမြို့ ဓမ္မဂုဏ်ရည် မဟာစည်သာသနာ့ ရိပ်သာ၌ ဒသမအကြိမ်မြောက် ဦးသန်းမင်း–ဒေါ်စန်းမြင့်ရီ မိသားစု တို့၏ ကထိန်ဒါနပွဲနှင့် သိက္ခာထပ် ဥပ္ပသမ္ပဒကံဆောင် မင်္ဂလာပွဲတွင် အောက်တိုဘာ ၂၀၊ ၂၁ ရက်များ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော် များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

(၁၆)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊
ဒုတိယအကြိမ် အာဆီယံ+တရုတ်ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊
ဒုတိယအကြိမ် အာဆီယံ+ဂျပန်ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊
အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများအလွတ်သဘောအစည်းအဝေး၊
(၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊
ဒုတိယအကြိမ် အာဆီယံ+တရုတ်ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊
ပထမအကြိမ် အာဆီယံ+ဂျပန်ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊
၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ(၂၀–၂၅)ရက်၊ရန်ကုန်မြို့

ကုလသမဂ္ဂအဖွဲ့ အစည်းကြီးအစွမ်းထက်ပြီး ထိရောက်မှုရှိရေး ဝိုင်းဝန်းဖြည့်ဆည်း ဆင်းရဲနွမ်းပါးမှု ရောဂါဘယဖြစ်ပွားမှုနှင့် ဥပဒေမဲ့လုပ်ဆောင်မှုတို့ကိုမဖြေရှင်းလျှင် အကြမ်းဖက်မှုရှိနေမည်

ကုလသမဂ္ဂ အောက်တိုဘာ ၃

(၅၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ တန်ဇန်းနီးယားနိုင်ငံခြားရေးဝန်ကြီး ဂျာကာယာအမ်ကစ်ဝက် ပြောကြားသော မိန့်ခွန်းကို ကောက်နုတ်ဖော်ပြပါသည်။

အကြမ်းဖက်လုပ်ရပ်မှန်သမျှ တန်ဇန်းနီးယားရှုတ်ချ အေအိုင်ဒီအက်စ်အန္တရာယ်ဆိုးကြီးကိုဝိုင်းဝန်းတိုက်ဖျက်

တန်ဇန်းနီးယားနိုင်ငံသည် အကြမ်းဖက်ဝါဒကို ပြစ်တင်ရှုတ်ချကြောင်း၊ အဓိကအရေးပါသော အကြမ်းဖက်ဆန့်ကျင်ရေး စာချုပ်ဟူသမျှကို အတည်ပြုထားပြီး ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။

တန်ဇန်းနီးယားနိုင်ငံခြားရေးဝန်ကြီး
ဂျာကာယာအမ်ကစ်ဝက်

ထောင်စုနှစ်ဖွံ့ဖြိုးရေး

တန်ဇန်းနီးယားနိုင်ငံခြားရေးဝန်ကြီးက ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့်ပတ်သက်၍ ဆက်လက်ပြောကြားရာတွင် ယင်းရည်မှန်းချက် အထမြောက်အောင် ဆောင်ရွက်ရာ၌ အပြည့်အဝဖြည့်ဆည်းနိုင်ခြင်း မရှိကြောင်း၊ အောင်မြင်မှုမရှိကြောင်း၊ အားရစရာမရှိကြောင်း၊ ယင်းရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လိုအပ်သည့် အရင်းအမြစ်များ ယခုအထိ မရရှိသေးကြောင်း၊ သမိုင်းဝင်ထောင်စုနှစ် ထိပ်သီးညီလာခံ သိက္ခာဆည်နိုင်ရေးအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများက နိုင်ငံရေးဆန္ဒထားရှိကြစေလိုကြောင်းဖြင့်လည်း ပြောကြားသွားသည်။

ဝိုင်းဝန်းတိုက်ဖျက်

ထို့အပြင် အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးကိစ္စသည် လူသားတစ်ရပ်လုံးကို အန္တရာယ်ပြုသည့် စိန်ခေါ်မှုကြီးအဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း၊ လွန်ခဲ့သည့်သီတင်းပတ်က ပြုလုပ်ခဲ့သည့် အဆင့်မြင့်စုံညီအစည်းအဝေးအပေါ် အလွန် ကျေနပ်နှစ်သိမ့်မှုရရှိကြောင်း၊ အဆိုပါ အေအိုင်ဒီအက်စ် အန္တရာယ်ဆိုးကြီးကို ဝိုင်းဝန်းတိုက်ဖျက်ချေမှုန်းကြရန် လိုအပ်ကြောင်းလည်း အလေးအနက်ထား ပြောကြားသွားသည်။

> **အကြမ်းဖက်ဝါဒကို ပြစ်တင်ရှုတ်ချ**
>
> **တန်ဇန်းနီးယားနိုင်ငံသည် အကြမ်းဖက်ဝါဒကို ပြစ်တင်ရှုတ်ချကြောင်း၊ အဓိက အရေးပါသော အကြမ်းဖက်ဆန့်ကျင်ရေး စာချုပ်ဟူသမျှကို အတည်ပြုထားပြီး ဖြစ်သည်။**

ပြောင်းလဲဖွဲ့စည်းရန်

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြန်လည်ပြုပြင်ပြောင်းလဲဖွဲ့စည်းရေးနှင့် ပတ်သက်၍ ပြောကြားရာ၌လည်း ကုလသမဂ္ဂကြီးအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုကိုယ်စားပြုနိုင်ပြီး ဒီမိုကရေစီနည်းပိုကျကာ ပိုမိုရိုးသားပွင့်လင်းရုံမက မျှတမှုရှိအောင်၊ ပိုမိုချင့်ချိန်တတ်သည့် အဖွဲ့အစည်းကြီးဖြစ်အောင် ဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ပြုပြင်ပြောင်းလဲဖွဲ့စည်းသွားရန်လိုသည်ဟု တန်ဇန်းနီးယားနိုင်ငံက ယူဆထားပါကြောင်းဖြင့်လည်း ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကုလကို ထွေရာလေးပါးစကားဝိုင်းနေရာအဖြစ်ဆက်မသုံးသင့် အကြမ်းဖက်ဝါဒ၏အကြောင်းရင်းဇာစ်မြစ် ဖော်ထုတ်ဖြေရှင်း

စိန့်ဗင်းဆင့်နှင့်ဂရင်နေဒါနိုင်ငံခြားရေးဝန်ကြီး
လူးဝစ်စထရိတ်ကာ

ဤအထွေထွေညီလာခံသည် ကုလသမဂ္ဂအဖွဲ့အစည်းကြီး၏ တစ်ခုတည်းသော စစ်မှန်သည့် ဒီမိုကရေစီနည်းကျ လက်ရုံးတစ်ဆူဖြစ်သည့်အားလျော်စွာ ကုလသမဂ္ဂ၏ ဗဟိုအချက်အချာကျသော အဓိကအခန်းကဏ္ဍနေရာကို ပြန်လည်ရယူရန်လိုအပ်သည်။

အကြံပြု

ကုလသမဂ္ဂအဖွဲ့အစည်းကြီး၏ လုပ်ငန်းဆောင်တာများ အစွမ်းထက်မြက်ပြီး ထိရောက်မှုရှိရေးအတွက် နိုင်ငံအများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ကုလသမဂ္ဂ အထွေထွေညီလာခံအနေဖြင့် အခက်အခဲရှိမည်ဖြစ်ကြောင်း၊ အထွေထွေညီလာခံအနေဖြင့် ပြက္ခဒိန်နှစ်အတွင်း လုပ်ငန်းများကို မျှတစွာ ခွဲဝေဖြန့်ကြက်ထားနိုင်ရေးအတွက် ကုလသမဂ္ဂ၏ လုပ်ငန်းတာဝန်များကို ပြန်လည်ပြုပြင်ပေးရန် အကြံပြုကြောင်းဖြင့်လည်း ပြောကြားသွားသည်။

မတားဆီးနိုင်

ကမ္ဘာကြီးအနေဖြင့် ဆင်းရဲနွမ်းပါးမှု၊ ရောဂါဘယဖြစ်ပွားမှုနှင့် ဥပဒေမဲ့လုပ်ဆောင်မှုတို့ကို မဖြေရှင်းနိုင်သမျှကာလပတ်လုံး ကမ္ဘာပေါ်တွင် အကြမ်းဖက်သမားများ ပျံ့နှံ့ဖြစ်ပွားမှုကို မည်သည့် လက်နက်နှင့်မဆို တားဆီးနိုင်မည် မဟုတ်ပေ။

ပူးပေါင်းဆောင်ရွက်ရမည်

ကမ္ဘာကြီးအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းကြီးကို ထွေရာလေးပါး ပြောဆိုရာ စကားဝိုင်းနေရာအဖြစ် အသုံးပြုနေခြင်းမှ ကျော်လွှားသွားနိုင်အောင် လုပ်ဆောင်ဖို့လိုအပ်နေပြီဖြစ်သည်။ အကြမ်းဖက်ဝါဒ၏ အကြောင်းရင်းဇာစ်မြစ်ကို ဖြေရှင်းနိုင်သည့် တာဝန်ရှိနိုင်ငံများအဖြစ် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဖြင့်လည်း ပြောကြားသည်။

(အင်တာနက်)

ကုလသမဂ္ဂယန္တရား ပြုပြင်ပြောင်းလဲရေး ဆက်ကြိုးပမ်း အီရတ်တို့အချုပ်အခြာအာဏာပြန်ရရေး အမြန်ဆောင်ရွက်

လူဇင်ဘတ် နိုင်ငံခြားရေးဝန်ကြီး

ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်အနေအထားနှင့်ပတ်သက်၍ ကုလသမဂ္ဂယန္တရား ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုကို ဆက်လက်ဆောင်ရွက် သွားကြရန် လိုကြောင်း၊ အထူးသဖြင့် ဘတ်ဂျက်နှင့်ငွေကြေး စနစ်ကို ပြုပြင်ပြောင်းလဲဖို့လိုကြောင်း၊ ထို့အပြင် ကုလသမဂ္ဂ အထွေထွေညီလာခံကိုလည်းကောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုလည်းကောင်း၊ ကုလသမဂ္ဂစီးပွားရေးနှင့် စီးပွားရေးကောင်စီကိုလည်းကောင်း ပြန်လည်၍ အားသစ်လောင်းပေးရမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

လွှဲပြောင်းပေး

နိုင်ငံ အားလုံးစုပေါင်းပြီး **အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရန်နှင့် အီရတ်ပြည်သူတို့၏ အခွင့်အရေး ပြန်လည်ရရှိရန် ဆောင်ရွက်ရေး**သည်သာ **တကယ်လိုအပ်ချက်ဖြစ်ကြောင်း၊ ယင်းဆောင်ရွက်ချက် အောင်မြင်ရေးအတွက် သင့်လျော်လျောက်ပတ်သည့် နည်းလမ်းများဖြင့် ရှင်းလင်းတိကျသော အမိန့်အာဏာကို ချမှတ်လုပ်ဆောင်သွားရန် လိုကြောင်း၊ အီရတ်ပြည်သူများအား အာဏာပြန်လည်လွှဲပြောင်းရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိစေရေးကို အမြန်ဆုံး ဆောင်ရွက်သင့်ကြောင်း**ဖြင့်လည်း ပြောကြားသွားသည်။

(အင်တာနက်)

ကုလသမဂ္ဂအထွေထွေညီလာခံ၌ အီရတ်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာမှ ဝေဖန်ပြောဆိုချက်များ

မျက်မှောက်ကာလပြဿနာများစွာကို ကမ္ဘာ့ခေါင်းဆောင်များမဖြေရှင်းနိုင် ကုလသမဂ္ဂ၏အရေးပါသောအခန်းကဏ္ဍ ရှင်းရှင်းလင်းလင်းပြသ

ကုလသမဂ္ဂဆိုင်ရာ ဆွာဇီလန်အမြဲတမ်းကိုယ်စားလှယ်နှင့် သံအမတ်ကြီး ကလစ်ဖို့ဒ်အက်စ်မမ်ဘာ

ကမ္ဘာ့ခေါင်းဆောင်များသည် မျက်မှောက်ကာလ ပြဿနာပေါင်း သောင်းခြောက်ထောင်အပေါ် တညီတညွတ်တည်း စုပေါင်းပြီး တိကျပြတ်သားသည့် ရပ်တည်ချက်ရရှိအောင် မဆောင်ကြဉ်းနိုင်ကြကြောင်း၊ အတွင်းပိုင်းရင်ဆိုင်ပဋိပက္ခများ တစ်နေ့တခြား တိုးပွားဖြစ်ပေါ်နေစဉ် ကမ္ဘာ့ခေါင်းဆောင်များသည် ပြတ်ပြတ်သားသား ထိထိရောက်ရောက်မဖြေရှင်း မဆောင်ရွက်နိုင်ကြကြောင်း၊ ကုလသမဂ္ဂ အဖွဲ့အစည်းကြီး ရှင်သန်နေဆဲဖြစ်သည် ဆိုသည်ကို ရှင်းရှင်းလင်းလင်း အသိပေးပြသရမည် ဖြစ်ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် စစ်အေးကာလတွင် အရေးပါအရာရောက်သည့် အဓိကအခန်းကဏ္ဍ၌ လုပ်ငန်းတာဝန်များ ထမ်းရွက်နေသည်ဆိုသည်ကိုလည်း ပြသရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းကြီးသည် အရေးကြီးသည့် လူမှုနိုင်ငံရေးနှင့် စီးပွားရေးပြဿနာများတွင် တိုင်ပင်နှီးနှောရန် ပူးပေါင်းညှိနှိုင်းရန်နှင့် စုပေါင်းဆုံးဖြတ်ရန်တို့အတွက် အဓိကအရေးပါသည့် ဖိုရမ်ကြီးဖြစ်သည်ဆိုသည်ကို အားလုံး သိထားရမည်ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားသည်။

ကုလသမဂ္ဂသည် ပဋိပက္ခများကို စနစ်တကျနှင့် ဆောလျင်စွာတုံ့ပြန်ဖြေရှင်းပေးနိုင်မည့် မဟာဗျူဟာကိုဖော်ထုတ်ရမည့်တာဝန်ရှိရုံသာမက ပဋိပက္ခ၏အကြောင်းရင်းဇာစ်မြစ်ကိုရှာဖွေဖော်ထုတ်ပြီး လျင်မြန်ပြီး ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်ရမည့် တာဝန်လည်းရှိကြောင်း ဆက်လက်ပြောကြားသည်။

(အင်တာနက်)

အီရတ်နိုင်ငံတည်ငြိမ်ရေး အမေရိကန်တို့မဆောင်ရွက်နိုင်

အမေရိကန်တို့၏လုပ်ရပ် အီရတ်ပြည်သူများ ဒေါသအလွန်ထွက် ကမ္ဘာတစ်ဝန်းမှ ပြည်သူများက အမေရိကန်ကျူးကျော်မှုကိုဆန့်ကျင်

အောက်တိုဘာ ၁၄ရက်က ဂျော်ဒန်နိုင်ငံ အမ္မန်မြို့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာရုံး အပြင်ဘက်၌ အီရတ် အစ္စလာမ် ဘာသာဝင်များက အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်၍ ဆန္ဒပြနေကြစဉ်။

ဆန္ဒပြသူများက အီရတ်နိုင်ငံတစ်ဝန်း စစ်ပွဲကြောင့် ပျက်စီးနေပြီး ဥပဒေမဲ့နေမှုများကြောင့် အီရတ်သို့ မပြန်နိုင်ဖြစ်ရကြောင်း ပြောဆိုကြသည်။

(ဓာတ်ပုံ– အင်တာနက်)

အောက်တိုဘာ ၁၄ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အမေရိကန်သံရုံးရှေ့၌ အီရတ်သို့ တောင်ကိုရီးယားတိုက်ခိုက်ရေးတပ်များ စေလွှတ်မည့်ကိစ္စကို ကိုရီးယားပြည်သူများက ဆန့်ကျင်ကန့်ကွက်နေကြစဉ်။

(ဓာတ်ပုံ– အင်တာနက်)

အောက်တိုဘာ ၁၄ရက်က ဘဂ္ဂဒက်မြို့လယ်၌ အီရတ်ရဲတပ်ဖွဲ့ဝင် အရာရှိများက အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြလျက်ရှိသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ– အင်တာနက်)

အောက်တိုဘာ ၁၄ရက်က ကူဝိတ်ကမ်းခြေစောင့်တပ်က ပင်လယ်ကွေ့၌ အီရတ်ငါးဖမ်းစက်လှေ အစင်း ၅၀ကို ပိတ်ပင်ထားမှုနှင့်ပတ်သက်ပြီး အီရတ်တောင်ပိုင်း ဘာဆာရာမြို့ ဗြိတိသျှ စစ်အခြေစိုက်စခန်းရှေ့၌ အီရတ်ရေလုပ်သားများက ကန့်ကွက်ဆန္ဒပြနေကြသည်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ– အင်တာနက်)

အောက်တိုဘာ ၁၄ရက်က အီရတ်နိုင်ငံကို စစ်ရေးအရ ကျူးကျော်သိမ်းပိုက်ထားမှုအပေါ် တစ်ကိုယ်တော် ဆန့်ကျင်ဆန္ဒပြခဲ့သည့် ဘရစ်အူဘန့်အား လန်ဒန်မြို့လယ် ဒေါင်းနင်းလမ်း၌ ရဲတပ်ဖွဲ့က ဖယ်ရှားနေစဉ်။ (အူဘန့်သည် ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း လက်ဝှေ့ချန်ပီယံဟောင်းတစ်ဦး ဖြစ်သည်။)

(ဓာတ်ပုံ– အင်တာနက်)



အမေရိကန်ဆန့်ကျင်ရေး ဘာသာရေးခေါင်းဆောင် မော်တာဒါအယ်ဆာဒါ၏ သစ္စာခံတပ်ဖွဲ့ဝင်များ ဘဂ္ဂဒက်မြို့အနီး ဆာဒါစီးတီးသို့ ချီတက်လာစဉ်။ အီရတ်နိုင်ငံ တောင်ပိုင်းကာဘာလာ၌ ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး ၂၄ဦး ဒဏ်ရာရရှိခဲ့သည်။

(ဓာတ်ပုံ– အင်တာနက်)

တရုတ်နိုင်ငံက လူလိုက်ပါသောအာကာသယာဉ် ပထမဆုံးလွှတ်တင်

ကျိုကွမ်း (ကင်ဆု) အောက်တိုဘာ ၁၅

စီစဉ်ထားသည့် အာကာသခရီးစဉ်စတင်ခွင့်ပြုပါရန် တောက်ပသည့်အာကာသဝတ်စုံ ဝတ်ဆင်ထားသော ဒုတိယဗိုလ်မှူးကြီးယန်လီဝေက အာကာသယာဉ်မတက်မီ သုံးနာရီခွဲအလိုတွင် လူစီးအာကာသယာဉ် လွှတ်တင်ရေးအစီအစဉ်မှူး လီကျီနိုင်ထံ ခွင့်ပန်သည်။

မိမိသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပထမဆုံး အာကာသခရီး အစီအစဉ်အပေါ် အပြည့်အဝ ယုံကြည်စိတ်ချပါကြောင်း ယန်လီဝေက ဆင်ဟွာသတင်းဌာနနှင့် သီးခြားပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။ ယန်လီဝေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအရှေ့မြောက်ပိုင်း လီယွန်နင်းပြည်နယ် ဆွီချောင်စီရင်စုရှိ ကျောင်းဆရာမိသားစုတစ်စုမှ မွေးဖွားလာသူဖြစ်ပြီး အသက်(၃၈)နှစ်ရှိပြီဖြစ်သည်။ သူ့တွင် ရှစ်နှစ်အရွယ် သားငယ်လေးတစ်ယောက်ရှိသည်။ သူ၏ အရပ်အမောင်းမှာ ၁ ဒသမ ၆၈ မီတာရှိသည်။

ဒုတိယဗိုလ်မှူးကြီး ယန်လီဝေသည် တိုက်လေယာဉ်မှူး တာဝန်ကိုထမ်းဆောင်ခဲ့စဉ် လေယာဉ်ပျံသန်းချိန် အတွေ့အကြုံ နာရီ ၁၃၅၀ ထက်မနည်းရှိခဲ့သည်။ သူ၏လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများက သူ့ကိုအလုပ်အကိုင်အပေါ် အံ့သြလောက်အောင် မြှုပ်နှံထားသူဟု ပြောဆိုသတ်မှတ်ကြသည်။ ယန်လီဝေ၏ အရန်အဖြစ် ဆိုင်ဆီဂန်းနှင့် နိုင်းဟိုင်ရှန်းတို့က ကျောထောက်နောက်ခံပြုထားသည်။ ထိုသူနှစ်ဦးသည် ယန်လီဝေကဲ့သို့ပင် လေတပ်တိုက်လေယာဉ်မှူးများထဲမှ ရွေးထားသူများဖြစ်သည်။

ယန်လီဝေသည် "ရှင်ကျိူ-၅" အာကာသယာဉ်၏ ယာဉ်မှူးအခန်း အတွင်းသို့ ၆ နာရီ ၁၅ မိနစ်အချိန်တွင် ဝင်သွားပြီး အာကာသသို့ တက်ရောက်ရန် အပြီးသတ်ပြင်ဆင်မှုများပြုလုပ်ပြီး အာကာသသို့တက်သွားသည်။ ရှင်ကျိူ-၅သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လူလိုက်ပါသော ပထမဆုံး အာကာသယာဉ်ဖြစ်သည်။ ယင်းအာကာသယာဉ်တွင် တွန်းကန်အားပေးယန္တရား၊ အာကာသယာဉ်မှူးအခန်းနှင့် ကမ္ဘာပတ်ယာဉ်ငယ်များ ပါရှိသည်။ ယင်းအာကာသယာဉ်သည် အရှည် ၈ ဒသမ ၈၆ မီတာရှိပြီး အလေးချိန်ကီလို ၇၇၉၀ ရှိသည်။ ကမ္ဘာကို ၁၄ ကြိမ်ပတ်ရန် စီစဉ်ထားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

တရုတ်နိုင်ငံ ဂိုဘီသဲကန္တာရရှိ ဂျူကွမ်အာကာသစခန်းမှ ဗုဒ္ဓဟူးနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီတွင် တရုတ်နိုင်ငံ၏ လူလိုက်ပါသည့် အာကာသယာဉ်ကို လွှတ်တင်လိုက်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၏ ပထမဆုံးလူလိုက်ပါသည့် အာကာသယာဉ် အောင်မြင်စွာဆင်းသက် အာကာသယာဉ်မှူးအား တရုတ်ဝန်ကြီးချုပ် အပါအဝင် ခေါင်းဆောင်များ ချီးကျူး

ဘေဂျင်း အောက်တိုဘာ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ပထမဆုံးအကြိမ် လူလိုက်ပါသည့် အာကာသယာဉ်ကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အာကာသယာဉ်မှူးယန်လီဝေသည် ဘေးမသီရန်မခဘဲ အန္တရာယ်ကင်းစွာဖြင့် ကြာသပတေးနေ့နံနက်ပိုင်းက ပြန်လည်ဆင်းသက်လာကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကြေညာသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဝမ်ကြားပေါင်က တရုတ်ဗဟိုခေါင်းဆောင်များကိုယ်စား အဆိုပါ အောင်မြင်မှုကို ချီးကျူးထောမနာပြုသည့် သဝဏ်လွှာပေးပို့ခဲ့သည်။

ယင်းအောင်မြင်မှုနှင့် ပတ်သက်၍ ချီးကျူးထောမနာ ပြုကြောင်း ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ ကျန်ဇီမင်းကလည်း တယ်လီဖုန်းဆက် ပြောကြားကြောင်း သိရသည်။

အာကာသအတွင်း ပျံသန်းခဲ့သည့် ရှင်ကျိူ-၅ အာကာသယာဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းပိုင်း မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကြိုတင်သတ်မှတ်ထားသော မူလနေရာတွင် ဘေဂျင်းစံတော်ချိန် ၆ နာရီ ၂၃ မိနစ်အချိန်၌ ဆင်းသက်ခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူး ယန်လီဝေသည် အာကာသယာဉ်အတွင်းမှ ကိုယ့်ဘာသာကိုယ် လမ်းလျှောက်ထွက်လာခဲ့ကြောင်း၊ အာကာသတွင် ၂၁ နာရီကြာ လည်ပတ်ခဲ့ပြီးနောက်တွင် အာကာသယာဉ်မှူး ယန်လီဝေ ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

အသက်(၃၈)နှစ်အရွယ် ဒုတိယဗိုလ်မှူးကြီး ယန်လီဝေ လိုက်ပါသည့် အာကာသယာဉ်သည် ဗုဒ္ဓဟူးနေ့နံနက် ၉နာရီတွင် အာကာသသို့ တက်သွားခဲ့သည်။ ယန်လီဝေသည် ကမ္ဘာမြေပြင်မှ ကီလိုမီတာ ၆၀၀၀၀၀ ကျော်ဝေးသည့် အာကာသထဲတွင် ၂၁ နာရီကြာ နေထိုင်ခဲ့သည်။ သူသည်ပြင်ပအာကာသခရီးသွားခဲ့သော လူသားများတွင် ၂၄၁ ယောက်မြောက် လူသားဖြစ်လာသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်၏ ဆုံးဖြတ်ချက်မူကြမ်းအသစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်အင်အားကြီးနိုင်ငံများဝေဖန်

ကုလသမဂ္ဂ အောက်တိုဘာ ၁၅

အီရတ်ဆိုင်ရာ အမေရိကန်တို့၏ ဆုံးဖြတ်ချက်မူကြမ်းအသစ်သည် အပြောင်းအလဲဟူ၍ ထူးထူးထွေထွေမပါရှိသလောက်ဖြစ်နေသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အင်္ဂါနေ့ကဝေဖန်ပြောကြားလိုက်သည်။

အလားတူ အီရတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့် အမြန်ရရှိရေးအတွက် ပြင်သစ်၊ ရုရှားနှင့် ဂျာမနီတို့က ပြင်ဆင်ချက်များ တင်သွင်းခဲ့ကြသည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို ယခုသီတင်းပတ်အတွင်း မဲခွဲဆုံးဖြတ်ရန် အသင့်ရှိနေမည်ဟု အမေရိကန်ပြည်ထောင်စုက လုံခြုံရေးကောင်စီဝင် သံအမတ်ကြီးများအား ပြောကြားနေချိန်တွင် ကိုဖီအာနန်က ယင်းကဲ့သို့ ဝေဖန်ပြောဆိုခြင်းလည်း ဖြစ်သည်။ အမေရိကန်တို့၏ ဆုံးဖြတ်ချက်မူကြမ်းသည် အီရတ်နိုင်ငံ၌ နိုင်ငံစုံတပ်ဖွဲ့ထားရှိရေးနှင့် အီရတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရန် အချိန်ဇယားတစ်ရပ်ကို အဖွဲ့ဝင် ၂၅ ဦးပါ အီရတ်အုပ်ချုပ်ရေးကောင်စီက ဒီဇင်ဘာ ၁၅ရက်အမီ ရေးဆွဲရေးတို့ကို ထည့်သွင်းဖော်ပြထားသည်။ ရိုက်တာသတင်းဌာနက ရရှိထားသော ပြင်ဆင်ချက်ခြောက်ရပ်အရ ပြင်သစ်၊ ဂျာမနီနှင့် ရုရှားတို့က အီရတ်အုပ်ချုပ်ရေးကောင်စီအနေဖြင့် ကုလသမဂ္ဂနှင့် အမေရိကန်ဦးဆောင် သည့် သိမ်းပိုက်ရေးတပ်ဖွဲ့များနှင့်အတူ အီရတ်ပြည်သူများမည်သည့် အချိန်တွင် အာဏာလွှဲပြောင်းရရှိမည်ဆိုသည်ကို အတိအကျသတ်မှတ် ပေးရန် လိုလားနေကြသည်ကို ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်၌ ကုလ အရေးပါသည့်အခန်းကဏ္ဍမှပါဝင်ရေး အစ္စလာမ်ညီလာခံအဖွဲ့ အစည်းအဝေး၌ဆွေးနွေး

ပူထရာဂျာယာ(မလေးရှား)
အောက်တိုဘာ ၁၅

မလေးရှားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် အစ္စလာမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသည် အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ၏ အရေးပါသော အခန်းကဏ္ဍရရှိရေးအတွက် ပိုမိုခိုင်မာအားကောင်းသည့် မေတ္တာရပ်ခံချက်တစ်ရပ်ပြုလုပ်နိုင်ရန် အီရတ်နိုင်ငံဆိုင်ရာ အစ္စလာမ်ထိပ်သီးအစည်းအဝေးဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှုများ ပြုလုပ်နိုင်အောင် နည်းလမ်းရှာဖွေဆွေးနွေးကြကြောင်း သတင်းရရှိသည်။

စစ်ဘေးစစ်ဒဏ်ခံနေရသည့် အီရတ်နိုင်ငံတွင် အမေရိကန်ပြည်ထောင်စု၏ အနာဂတ်မျှော်မှန်းချက်များကို ကုလသမဂ္ဂ ထောက်ခံအားပေးမှုရရှိရေးအတွက် စည်းရုံးဆောင်ရွက်ရန် အမေရိကန်ပြည်ထောင်စုက ကြိုးပမ်းနေစဉ် အီရတ်ကို သိမ်းပိုက်ထားသည့် အမေရိကန်ဦးဆောင်တပ်များအား တစ်နှစ်အချိန်သတ်မှတ်ရန် အချို့သောဝန်ကြီးများကလည်း ကြိုးပမ်းလျက်ရှိသည်။

ကုလသမဂ္ဂသည် အီရတ်နိုင်ငံတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ဆောင်ရွက်သင့်သည်ဟု ဆုံးဖြတ်ရန် တချို့က လိုလားနေကြောင်း ဆီးရီးယား အဆင့်မြင့်သံတမန်ကြီး ဘာရှာဂျာဖာရီက သတင်းထောက်များအား ပြောကြားသည်။

နှစ်ရက်ကြာပြုလုပ်မည့် အစ္စလာမ်ညီလာခံအဖွဲ့(အိုင်စီအို)ထိပ်သီးအစည်းအဝေး မကျင်းပမီ ယင်းကဲ့သို့ပြောကြားခြင်းဖြစ်သည်။ အိုင်စီအို ထိပ်သီးအစည်းအဝေးကို ကြာသပတေးနေ့တွင် စတင်ကျင်းပရန် စီစဉ်ထားသည်။

အိမ်ရှင်မလေးရှား အရာရှိများကမူ အမေရိကန်ပြည်ထောင်စုအနေဖြင့် ဒီဇင်ဘာလလယ်၌ အီရတ်ယာယီ အုပ်ချုပ်ရေးကောင်စီအား အခွင့်အာဏာပိုလွှဲပေးမည့် လက္ခဏာရှိနေသည်ကိုကြိုဆိုရင်း ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်သင့်သည်ဆိုသည့် အယူအဆကို တစ်ပြားသားမှမလျှော့ဘဲ တင်းခံနေသည်။

အရေးအကြီးဆုံးအချက်မှာ အခြေအနေကို အဆုံးမသတ်ဘဲ ဖွင့်ထားသည့် အခြေအနေထက် အပြီးသတ်နေ့ရက်ကို သတ်မှတ်ထားခြင်းက ပိုကောင်းသည်ဟု မိမိယူဆကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆယက်ဟာမက်အယ်ဆာက သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ဆိုင်ရာအမေရိကန်၏ ဆုံးဖြတ်ချက်မူကြမ်းသစ် ရုရှားနိုင်ငံကဆန့်ကျင်ကြောင်း အတည်ပြုပြောကြား

မော်စကို အောက်တိုဘာ ၁၄

ကုလသမဂ္ဂတွင်တင်သွင်းသည့် အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်ပြည် ထောင်စု၏ နောက်ဆုံး ဆုံးဖြတ်ချက်မူကြမ်းကို ရုရှားနိုင်ငံက ဆန့်ကျင်ကန့်ကွက်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် အလက်ဇန္ဒားယာကိုဗင်ကိုက တနင်္လာနေ့တွင် ထပ်လောင်းပြောကြားသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံအပါအဝင် အခြားနိုင်ငံများက အကြံပြုတင်ပြထားသည့် ပြင်ဆင်မှုများ မပြုလုပ်နိုင်မချင်း အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းအပေါ် အားလုံးတညီတညွတ်တည်း သဘောတူညီမှု မရရှိနိုင်ကြောင်းဖြင့်လည်း အဆိုပါ ပြောခွင့်ရ ပုဂ္ဂိုလ်ကပြောသည်။ အကယ်၍ ရုရှား၏အဆိုပြုချက်များကို မစဉ်းစားဘူးဆိုပါက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီချက်ရဖို့ စဉ်းစားရန်ခက်ခဲကြောင်းဖြင့်လည်း ယာကိုဗင်ကိုက အလေးအနက်ထားပြောကြားသည်ဟု အီတာတာ့စ်သတင်းဌာနက ဖော်ပြသည်။

အီရတ်နိုင်ငံဆိုင်ရာ တတိယမြောက်ဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်ပြည်ထောင်စုက ဖြန့်ဝေထားသည်။ အဆိုပါ တတိယမြောက်ဆုံးဖြတ်ချက်မူကြမ်းအရ အီရတ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် မူကြမ်းရေးဆွဲရန်နှင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲ ကျင်းပရန် အချိန်ဇယားနှင့်အစီအစဉ်တစ်ရပ်ကို ဒီဇင်ဘာ ၁၅ရက်ထက် မကျော်လွန်စေဘဲ အမေရိကန်တို့ ခန့်အပ်ထားသည့် အီရတ်အုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်သွားရမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ဆိုင်ရာ ဘုရှ်၏ ကိုင်တွယ်ဆောင်ရွက်မှုအပေါ် အမေရိကန်ပြည်သူအများစု ယုံကြည်ထောက်ခံမှုမရှိကြ

ဝါရှင်တန် အောက်တိုဘာ ၁၄

အီရတ်နိုင်ငံ အရေးကိစ္စအား သမ္မတဘုရှ် ကိုင်တွယ်ဖြေရှင်းမှုနှင့် သမ္မတ၏မူဝါဒများကို အမေရိကန်ပြည်သူအများစုက ယုံကြည်ထောက်ခံမှု မရှိကြကြောင်း လတ်တလောစစ်တမ်းအရ သိရသည်။

သမ္မတဘုရှ်၏ အီရတ်မူဝါဒအား ထောက်ခံလာကြစေရန် အိမ်ဖြူတော်က စည်းရုံးနေသော်လည်း အမေရိကန်ပြည်သူများအတွင်း ဝေဖန်မှုများတိုးပွားလာနေပြီး သမ္မတ၏မူဝါဒများအပေါ် သံသယပွားစရာများသာ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရသည်။ ပြီးခဲ့သောသီတင်းပတ်၌ ဂေါလ်အပ်အဖွဲ့က စစ်တမ်းကောက် ယူခဲ့ရာတွင် အမေရိကန်ပြည်သူလူထုအနေဖြင့် အီရတ်နိုင်ငံအတွင်း အခြေအနေများကောင်းမွန်သည်ဟု ယူဆသူရာခိုင်နှုန်းသည် လအလိုက်ကျဆင်းသွားပြီး သမ္မတဘုရှ် အနေနှင့် အီရတ်အရေးအား ကိုင်တွယ်ဖြေရှင်းမှုအပေါ် ၄၂ ရာခိုင်နှုန်းကသာလက်ခံကြောင်း ဖော်ပြခဲ့သည်။ အရေးပါသော ဒီမိုကရက်တစ် ပါတီဝင်တစ်ဦးဖြစ်သည့် ဂျိုးဇက်ဘီဒင်က လုံခြုံရေးအခြေအနေတည်ငြိမ်ကောင်းမွန်မှု တိုးတက်ကောင်းမွန်မှုရှိသည်ဟု ဖော်ပြသင့်ကြောင်း ပြောကြားခဲ့ပြီး သမ္မတဘုရှ်အပေါ် အလွန်ထောက်ခံ သစ္စာရှိသည့် ရီပတ်ဘလီကန်ပါတီဝင် အမတ်တစ်ဦးဖြစ်ပြီး အရေးပါသော နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ ရစ်ချတ်လူဂါကလည်း သမ္မတ၊ ဒုတိယသမ္မတနှင့် သမ္မတ၏လုံခြုံရေး အကြံပေးအရာရှိတို့၏ မိန့်ခွန်းများကို လေ့လာရာတွင် တစ်ခုနှင့်တစ်ခု အမြင်ကွဲပြားနေပြီး စုစည်းမှုမရှိကြောင်း၊ သမ္မတအနေနှင့် အီရတ်မူဝါဒကို ကိုယ်ပိုင်ကွဲပြားစွာ စီမံခန့်ခွဲသင့်ကြောင်း ဝေဖန်ခဲ့သည်။ (စီအင်န်အင်န်)

ကထိန်သင်္ကန်း ဝယ်ယူလှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၆

ရုံး၊ ကျောင်း၊ ရပ်ကွက်၊ အသင်းအဖွဲ့များ၊ ဓမ္မာရုံနှင့်ပုဂ္ဂိုလ်တစ်ဦးချင်း အလှူရှင်များ၏ ကထိန်အလှူတော်အတွက် ကျားသင်္ကန်းတိုက် ဦးကျင်စွမ်း - ဒေါ်ကျင်ရွှေတို့၏ သားကြီး ဦးမျိုးမြင့်-ဒေါက်တာ ညွန့်ညွန့်ရီတို့၏ ဟိုင်းမင်းသင်္ကန်းတိုက်မှ ဝိနည်းတော်နှင့်အညီ ချုပ်ထားသော ကထိန်သင်္ကန်း အမျိုးမျိုးနှင့် လှူဖွယ်ပစ္စည်းမျိုးစုံကို ဝယ်ယူလှူဒါန်းနိုင်ရန် စီစဉ်ထားရာ တိုက်အမှတ် ၁၄၊ အနော်ရထာလမ်း၊ အနော်ရထာအိမ်ရာ၊ ဗိုလ်တထောင်စျေးလမ်းနှင့် ၅၆ လမ်းထိပ်၊ ပုဇွန်တောင်၊ ရန်ကုန်မြို့၊ ဖုန်း-၇၂၁၅၂၂သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ပြည်သူတို့ တစ်ခဲနက်ထောက်ခံသော ရှေ့လုပ်ငန်းစဉ် (၇)ရပ်

အာဆီယံနှင့် နိုင်ငံတကာကလည်း ထောက်ခံ

အရှေ့တောင်အာရှဒေသ နိုင်ငံ၁၀ခု စုစည်းထားသော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)န၀မအကြိမ်ထိပ်သီးအစည်းအဝေးကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၆ရက်၊ ၇ ရက်၊ ၈ရက်နေ့များက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီဖြစ်သည်။ ယင်းထိပ်သီးအစည်းအဝေးနှင့်တစ်ပါတည်း အာဆီယံ+၃(တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ)တို့နှင့်ပါ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ ၁၉၇၆ ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ အာဆီယံ ထိပ်သီးအစည်းအဝေး ကိုးကြိမ်၊ ၁၉၉၇ ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ အာဆီယံ+၃ အစည်းအဝေး ခုနစ်ကြိမ်ကျင်းပခဲ့သည်။

အာဆီယံ ထိပ်သီးအစည်းအဝေးသည် လည်းကောင်း၊ အာဆီယံ+၃ အစည်းအဝေးသည်လည်းကောင်း ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားရေးကို ရည်ရွယ်ဆွေးနွေးသည့် အစည်းအဝေးများဖြစ်သည်။ ယခုနှစ် အာဆီယံထိပ်သီး အစည်းအဝေးနှင့် အာဆီယံ+၃ အစည်းအဝေးများသည် ပုံမှန် လုပ်ရိုးလုပ်စဉ် အစည်းအဝေးများ ဖြစ်သည်။ ဤအစည်းအဝေးမတိုင်မီ ရက်သတ္တ ပေါင်းများစွာကပင် အနောက်အုပ်စုမီဒီယာများ(စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်)တို့မှ ဘေးတီးမှု၊ လှုံ့ဆော်မှု၊သပ်လျှိုမှု၊ လိုသလိုဟောကိန်းထုတ်မှုများ လုပ်နေခဲ့ကြသည်ကို သတိပြုမိပါသည်။

ဤတွင် သတင်းသမားဘဝဖြင့် ဘဝခရီးကို လျှောက်ခဲ့သော ကျွန်တော့်အဖို့ လိုအပ်သည်ထက်ပို၍ မျက်စိဖွင့်၊ နားစွင့်ခဲ့ရသည်။ သတင်းဆိုလျှင် အကုန်နားစွင့်၊ မျက်စိဖွင့်နေခဲ့ရသည်။ ထိုဘေးတီး၊ လှုံ့ဆော်သပ်လျှို၊ လိုသလိုဟောကိန်း ထုတ်နေကြသူများသည် အာဆီယံကြီး မညီမညွတ် ပြိုကွဲသွားစေလိုသော စေတနာဆိုး၊ အာဆီယံအသင်းဝင် နိုင်ငံအချို့နှင့် အသင်းကိုလှည့်တိုက်ပေးပြီး နိုင်ငံရေးအမြတ်ထုတ်လိုသော စေတနာဆိုးများ၊ အထူးသဖြင့် မြန်မာနိုင်ငံကို အာဆီယံက အနောက်အုပ်စု အလိုကျ ဖိအားပေးရန် တွန်းအားပေးသော လုပ်ရပ်ဆိုးတို့ ပြည့်လျှမ်းနေသူများ ဖြစ်ပေသည်။

ကျွန်တော့်အနေဖြင့် နှစ်ပေါင်း၃၀ကျော် အာဆီယံအသင်းကြီးက တည့်မတ်စွာ ကျင့်သုံးခဲ့သော မှန်ကန်မွန်မြတ်သည့်မူ (ဝါ) ကျင့်စဉ်ကို သတိထားမိ၍ ထိုဘေးတီးသူတို့ပွဲပြီးလျှင် ဆွေ့ဆွေ့ခုန်ကြတော့မည်ကို ကြိုသိနေခဲ့သည်။ နှစ်ပေါင်းသုံးဆယ်ကျော် အာဆီယံက မမိုတ်မသုန်ကျင့်သုံးခဲ့သော မူမှာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အသင်းကြီးက မည်သည့်အခါ၊ မည်သည့် အကြောင်းနှင့်မျှ ဝင်ရောက်စွက်ဖက်ခြင်းမရှိ ဟူသော မူ(ကျင့်စဉ်) ဖြစ်ပါသည်။

အာဆီယံထိပ်သီးများ ဘာလီသို့ မရောက်မီကပင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ စတင်ဆုံတွေ့ ဆွေးနွေးကြသည်။ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်က မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ကြိုတင်ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းများက ဆိုပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အောက်တိုဘာလ ၆ရက်နေ့ ညနေ ၃နာရီ မိနစ်၅၀တွင် ဘာလီသို့ ရောက်ရှိသည်။ ထိုနေ့ ညနေပိုင်းတွင် အာဆီယံနိုင်ငံများမှ အကြီးအကဲ၊ အစိုးရအကြီးအကဲများ၏ လုပ်ငန်းသဘော ညစာစားပွဲသို့ တက်ရောက်သည်။ ယင်းလုပ်ငန်းသဘော ညစာစားပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဘရူးနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆက်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ မဒမ်မယ်ဂါဝတီဆိုကာနိုပူထရီ၊ လာအိုပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘွန်ညံဗိုရာချစ်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ ဒေါက်တာမဟာသီဘင်မိုဟာမက်၊ ဖိလစ်ပိုင်သမ္မတ မစ္စစ်ဂလိုရီယာမာဂါပါဂလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဂိုချောက်တောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာအွန်ကင်ယောင်းတို့ တက်ရောက်သည်။ လုပ်ငန်းသဘော ညစာစားပွဲတွင် အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများသည် ညစာအတူ သုံးဆောင်ကြပြီး ရင်းရင်းနှီးနှီး အလွတ်သဘော တွေ့ဆုံဆွေးနွေးကြသည်ကို ရုပ်/သံ နိုင်ငံခြားသတင်းများ၌ မြင်တွေ့ရသည်။

အောက်တိုဘာလ ၆ရက်နေ့မှာပင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် လည်းကောင်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမဟာသီဘင်မိုဟာမက်နှင့် လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂိုချောက်တောင်နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံနှုတ်ဆက် ကြသည်။ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ လိုက်ပါနှုတ်ဆက်ကြသည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရင်း ခေါင်းဆောင်ချင်း ရင်းရင်းနှီးနှီးပြောဆိုကြသည့် အကြောင်းအရာအချို့ကို ကောက်နုတ် တင်ပြလိုပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ခေါင်းဆောင်မှုအောက်တွင် မြန်မာနိုင်ငံသည် အေးချမ်းတည်ငြိမ်လျက်ရှိပြီး နိုင်ငံ၏စီးပွားရေးလည်း တိုးတက်လျက်ရှိသည်ကို သိရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံရေးတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကိုသာ အစဉ်အမြဲ လိုက်နာကျင့်သုံးကြောင်း၊ နိုင်ငံတိုင်းသည် မိမိပြည်တွင်းရေး ကိစ္စရပ်များအပေါ် ကိုယ်ပိုင်ဖြေရှင်းခွင့်ရှိရမည်ဟု ခံယူကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်ရေး၊ တည်ငြိမ်ရေး၊ တိုးတက်ရေးကို လိုလားပြီး နှစ်နိုင်ငံဆက်ဆံမှု မြင့်တင်ရေးကိုလည်း လိုလားကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုတိုးမြှင့်သွားမည် ဖြစ်ကြောင်း၊ အထူးသဖြင့် မြားမြောင်ပေါကြွယ်လှသော သယံဇာတများ ဖော်ထုတ်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေးကဏ္ဍ၊ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ၊ လူသားအရင်းအမြစ် ပျိုးထောင်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တက္ကသိုလ် မြတ်သူ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **မြန်မာ-တရုတ်နှစ်နိုင်ငံ ဆက်ဆံရေးသည် များစွာ အားရကျေနပ်ဖွယ်ရာ ကောင်းကြောင်း၊ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများသည် များစွာ အကျိုးရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်က အဘက်ဘက်မှ ရပ်တည်ပေးသည့်အတွက် များစွာ ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ တစ်နိုင်ငံတည်း မူဝါဒကို အမြဲတမ်း ထောက်ခံကျင့်သုံးသွားမှာ ဖြစ်ကြောင်း** ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ ရှင်းလင်းပြောကြားသည်။

မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမဟာသီဘင် မိုဟာမက်ကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တွေ့ဆုံရာ၌ မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံဘက်က ခိုင်မာစွာ ရပ်တည်ထောက်ခံသည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အကြောင်းကိစ္စများကို မြန်မာပြည်သူများကသာ ကိုင်တွယ်ဖြေရှင်းသင့်သည်ဟု ခံယူကြောင်း၊ မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်ဖြစ်ပြီး မြန်မာနိုင်ငံအား အတတ်နိုင်ဆုံးကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ကြီး၏ အားကိုးအားထားပြုနိုင်သော အဖွဲ့ဝင်ဖြစ်လာနိုင်သည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်း ပီသစွာဖြင့် မလေးရှားနိုင်ငံက ကူညီပံ့ပိုးမှုများ၊ မြန်မာနိုင်ငံအတွက် ရပ်တည်ပေးမှုများကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း၊ မြန်မာ-မလေးရှား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုး တိုးတက်ဖြစ်ထွန်းနေမှာဖြစ်ကြောင်း** ပြောကြားသည်။ မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂိုချောက်တောင်ကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို သိရှိခွင့်ရသဖြင့် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်ချက်များ အောင်မြင်စေရန် ဆုမွန်ကောင်းတောင်းကြောင်း၊ မြန်မာနိုင်ငံ ရင်ဆိုင်ရသော စိန်ခေါ်မှုများကို နားလည်သဘောပေါက်ကြောင်း၊ မြန်မာနိုင်ငံသည် အလားအလာ များစွာရှိသည့် နိုင်ငံဖြစ်သည်ဟု ယူဆကြောင်း ပြောကြားသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **စင်ကာပူနိုင်ငံ၏ ကူညီမှုများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ကူးပြောင်းရေးအတွက် ရှေ့လုပ်ငန်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်နေမှုများကို ထောက်ခံအားပေးသည့်အတွက်လည်း အထူးကျေးဇူးတင်ကြောင်း၊ နှစ်နိုင်ငံ ရင်းနှီးခင်မင်စွာ ဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း**ဖြင့် ပြောကြားသည်။

အာဆီယံအသင်းဝင် နိုင်ငံအားလုံးနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများက မြန်မာနိုင်ငံ၏ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို နားလည်လက်ခံကြသည်။ မြန်မာ့အရေးကို မြန်မာပြည်သူပြည်သားများက ကိုင်တွယ်ဆောင်ရွက်သင့်သည်ဟူသော အယူအဆကိုလည်း တညီတညွတ် ဖော်ထုတ်ပြသခဲ့ကြသည်။

မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသော အသင်းဝင်နိုင်ငံများမှ ခေါင်းဆောင်များအား မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အဆင့်ခုနစ်ဆင့်ပါ လမ်းညွှန်မြေပုံ (Road Map)ကို ရှင်းလင်းပြောကြားခဲ့သည်။ ဝန်ကြီးချုပ်က **မြန်မာနိုင်ငံသည် ယနေ့ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရန် နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို မိမိဝန်ကြီးချုပ်တာဝန်ယူပြီး မကြာမီကြေညာခဲ့ပါကြောင်း၊ ထိုရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်မြင်စေရေးအတွက် အမျိုးသားညီလာခံပြန်လည်ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲသွားမည်၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပအတည်ပြုသွားမည်၊ အဲဒီနောက် တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပြီး ဥပဒေပြုလွှတ်တော် ကျင်းပမည်။ အစိုးရအဖွဲ့ကို အခြေခံဥပဒေနှင့်အညီ လွှတ်တော်က ဖွဲ့စည်းမည်၊ ထိုအစိုးရသစ်ထံသို့ နိုင်ငံတော်အာဏာ လွှဲပေးမည်၊ ထိုအစိုးရက နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးကို ဆက်လက် ဦးဆောင်သွားပါလိမ့်မည်။ ယခုအခါ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းပေးထားပြီးဖြစ်သည်။ ဒီလုပ်ငန်းတာဝန်တွေဟာ လွယ်လွယ်ကူကူနဲ့ နေ့ချင်းညချင်း ပြီးစီးနိုင်တဲ့ လုပ်ငန်းမျိုး မဟုတ်ပါဘူး။ မြန်မာနိုင်ငံ၏ အခြား အာဆီယံနိုင်ငံများနှင့်မတူသော အနေအထားတစ်ခုမှာ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး တစ်ရာကျော်ရှိနေတဲ့အတွက် မိမိတို့မည်ရွေ့မည်မျှ သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ဆောင်ရွက်ရမည်ဆိုသည်ကို အားလုံး သဘောပေါက်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလက်နက်ကိုင်ပြီး အချင်းချင်း တိုက်နေခဲ့ကြပါသည်။ ယခုအခါ အဆိုပါလက်နက်ကိုင်အဖွဲ့၁၇ဖွဲ့နဲ့ ငြိမ်းချမ်းရေးရယူနိုင်ခဲ့ပြီး ဖြစ်ပါသည်။ အခြေခံဥပဒေသစ်ရေးဆွဲရာမှာ အားနည်းချက်များ၊ အမှားများပါ၍ မဖြစ်ပါ။ အမှားအယွင်းရှိလျှင် နိုင်ငံအတွက် အန္တရာယ် ကြုံတွေ့ရနိုင်ပါသည်။ အမျိုးသားညီလာခံတွင် တိုင်းရင်းသားစုကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တောင်သူ လယ်သမားများ၊ အလုပ်သမားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ စသည်ဖြင့် လူတန်းစားစုံ၊ အလွှာစုံ၊ ဒေသစုံ၊ တိုင်းရင်းသားစုံ ကိုယ်စားလှယ်များ ပါဝင်လျက်ရှိကြပါသည်။ အမျိုးသားညီလာခံတွင် အကျေအလည်၊ အပြန်အလှန်၊ အလျှော့အတင်းတို့ဖြင့် အားလုံးသဘောတူညီမှုရအောင် ကြိုးစားနေရပါသည်။ ထို့ကြောင့် ထိုလုပ်ငန်းများကို အချိန်ပိုင်းခြား ကန့်သတ်ပြီး အလောသုံးဆယ် လုပ်ယူ၍ မရနိုင်ပါ။ အစိုးရအနေနှင့် ထိုလုပ်ငန်းစဉ်များကို ရေရှည်ဆွဲပြီး မလုပ်လိုပါ။ သို့သော် အားလုံး၏ ကျေနပ်မှု၊ ကျေလည်မှုရရှိအောင် အချိန်ပေးတန်သရွေ့ပေးရပါမည်။ မိတ်ဆွေနိုင်ငံများနှင့် ဒေသတွင်း နိုင်ငံများက ထိုအခက်အခဲများကို ကျော်လွှားနိုင်အောင် နားလည်ပေးကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ပြင်ပမှ ဖိအားပေးခြင်း၊ စွက်ဖက်ခြင်းတို့ဖြင့် ထိုသိမ်မွေ့သော လုပ်ငန်းများကို ထိခိုက်စေနိုင်ပါသည်။ မိမိတို့အနေဖြင့် လိုအပ်သော အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် အချင်းချင်း နားလည်မှုရှိရေးကို မိမိတို့ဘာသာ တည်ဆောက်ပြီး လုပ်ငန်းများ ပြီးမြောက်နိုင်မည်ဟု အခိုင်အမာယုံကြည်ပါသည်။ အားလုံးက ထိုအနေအထားကို နားလည်ပေးကြလိမ့်မည်။ ပူးပေါင်းဆောင်ရွက် ကူညီကြလိမ့်မည်ဟု ယုံကြည်ပါသည်** စသည်ဖြင့် တင်ပြခဲ့သည်။ အာဆီယံအသင်းဝင်နိုင်ငံများ၏ နားလည်လက်ခံမှု၊ ကြိုဆိုထောက်ခံမှုရရှိနိုင်ခဲ့သည်ကို သတင်းများက ပီပီပြင်ပြင် ဖော်ပြလျက်ရှိပါသည်။

အောက်တိုဘာ ၇ ရက်နေ့စွဲဖြင့် အလှည့်ကျ အာဆီယံဥက္ကဋ္ဌလည်းဖြစ်၊ ထိပ်သီးအစည်းအဝေး သဘာပတိလည်းဖြစ်သော အင်ဒိုနီးရှားနိုင်ငံသမ္မတ မဒမ်မယ်ဂါဝတီ ဆိုကာနိုပူထရီ ထုတ်ပြန်သော အာဆီယံထိပ်သီးအစည်းအဝေးနှင့် အာဆီယံ+၃ ထိပ်သီးအစည်းအဝေး ကြေညာချက်တွင် အာဆီယံ၏ ရှေ့လုပ်ငန်းများ၊ အောင်မြင်မှုများနှင့် ဆွေးနွေးခဲ့သော အကြောင်းအရာများကို အသေးစိတ် ဖော်ပြထားသည်။ ယင်းထုတ်ပြန်ကြေညာချက် အပိုဒ် (၂၅)တွင် **အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည့် နိုင်ငံခေါင်းဆောင်များသည် မြန်မာနိုင်ငံ၏ မကြာမီက ဖြစ်ထွန်းလာသည့် အပြုသဘောဆောင်သော တိုးတက်မှုများနှင့် မြန်မာအစိုးရ၏ ဆွေးနွေးခြင်း၊ ပြေလည်ခြင်းဖြင့် ဒီမိုကရေစီအသွင် ကူးပြောင်းမည့် အစီအစဉ်များကို ကြိုဆိုထောက်ခံကြပါကြောင်း၊ မြန်မာနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် တင်ပြသည့် လမ်းညွှန်မြေပုံသည် မြန်မာပြည်သူ အလွှာစုံကသဘောပေါက်၊ ထောက်ခံမည့် လက်တွေ့ ချဉ်းကပ်မှု ဖြစ်ကြောင်း၊ အာဆီယံခေါင်းဆောင်များက အရေးယူပိတ်ဆို့ခြင်းသည် ဒီမိုကရေစီ အခြေချမှုအတွက် လိုအပ်သည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးတို့ကို အထောက်အကူဖြစ်လိမ့်မည်မဟုတ်ဟု သဘောတူညီကြကြောင်း** ဖော်ပြထားသည်။

အနောက်မှ ပါးစပ်အချို့နှင့် မီဒီယာအချို့က အာဆီယံထိပ်သီးအစည်းအဝေးအပေါ် ကြိုတင်နှုတ်ကြောင်းပေးမှုများဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရှေ့လုပ်ငန်းစဉ်အပေါ် အဆိုမြင်အပြော၊ အရေးအသားများ မိုးမွှန်နေခဲ့သည်။ အာဆီယံတွင် ဘယ်ခေါင်းဆောင်က မြန်မာနိုင်ငံကို ပြစ်တင်တော့မည်၊ ဆန့်ကျင်တော့မည် စသည့် ရေလာမြောင်းပေးလုပ်ကြသည်။ လက်တွေ့တွင်မူ အာဆီယံထိပ်သီးအစည်းအဝေးနှင့် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးသည် အချင်းချင်းနားလည်မှု အပြည့်၊ ရင်းနှီးချစ်ကြည်မှုအပြည့်ဖြင့် ၂၀၂၀ တွင် အာဆီယံဒေသတွင် တစ်ခုတည်းသော ဈေးကွက်ဖြစ်ပေါ်ရေးကို သဘောထားညီမျှကြသည်။ အာဆီယံ+၃ နိုင်ငံတို့၏ လွတ်လပ်သော ကုန်သွယ်ရေးဒေသ ဖြစ်ပေါ်ရေးကိုလည်း ဦးတည်ခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ဂျွန်အိချိရိုကိုအိဇုမိက မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖြစ်ထွန်းလာသည်ကို မိမိတွေ့မြင်လိုကြောင်း ပြောသည်။ အနောက်မီဒီယာများ ပုံကြီးချဲ့သကဲ့သို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဂျပန်ဝန်ကြီးချုပ်တို့ သီးခြားတွေ့ဆုံခြင်း မရှိခဲ့ချေ။ အစည်းအဝေးအပြီး စင်္ကြံတွင် ဆုံတွေ့စဉ် ငါးမိနစ်ခန့်ရပ်ပြီး နှုတ်ဆက်ဖြစ်၊ စကားပြောဖြစ်ခြင်းသာ ဖြစ်သည်။

အောက်တိုဘာ ၈ရက်နေ့က ဘာလီတွင် ထုတ်ပြန်သော မြန်မာနိုင်ငံ၏ ကြေညာချက်တွင် **မြန်မာနိုင်ငံသည် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်ပြီး ဒီမိုကရေစီ တည်ဆောက်နေရကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ တည်ဆောက်ရေးကို မြန်မာပြည်သူတို့၏ သဘောထားဆန္ဒနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် တည်ဆောက်ရေးသည်**

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မြေလတ်ဒေသ၏ကဏ္ဍာအသီးသီးမှ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အောက်တိုဘာ ၁၂ ရက်က မန္တလေးတိုင်း ညောင်ဦးမြို့ရှိ **အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်တည်ဆောက်ရေးစီမံကိန်း** လုပ်ငန်းခွင်တွင် အရိမဒ္ဒနပူရ ပုဂံပြည်ရွှေနန်းတော်ကြီး၏ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) **(သတင်းစဉ်)**



ကျန်စစ်သားမင်း၏ နန်းတော်ရာတူးဖော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အောက်တိုဘာ ၁၂ ရက်က ပုဂံ–ညောင်ဦးမြို့တွင် ကျန်စစ်သားမင်း၏ နန်းတော်ရာတူးဖော်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အစိုးရစက်မှုလက်မှုသိပ္ပံ

မန္တလေးတိုင်း မြင်းခြံမြို့၌ တည်ဆောက်ပေးလျက်ရှိသော အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ) ပင်မဆောင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံ

မကွေးတိုင်း ပခုက္ကူမြို့တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းက တည်ဆောက်လျက်ရှိသော (ပခုက္ကူ)ချည်မျှင်နှင့်အထည်စက်ရုံ(စီမံကိန်း) ပြီးစီးမှုကို တွေ့ရစဉ်။

(သတင်းစဉ်)

● *မြန်မာနိုင်ငံမှ*

ရှေ့ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားသည်။

ဖော်ထုတ်ပြသ

ကမ္ဘာ့လူသားများအားလုံးအတွက် ငတ်မွတ်ခေါင်းပါးမှုဘေးမှ ကင်းဝေးရေး၊ စားနပ်ရိက္ခာပြည့်စုံဖူလုံရေးတို့သည် အခြေခံအကျဆုံး လူ့အခွင့်အရေးများပင်ဖြစ်ကြောင်း၊ ဤအခြေခံအကျဆုံး လူ့အခွင့်အရေးများကို ကမ္ဘာ့လူသားများအားလုံး ပြည့်ပြည့်ဝဝရရှိခံစားနိုင်ကြစေရေးအတွက် ကမ္ဘာ့နိုင်ငံများအားလုံးက ဖြူစင်သောစေတနာဖြင့် တက်ညီလက်ညီ လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားမည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ဓာတ်ကိုလည်း ယနေ့ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ပါ ဖန်တီး ဖော်ဆောင်ပေးနေသည့် မဟာဗျူဟာမြောက် စီးပွားရေးကဏ္ဍတစ်ခုဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အကောင်အထည်ဖော်

ထို့ပြင် လယ်ယာကဏ္ဍနှင့် ဆက်နွယ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် ကျေးလက်စီးပွားရေး တိုးတက်ဖြစ်ထွန်းအောင် အားပေးဆောင်ရွက်ရင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေး အစီအမံများကို စနစ်တကျ ချမှတ်ပြီး ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိကြောင်း။

စီးပွားကူးသန်း ရှေ့သို့လှမ်း

သားငါး မျိုးကောင်းမျိုးသန့်များ တိုးတက်ဖြန့်ဖြူးရန်၊ သားငါးပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ ကျေးလက်ဒေသ တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည် စီးပွားဖြစ်မွေးမြူရေးဖြစ်ထွန်းလာစေရန်ကို နိုင်ငံတော်အစိုးရက အထူးအလေးထား အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ရေချို၊ ရေငန် ငါး၊ ပုစွန်ထုတ်လုပ်မှုတွင် ၁၉၈၈ ခုနှစ်က တန်ချိန် ခုနစ်သိန်းနီးပါးသာ ထုတ်လုပ်နိုင်ခဲ့ရာက ၂၀၀၂–၂၀၀၃ ဘဏ္ဍာနှစ်တွင် တန်ချိန်တစ်သန်းခွဲကျော် ထုတ်လုပ်နိုင်နေပြီဖြစ်သည့်အပြင် အသားထုတ်လုပ်မှုတွင်လည်း ၁၉၈၈ ခုနှစ်ကနှင့် နှိုင်းစာကြည့်လျှင် သုံးဆခန့်တိုးတက် ထုတ်လုပ်နိုင်နေပြီဖြစ်ခြင်းကြောင့်

ကမ္ဘာတစ်ဝန်းလုံး၌ တစ်ပြိုင်တည်းကျင်းပနေကြသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားများတွင် ကမ္ဘာ့နိုင်ငံအသီးသီးက ထုတ်ဖော်ပြသနေကြပြီဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စားနပ်ရိက္ခာထုတ်လုပ်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူသားများအားလုံးအတွက် လိုအပ်နေသည့် စားနပ်ရိက္ခာပြည့်စုံဖူလုံရေး၊ ငတ်မွတ်ခေါင်းပါးမှုဘေးဒုက္ခမှ ကင်းဝေးရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မိမိနိုင်ငံအနေဖြင့်သော်လည်းကောင်း၊ ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများနှင့်လျော်ညီစွာ နိုင်ငံတကာနှင့် လက်တွဲပေါင်းစပ်၍သော်လည်းကောင်း တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အလေးအနက်ပြောကြားလိုကြောင်း။

ယနေ့ကမ္ဘာကြီးတွင် ကမ္ဘာ့လူသားများ အားလုံးအတွက် ပြည့်စုံလုံလောက်သော စားနပ်ရိက္ခာများကို သဘာဝတရားက ဖန်တီးပေးထားသကဲ့သို့ သဘာဝတရားက ဖန်တီးပေးထားသည့် စားနပ်ရိက္ခာများကိုလူသားအားလုံးအတွက် ပြည့်ဝဖူလုံစွာထုတ်ယူ သုံးစွဲနိုင်သည့် အသိပညာ အတတ်ပညာများကိုလည်း ကမ္ဘာ့လူသားများအားလုံးက ပိုင်ဆိုင်ထားကြပြီးဖြစ်ကြောင်း။

သို့သော်လည်း ယနေ့ကမ္ဘာကြီးတွင် လူသားသန်းပေါင်း ၆၀၀၀ ကျော်ရှိသည့်အနက် လူသားသန်းပေါင်း ၈၄၀ ခန့်သည် စားနပ်ရိက္ခာဖူလုံမှုမရှိသည့် အခြေအနေကို ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ ယခုကဲ့သို့ မမျှမတ အခြေအနေကြောင့် ကမ္ဘာ့နိုင်ငံများအကြား ကမ္ဘာ့လူသားများအားလုံး၏ အကျိုးစီးပွားအတွက် ဖြူစင်သော စေတနာစိတ်ဖြင့် တန်းတူရည်တူ မျှမျှတတဖြစ်အောင် ပူးပေါင်းဆောင်ရွက်နိုင်ကြရန်အလို့ငှာ ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲချမ်းသာကွာဟမှု၊ နည်းပညာ ကွာဟမှု၊ မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်နိုင်သည့်အခြေအနေနှင့် အခွင့်အလမ်းကွာဟမှုတို့ တဖြည်းဖြည်း ကျဉ်းမြောင်းပပျောက်သွားအောင် ပူးပေါင်းဆောင်ရွက်ကြရန်၊ အချင်းချင်းရိုင်းပင်းကြရန် လိုအပ်နေသေးသည်ဆိုသည်ကို ပေါ်လွင်ထင်ရှားစေလျက်ရှိနေပြီဖြစ်ကြောင်း။

ထို့ပြင် ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများ၏ ဘေးထွက်ဆိုးကျိုးများ ပေါ်ပေါက်လာမှုများကြောင့် စားနပ်ရိက္ခာထုတ်လုပ်ရာတွင် လူသားများအတွက် ဘေးဥပါဒ်ကင်းစင်သည့် စားနပ်ရိက္ခာများဖြစ်စေရန်၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမရှိစေရန်၊ ဇီဝနှင့်ရုက္ခ မျိုးတုံးပျောက်ကွယ်မှုများ၊ ဂေဟစနစ် ပျက်ယွင်းမှုများ မဖြစ်ပေါ်စေရန်၊ ရာသီဥတု ယိုယွင်းဖောက်ပြန်မှုများမဖြစ်ပေါ်စေရန် နိုင်ငံတိုင်းက အလေးထားဆောင်ရွက်နေရသည့် အခြေအနေအချိန်အခါမျိုးတွင် ကမ္ဘာ့နိုင်ငံအသီးသီးအကြား ပူးပေါင်းဆောင်ရွက်မှု၊ ရိုင်းပင်းကူညီမှုများသည် ပို၍ပင်လိုအပ်နေပြီဟု ပြောကြားလိုကြောင်း။

ယခုကဲ့သို့အခြေအနေအချိန်အခါမျိုးတွင် မိမိနိုင်ငံသူနိုင်ငံသားပြည်သူများအတွက်သာမက စားနပ်ရိက္ခာမလုံမလောက်ဖြစ်နေသော ကမ္ဘာ့နိုင်ငံများအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်စေရန်အလို့ငှာ စားနပ်ရိက္ခာ တိုးတက်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် စားနပ်ရိက္ခာထုတ်လုပ်ရေးနှင့် ပြည့်စုံဖူလုံရေးအတွက် နိုင်ငံတကာနှင့် အပြုသဘောပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံအဖြစ် သမိုင်းအစဉ်အဆက် ရပ်တည်လာခဲ့ပြီး ပြည်တွင်းမှာ စားနပ်ရိက္ခာပြည့်စုံဖူလုံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် မိမိနိုင်ငံသူနိုင်ငံသားများ၏ စားနပ်ရိက္ခာဖြည့်ဆည်းပေးရေးသာမက နိုင်ငံသူနိုင်ငံသား ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးရေး၊

ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် သီးနှံအထွက်နှုန်းများ အစဉ်တစိုက် တိုးတက်စေရန်၊ မြေယာသစ်များ ရှာဖွေဖော်ထုတ် တိုးချဲ့စိုက်ပျိုးနိုင်စေရန်၊ ကုန်ထုတ်စွမ်းအားစုများ စနစ်တကျ ခွဲဝေစီမံဆောင်ရွက်နိုင်စေရန်၊ ပြည်ပဈေးကွက်တွင် လယ်ယာထွက်ကုန်များ အောင်မြင်စွာ ယှဉ်ပြိုင်ရောင်းချနိုင်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးမှုအစီအမံများကို နိုင်ငံတော်အစိုးရက စနစ်တကျ စီမံအားပေးဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးတွင် ပဓာနကျသည့် စိုက်ပျိုးရေ ပြည့်ဝလုံလောက်စွာရရှိရေးနှင့် ရာသီမရွေးရေသွင်းစိုက်ပျိုးနိုင်ရေးတို့အတွက် ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလတွင် မြစ်ရေတင်စီမံကိန်း ၂၆၅ ခု၊ မြေအောက်ရေရရှိရေးစီမံကိန်း ၇၄၀၀ ကျော်နှင့် အကြီးစားနှင့် အလတ်စား ဆည်မြောင်းတာတမံပေါင်း ၁၅၂ ခုတို့ကို နိုင်ငံတကာ၏အကူအညီ လုံးဝမပါဘဲ နိုင်ငံတော်အစိုးရက ကိုယ့်အားကိုယ်ကိုး တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အခမ်းအနားတွင် မိုးစပါး စိုက်ပျိုးထုတ်လုပ်မှု(ထူးချွန်မြို့နယ်ဆု)ပထမဆုရရှိသော ဧရာဝတီတိုင်း ဟင်္သာတမြို့နယ်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ယခုကဲ့သို့ စိုက်ပျိုးရေရရှိရန် စနစ်တကျ စီမံဆောင်ရွက်ပေးခဲ့သည့်အတွက် ရေသွင်းစိုက်ပျိုးနိုင်သည့် မြေဧရိယာဧက ငါးသန်းကျော် တိုးပွားလာခဲ့ပြီး ယနေ့ဆိုလျှင် အသားတင်စိုက်ပျိုးနိုင်သည့် မြေဧရိယာ ဧက ၂၆ သန်းကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကဖြစ်ပြီး ကျေးလက်ဒေသ၏ ပင်မစီးပွားရေးလုပ်ငန်းလည်းဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုသည် ပိုမိုတိုးတက် မြင့်မားလာမည်ဟု တွက်ဆလို့ရနိုင်ကြောင်း။

အလားတူပင် လယ်ယာကဏ္ဍနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် သားငါးကဏ္ဍသည်လည်း နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှုနှင့်အတူ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့နိုင်ကြောင်း။

ကမ္ဘာ့စားနပ်ရိက္ခာနေ့မိန့်ခွန်းပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

သားငါးကဏ္ဍသည် ၁၉၉၆–၉၇ ဘဏ္ဍာနှစ်ကစတင်ပြီး ယနေ့တိုင် နှစ်စဉ်ပျမ်းမျှ ၁၂ ရာခိုင်နှုန်းကျော် မှန်မှန်ကြီးတိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း။

သို့သော်လည်း သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၌ ငါး၊ ပုစွန်မျိုး မပြုန်းတီးစေရေး၊ ဇီဝဆိုင်ရာ ဂေဟစနစ် မပျက်စီးစေရေးတို့အတွက် နိုင်ငံတော်အစိုးရက စနစ်တကျ ထိန်းသိမ်းကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလားတူပင် သစ်တောကဏ္ဍ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေမြေသဘာဝရာသီဥတု ညီညွတ်မျှတစေရေး၊ ရုက္ခမျိုးကွဲ၊ ဇီဝမျိုးကွဲများနှင့် ဂေဟစနစ် တည်တံ့စေရေးဦးတည်ပြီး သစ်ထုတ်လုပ်ရာတွင် အစဉ်အမြဲထုတ်ယူနိုင်မည့် ထာဝစဉ်တောထွက် (Sustained Yield) ရရှိစေရန် ထိန်းသိမ်းထုတ်လုပ်လျက်ရှိကြောင်း။

ထို့ပြင် သစ်တောထိန်းသိမ်းပြုစုပျိုးထောင်မှု၊ သဘာဝနယ်မြေများ သတ်မှတ်ကာကွယ်မှု၊ သစ်တောစိုက်ခင်းများ ပျိုးထောင်မှု၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းမှုစသည့် သစ်တောဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည့်အပြင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး အထူးစီမံကိန်းကြီးကိုပါ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိထားပြီးဖြစ်သည့်အတွက် အောင်မြင်ဖြစ်ထွန်းနေသည်ကိုလည်း တွေ့ရမှာဖြစ်ကြောင်း။

အထူးသဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး အထူးစီမံကိန်းကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် အပူပိုင်းဒေသများ မြေအစိုဓာတ်ရရှိပြီး ရာသီဥတုညီညွတ်မျှတမှု၊ စိမ်းလန်းစိုပြည်မှု အကျိုးရလဒ်ကောင်းများ စတင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ဆုချီးမြှင့်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ရေချိုငါး မွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း ခရမ်းမြို့နယ်မှ ဦးသန်းလွင်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ယခုကဲ့သို့ အဘက်ဘက်က စနစ်တကျ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံသူနိုင်ငံသားပြည်သူများအတွက် စားနပ်ရိက္ခာပြည့်စုံဖူလုံပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်း တိုးတက်မြင့်မားအောင် အတိုင်းအတာ တစ်ခုအထိ အောင်မြင်စွာ စွမ်းဆောင်ပေးနိုင်နေပြီဖြစ်သည့်အပြင် ငြိမ်းချမ်းသာယာပြီး ရေမြေသဘာဝကောင်းမွန်သော ပတ်ဝန်းကျင်ကောင်း၊ အခြေခံကောင်းများကို ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ပေးနိုင်နေပြီလည်းဖြစ်ကြောင်း။

နိုင်ငံတကာမျက်နှာစာ၌လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံမိသားစုဝင်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး စားနပ်ရိက္ခာ တိုးမြှင့်ထုတ်လုပ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအပါအဝင်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင်ရေစက်ချပွဲ

ရန်ကုန် အောက်တိုဘာ ၁၆

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ=နိ ရန်ကုန်ဌာန၊ တိပိဋက ကျောင်းတော်၊ အမှတ် ၁၂ စကား၀ါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် အဋ္ဌမအကြိမ် ရာသက်ပန်ဆွမ်းပဒေသာပင်(၁၀၀၀)ပြည့် ရေစက်ချပွဲ အခမ်းအနားကို အောက်တိုဘာ ၂၇ ရက် (တနင်္ဂနွေ) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော်လည်း ၂၀၀၃ခု မတ်လ ၁၄မှ စက်တင်ဘာလ ၁၀ရက်အထိ ဆွမ်းပဒေသာပင်အလှူရှင်များသည် ရေစက်ချပွဲအခမ်းအနားသို့ ကြွရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

သားငါးပွဲ့ဖြိုး ပြည်အကျိုး

စာမျက်နှာ ၉ မှ

ဒေသတည်ငြိမ် အေးချမ်းရေးနှင့် လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးစသည့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်နေပြီလည်းဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် လူသားအားလုံးအတွက် စိတ်ချမ်းမြေ့ဖွယ် မှိတင်းနေထိုင်ရာဖြစ်သည့် တည်ငြိမ်အေးချမ်းသာယာပြီး ညီညွတ်မျှတသော ကမ္ဘာကြီးပေါ်ထွန်းလာစေရေးတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ အပြုသဘောပူးပေါင်း ဆောင်ရွက်မှုများ၊ ဓနအင်အားနှင့် နည်းပညာသာလွန်သည့် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် မျှတစွာ ကူညီ ဖေးမဆက်ဆံမှုများ အထူး လိုအပ်လျက်ရှိကြောင်း၊ သို့မှသာ ကမ္ဘာ့လူသားများအကြား ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်ခေါင်းပါးမှုများ၊ ဆင်းရဲချမ်းသာကွာဟမှု၊ နည်းပညာကွာဟမှုနှင့် ခွဲခြားဆက်ဆံမှုများက ပေါ်ပေါက်လာသည့် မမျှတမှုများ ကွယ်ပျောက်ပြီး စားနပ်ရိက္ခာပြည့်စုံ ကြွယ်ဝသော ကမ္ဘာကြီး၊ လူ့တန်ဖိုး လူ့သိက္ခာအပြည့်အဝ ရှိသော ကမ္ဘာကြီး၊ ကမ္ဘာ့လူသားများအကြား ကမ္ဘာ့နိုင်ငံအသီးသီးအကြား တန်းတူညီမျှမှု၊ ညီညွတ်မျှတမှုဖြင့် သာယာတင့်တယ်သော ကမ္ဘာကြီးပေါ်ထွန်း လာမှာဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ယခုလတ်တလောအခြေအနေတွင် Globalisationဆိုသည့် ရည်မှန်းချက်သည် ချမ်းသာသောနိုင်ငံကြီးများ၊ နည်းပညာသာလွန်သော နိုင်ငံများ အတွက်သာ အကျိုးဖြစ်ထွန်းလျက်ရှိပြီး ဆင်းရဲသော၊ ဖွံ့ဖြိုးမှုနောက်ကျသော၊ နည်းပညာအားနည်းသော နိုင်ငံများအတွက် ပို၍ပင် ဖွံ့ဖြိုးမှုနောက်ကျစေပြီး ဆင်းရဲချမ်းသာ ကွာဟမှု၊ နည်းပညာ ကွာဟမှုများ ပိုမိုဖြစ်ထွန်းစေလျက်ရှိသကဲ့သို့ အချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ ရိုင်းပင်းကူညီမှုဆိုသည်တို့မှာလည်း အားနည်းနေသေးသည်ကို ကြုံတွေ့နေရဆဲဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်နှင့်အညီ ငတ်မွတ်ခေါင်းပါးမှု ကင်းစင်သော ကမ္ဘာကြီး ဖြစ်ထွန်းလာစေရေးအတွက် ကမ္ဘာ့နိုင်ငံများအားလုံး လက်တွဲညီညီ ပူးပေါင်းကြိုးပမ်း စွမ်းဆောင်နိုင်ကြပါစေ၊ ကမ္ဘာ့လူသားများအားလုံး အခြေခံ လူ့အခွင့်အရေးဖြစ်သည့် စားနပ်ရိက္ခာ ပြည့်စုံဖူလုံမှု အကျိုးရလဒ်ကောင်းများကို ပြည့်ပြည့်၀၀ ရရှိခံစားနိုင်စေရေးအတွက် ကမ္ဘာ့နိုင်ငံများအားလုံးအကြား အပြုသဘော သက်ရောက်သော ပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုး တိုးတက်ဖြစ်ထွန်းပါစေဟု ဆန္ဒပြုကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Jacques Diouf ၏ သ၀ဏ်လွှာကို ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping က ဖတ်ကြားသည်။

ယင်းနောက် ၂၀၀၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် မှတ်တမ်းတင် ဗီဒီယိုပြသပြီး အစီအစဉ်ပထမပိုင်းကို ခေတ္တရပ်နားသည်။

ထို့နောက် နိုင်ငံတော်၀န်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့၀င်များ၊ ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံခန်းမ၌ ခင်းကျင်းပြသထားသော ၂၀၀၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ပြကွင်းပြကွက်များကို ကြည့်ရှုကြသည်။

ယင်းနောက် ၂၀၀၃ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် စိုက်ပျိုးရေး၊ သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများအတွက် ထူးချွန်ဆုများ ချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း၀န်ကြီးဌာန ၀န်ကြီး ဗိုလ်ချုပ်ညွန့်တင်က မိုးစပါး စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုတွင် ပထမဆုရရှိသော ဧရာ၀တီတိုင်း ဟင်္သာတမြို့နယ်၊ ဒုတိယဆုရရှိသော ပဲခူးတိုင်း(အရှေ့ပိုင်း) ဖြူးမြို့နယ်၊ တတိယဆုရရှိသော ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်တို့အားလည်းကောင်း၊ မိုးစပါး စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုတွင် ပထမဆုရရှိသော ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ ဦးလှ၀င်း၊ ဒုတိယဆုရရှိသော တနင်္သာရီတိုင်း ပုလောမြို့နယ်မှ ဦးအေးကြွယ်နှင့် တတိယဆုရရှိသော ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်မှ ဦးထွန်းစံကျော်တို့အားလည်းကောင်း၊ နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုတွင် ပထမဆုရရှိသော ဧရာ၀တီတိုင်း ကျိုက်လတ်မြို့နယ်၊ ဒုတိယဆုရရှိသော စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်နှင့် တတိယဆုရရှိသော ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်တို့အားလည်းကောင်း၊ နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုတွင် ပထမဆုရရှိသော ဧရာ၀တီတိုင်း မြောင်းမြမြို့နယ်မှ ဦးတင်ဖေ၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်မှဦးကန့်ခမ်းနှင့် တတိယဆုရရှိသော မွန်ပြည်နယ် မုဒုံမြို့နယ်မှ ဦးအောင်ဆန်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်း၀န်ကြီးဌာန ၀န်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ရေချိုငါးမွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရရှိကြသော ရန်ကုန်တိုင်း ခရမ်းမြို့နယ်မှ ဦးသန်းလွင်နှင့် မန္တလေးတိုင်း အမရပူရမြို့နယ်မှ ဦးမြင့်ဝေတို့အားလည်းကောင်း၊ လှောင်အိမ်ဖြင့် ရေချိုငါး မွေးမြူမှု ထူးချွန်ဆုရရှိသော ဧရာ၀တီတိုင်း ပုသိမ်မြို့နယ်မှ ယုဇနကုမ္ပဏီအားလည်းကောင်း၊ ရေချိုငါးသားပေါက်ထုတ်လုပ်မှုထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း ခရမ်းမြို့နယ်မှ ဧရာ၀တီ ခေတ်မီငါးသားပေါက်လုပ်ငန်းအားလည်းကောင်း၊ ရေငန်ငါးမွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရရှိသော တနင်္သာရီတိုင်း ကျွန်းစုမြို့နယ်မှ ပြည့်ဖြိုးထွန်းကုမ္ပဏီအားလည်းကောင်း၊ ရေငန်ငါးဖမ်းဆီးထုတ်လုပ်မှု ထူးချွန်ဆုရရှိသော တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်မှ သီတာကုမ္ပဏီအားလည်းကောင်း၊ ရေချိုပုစွန်မွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်မှ ဦးရှန်ကြည်အားလည်းကောင်း၊ ရေချိုပုစွန်သားပေါက်ထုတ်လုပ်မှု ထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း အလုံမြို့နယ်မှ ဘီတီဘီကုမ္ပဏီအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သစ်တောရေးရာ၀န်ကြီးဌာန ၀န်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က ကျွန်းအထူးစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်း ဆောင်ရွက်မှု ထူးချွန်မြို့နယ်ဆုတွင် ပထမဆုရရှိသော ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်းမြို့နယ် ဘော်ဘင်ကြိုးဝိုင်းမှ ကျွန်းအထူးစိုက်ခင်းဧက ၅၀၀၊ ဒုတိယဆုရရှိသော ပဲခူးတိုင်း(အရှေ့ပိုင်း) ဖြူးမြို့နယ် ဖြူးကွန်းကြိုးပြင်မှ ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀၊ တတိယဆုရရှိသော မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ကိုင်းကြိုးဝိုင်းမှ ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀နှင့် နှစ်သိမ့်ဆုရရှိသော မကွေးတိုင်း ဆောမြို့နယ် ကျောက်စစ်ကြိုးဝိုင်းမှ ကျွန်းအထူးစိုက်ခင်း ဧက ၅၀၀ တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping က မြေပဲ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရရှိသော စစ်ကိုင်းတိုင်း တန့်ဆည် မြို့နယ်အားလည်းကောင်း၊ မြေပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရရှိသော ပဲခူးတိုင်း (အရှေ့ပိုင်း) ရွှေကျင်မြို့နယ်မှ ဦးအောင်စိုးအားလည်းကောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရရှိသော မကွေးတိုင်း နတ်မောက်မြို့နယ်အားလည်းကောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရရှိသော ဧရာ၀တီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဦးမြစိုးအားလည်းကောင်း၊ နေကြာစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရရှိသော မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အားလည်းကောင်း၊နေကြာစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရရှိသော ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ ဦးခင်ညိမ်းအားလည်းကောင်း၊ မတ်ပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရရှိသော ပဲခူးတိုင်း (အရှေ့ပိုင်း) ကျောက်တံခါးမြို့နယ်အားလည်းကောင်း၊ မတ်ပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရရှိသော ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့နယ်မှ ဦးညွန့်တင်အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping က ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အခမ်းအနားတွင် မြေပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရရှိသော ပဲခူးတိုင်း (အရှေ့ပိုင်း) ရွှေကျင်မြို့နယ်မှ ဦးအောင်စိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း၀န်ကြီးဌာန ဒုတိယ၀န်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရရှိသော ရန်ကုန်တိုင်း သုံးခွမြို့နယ်အားလည်းကောင်း၊ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရရှိသော ရန်ကုန်တိုင်း ခရမ်းမြို့နယ်မှ ဦးအေးဟန်အားလည်းကောင်း၊ ပဲစင်းငုံ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရရှိသော မန္တလေးတိုင်း မလှိုင်မြို့နယ်အားလည်းကောင်း၊ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရရှိသော မန္တလေးတိုင်း မလှိုင်မြို့နယ်မှ ဦးကြည်အောင်အားလည်းကောင်း၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ် ပထမဆုရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ်၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်၊ တတိယဆုရရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်တို့အားလည်းကောင်း၊ လက်ဖက်ခင်းအသစ် အများဆုံးစိုက်ပျိုးသည့် ထူးချွန်မြို့နယ် ပထမဆုရရှိသော ချင်းပြည်နယ် တီးတိန်မြို့နယ်၊ ဒုတိယဆုရရှိသော ချင်းပြည်နယ် မင်းတပ်မြို့နယ်၊ တတိယဆုရရှိသော ချင်းပြည်နယ် ဖလမ်းမြို့နယ်တို့အားလည်းကောင်း၊ လက်ဖက်ခင်းအသစ် အများဆုံးစိုက်ပျိုးမှု ထူးချွန်တောင်သူဆုရရှိသော ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မှ ဦးအောင်လွင်အားလည်းကောင်း၊ သီးနှံစွမ်းအား ထူးချွန်ဆု (ပြည်နယ်/တိုင်း) တွင် ပထမဆုရရှိသော မကွေးတိုင်း၊ ဒုတိယဆုရရှိသော မန္တလေးတိုင်း၊တတိယဆုရရှိသော ဧရာ၀တီတိုင်းတို့အားလည်းကောင်း၊ မိုးကြိုချည်မျှင်ရှည်၀ါ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ် ပထမဆုရရှိသော မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်၊ ဒုတိယဆုရရှိသော မန္တလေးတိုင်း မြစ်သားမြို့နယ်၊ တတိယဆုရရှိသော မန္တလေးတိုင်း ရမည်းသင်းမြို့နယ်တို့အားလည်းကောင်း၊ မိုးကြိုချည်မျှင်ရှည်၀ါ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူ ပထမဆုရရှိသော မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်မှ ဦးရွှေမန်း၊ ဒုတိယဆုရရှိသော မန္တလေးတိုင်း ရမည်းသင်းမြို့နယ်မှ ဦးထွန်းသာနှင့် တတိယဆုရရှိသော မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်မှ ဦးကျော်တင့်တို့အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်း၀န်ကြီးဌာန ဒုတိယ၀န်ကြီး ဦးအောင်သိန်းက ရေငန်ပုစွန် မွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရရှိသော ဧရာ၀တီတိုင်း ပုသိမ်မြို့နယ်မှ ရွှေမိသားစုကုမ္ပဏီအားလည်းကောင်း၊ ရေငန်ပုစွန်သားပေါက်ထုတ်လုပ်မှု ထူးချွန်ဆုရရှိသော ဧရာ၀တီတိုင်း ပုသိမ်မြို့နယ် ပုလဲနဒီကုမ္ပဏီအားလည်းကောင်း တန်ဖိုးမြှင့်အမျိုးအစားသစ် ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှု ထူးချွန်ဆုရရှိသော တနင်္သာရီတိုင်း ကျွန်းစုမြို့နယ်မှ အဆောင်ကောင်းကုမ္ပဏီအားလည်းကောင်း၊ ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု (ပုံမှန်ကုန်သွယ်ရေး) ထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်မှ မင်းဇာနည်ကုမ္ပဏီလီမိတက်အားလည်းကောင်း၊ ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု (နယ်စပ်ကုန်သွယ်ရေး) ထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်မှ ကျော်ကျော်သိန်းကုမ္ပဏီအားလည်းကောင်း၊ မိရိုးဖလာ နည်းပညာဖြင့် ထုတ်လုပ်သော ရေထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှု (ပုံမှန်ကုန်သွယ်ရေး) ထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ အင်တာနေရှင်နယ် စီတီထရိတ် ကုမ္ပဏီအားလည်းကောင်း၊ မိရိုးဖလာနည်းပညာသစ်(နယ်စပ်ကုန်သွယ်ရေး) ထူးချွန်ဆုရရှိသော ရန်ကုန်တိုင်း လှိုင်မြို့နယ်မှ နမ်းယန်းကုမ္ပဏီအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေကျော်က အကောင်းဆုံးသီးနှံသစ်တောရောနှောစိုက်ခင်း (ကျွန်းအထူး)ထူးချွန် တောင်သူဆုရရှိသော ပဲခူးတိုင်း (အနောက်ပိုင်း) နတ်တလင်းမြို့နယ် ဘော်ကြိုကြိုးဝိုင်းမှ ဦးညွန့်၀င်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)ရေတာရှည်မြို့နယ် စိုင်းရကြိုးဝိုင်းမှ ဦးသန်းအေး၊ မကွေးတိုင်း ဆောမြို့နယ် ကျောက်စစ်ကြိုးဝိုင်းမှ ဦးဟန်စိုး၊ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ကိုင်းကြိုးဝိုင်းမှ ဦးတင်ခ၊ ဧရာ၀တီတိုင်း ကြံခင်းမြို့နယ် မျှင်ဝါကြိုးဝိုင်းမှ ဦးရဲအောင်၊ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် စပယ်နံ့သာကြိုးဝိုင်းမှ ဒေါ်ညီနှင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မဟူရာကြိုးဝိုင်းမှ ဦးလှတော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က သုတေသန(စိုက်ပျိုးရေးသိပ္ပံပညာရပ်) ထူးချွန်ဆုရ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့မှ ဦးစိုးမြင့်နှင့် ဒေါ်သန်းသန်းစိုးတို့အားလည်းကောင်း၊ သုတေသန (သစ်တောသိပ္ပံပညာရပ်) ထူးချွန်ဆုရ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့မှ ဦးမင်းသန့်ဇင်၊ ဦးနိုင်ဇော်ထွန်း၊ ဦးမောင်မောင်အေး၊ ဒေါ်ခင်ငြိမ်းချမ်း၀င်းနှင့် မချောချောစိန်တို့အားလည်းကောင်း၊ သုတေသန(မွေးမြူရေးနှင့် ရေလုပ်ငန်းသိပ္ပံပညာရပ်) ထူးချွန်ဆုရ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့မှ ဒေါက်တာရဲထွန်း၀င်းနှင့် ဒေါက်တာအောင်သန်းတို့အားလည်းကောင်း ဆုများ ပေးအပ် ချီးမြှင့်သည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်က တိုင်းရင်းကြက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု ထူးချွန်မြို့နယ် ပထမဆုရ ဧရာ၀တီတိုင်း မြောင်းမြမြို့နယ်၊ ဒုတိယဆုရ ပဲခူးတိုင်း (အရှေ့ပိုင်း) က၀မြို့နယ်နှင့် တတိယဆုရ ကရင်ပြည်နယ် ဘားအံမြို့နယ်တို့အားလည်းကောင်း၊ တိုင်းရင်းကြက်ကောင်ရေ ၅၀၀ နှင့်အထက် မွေးမြူမှု ထူးချွန်ဆုရ မကွေးတိုင်း မကွေးမြို့နယ်မှ ဦးတင်ထွေးနှင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်မှ ဦးစောသိုးမားတို့အားလည်းကောင်း၊ ၀က်ကောင်ရေ အများဆုံးမွေးမြူသူ ထူးချွန်ဆု ပထမဆုရ ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်မှ ဦးစိုင်းလုံ၊ ဒုတိယဆုရ ပဲခူးတိုင်း(အရှေ့ပိုင်း) ပဲခူးမြို့နယ်မှ ဦးဌေးလွင်နှင့် တတိယဆုရ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်မှ ဦးအောင်မြင့်ဦးတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက မြန်မာ့ဇာတိအလှငါး ပြည်ပတင်ပို့မှု ထူးချွန်ဆုရ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှ ဟိန်းအလှပြငါးကုမ္ပဏီလီမိတက်အားလည်းကောင်း၊ သားငါးတွဲဖက်မွေးမြူမှု ထူးချွန်ဆုရ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥတို-ကြာအင်းစိုက်ပျိုးမွေးမြူရေးစခန်းအားလည်းကောင်း၊ နို့စားနွား မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုထူးချွန်ကျေးရွာ ပထမဆုရ မန္တလေးတိုင်း တံတားဦးမြို့နယ်မှ တပယ်ကျေးရွာ၊ ဒုတိယဆုရ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်မှ ကုလားကုန်းကျေးရွာနှင့် တတိယဆုရ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်မှ သဲ၀ါကျေးရွာတို့အားလည်းကောင်း၊ နွားနောက် အများဆုံး မွေးမြူမှုထူးချွန်ဆုရ ချင်းပြည်နယ် ထန်တလန်မြို့နယ်မှ ဦးထန်ဟရိမ်းအားလည်းကောင်း၊ ကာကွယ်ဆေးထုတ်လုပ်မှု ထူးချွန်ဆုရ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အထက်မြန်မာပြည် ဓာတ်ခွဲခန်းတို့အားလည်းကောင်း ဆုများပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့၀ါနှင့်ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသိမ်းဌေးက မိုးနှောင်း ချည်မျှင်ရှည်၀ါ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ် ပထမဆုရ စစ်ကိုင်းတိုင်း မုံရွာမြို့နယ်၊ဒုတိယဆုရ မကွေးတိုင်း အောင်လံမြို့နယ်နှင့် တတိယဆုရ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်တို့အားလည်းကောင်း၊ မိုးနှောင်း ချည်မျှင်ရှည်၀ါ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူ ပထမဆုရ မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်မှ ဦးကံတင်၊ ဒုတိယဆုရ မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်မှ ဦးရင်သွေးနှင့် တတိယဆုရ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်မှ ဦးဖိုးနီတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ့ကြံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ပထမဆုရ ပဲခူးတိုင်း (အရှေ့ပိုင်း) တောင်ငူမြို့နယ်၊ ဒုတိယဆုရ ပဲခူးတိုင်း(အရှေ့ပိုင်း) ဖြူးမြို့နယ်နှင့် တတိယဆုရ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တို့အားလည်းကောင်း၊ ကြံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူ ***စာမျက်နှာ ၁၃ ကော်လံ ၅ သို့***

လူထုကျန်းမာရေး လုပ်သားသင်တန်းဆင်း

ပြင်ဦးလွင် အောက်တိုဘာ ၈

ပဥ္စမအကြိမ် လူထုကျန်းမာရေး လုပ်သားသင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၉ရက်က ပြင်ဦးလွင်မြို့နယ် ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ကျန်းမာရေးမှူး ဒေါက်တာခင်မောင်သွင်က အမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရသင်တန်းသားများအား ခရိုင်ကျန်းမာရေးမှူးက ဆုများချီးမြှင့်သည်။ ထို့နောက် မြို့နယ်ကျန်းမာရေးအရာရှိဒေါက်တာ ဒေါ်မြမြင့်ဦးက သင်တန်းသားများအား ဆေးပုံးများကို လက်ဆောင်ပစ္စည်းအဖြစ်ပေးအပ်သည်။**(ခရိုင် ပြန်/ဆက်)**

မြို့ပြဈေးတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

(၇၅) ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၆

တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ စိန္တာသီရိကျောင်း ဆရာတော် အရှင်ပဏ္ဍိတ က ဗဟို အမျိုးသားသွေးလှူဘဏ်တွင်(၇၅)ကြိမ်မြောက်သွေးလှူဒါန်းသည်။ **(က–ပ)**



မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်၊ နေကြာလမ်း၊အမှတ်၂၇၆ နေ ဦးစောဦး–ဒေါ်စမ်းစမ်းဝင်းနှင့် သားသမီးမြေးတစ်စုတို့က ဦးစောဦးမွေးနေ့ ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင် ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မဇ္ဈိမဂုဏ်ရည် မဟာဘုံကထိန် အလှူတော်

ရန်ကုန် အောက်တိုဘာ ၁၆

သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီးအတွင်း၌ ပုရိမဝါကပ်တော်မူကြကုန်သော မဇ္ဈိမဂုဏ်ရည် ဆရာတော်နှင့် သံဃာတော်များ၊ ပင့်သံဃာဆရာတော်ကြီးများအား တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က စုပေါင်းမဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော အလှူရှင်များ ကိုယ်တိုင်လာရောက် ကပ်လှူနိုင်ကြောင်း သိရသည်။ **(က–ပ)**

စာမျက်နှာ ၇ မှ

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုထက် မြန်မာနိုင်ငံသားအားလုံးတို့အတွက် အရေးကြီးပါကြောင်း၊ ဂျပန်ဝန်ကြီးချုပ်၏ အာဆီယံ+၃ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲကြေညာချက်ကို ဖြေကြားရင်း မြန်မာနိုင်ငံက ဂျပန်ဝန်ကြီးချုပ်အား အနိုင်အမာပြုလိုသည်မှာ မြန်မာသည် မိမိတို့နိုင်ငံအတွက် အကောင်းဆုံးလုပ်ကိုင်ဆောင်ရွက်သွားမည်ဆိုသော အချက်ဖြစ်ပါကြောင်း ဖော်ပြထားသည်။

အာဆီယံထိပ်သီးအစည်းအဝေး မစတင်မီ အချိန်ပိုင်းအထိ ဘေးတီး၊ သွေးထိုး၊ သပ်လျှိုနေသော မလိုတမာ အသံများသည် ၎င်းတို့ ထင်သလိုမဖြစ်၊ အာဆီယံကို မထိုးဖောက် မဖြိုခွဲနိုင်မှန်း သိသွားကြသည်။ အာဆီယံသည် နှစ်ပေါင်းသုံးဆယ်ကျော် ကျင့်သုံးခဲ့သော အသင်းဝင်နိုင်ငံတို့၏ ပြည်တွင်းရေး ဝင်မစွက်ဟူသော ကျင့်စဉ်ကို ဆက်လက်၍ အခိုင်အမာ ကျင့်သုံးနေသည်ကိုလည်း သိသွားကြပေပြီ။ အာဆီယံနိုင်ငံများ၊ ခေါင်းဆောင်များအပေါ် အနောက်ပါးစပ်များက ပြစ်တင်ဝေဖန်လာကြပြန်သည်။

မြန်မာနိုင်ငံ၏အရေးသည် မြန်မာနိုင်ငံ၌ တရားဝင် နေထိုင်လျက်ရှိသော မြန်မာတို့၏ အရေးဖြစ်သည်။ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကြီးတွင်အဖွဲ့ဝင်နိုင်ငံတို့၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကုလသမဂ္ဂအဖွဲ့ကြီးကိုပင် အခွင့်ပေးမထားဟု အတိအလင်း ဖော်ပြထားသည်။ မြန်မာ့လွတ်လပ်ရေး မြန်မာတို့ တိုက်ယူခဲ့သည်။ မြန်မာပြည်ထောင်စုနှင့် မြန်မာ့အချုပ်အခြာ အာဏာ(လွတ်လပ်ရေး)ကို မြန်မာတို့ပင် စောင့်ရှောက်ကာကွယ်နေရသည်။ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို မြန်မာတို့ပင် ဥစ္စာရင်လို ဥစ္စာရင်ခဲ လုပ်ဆောင်ကြိုးပမ်းကြရသည်။ မြန်မာနိုင်ငံတွင် မုချလိုအပ်သော အခြေခံဥပဒေသစ် ပေါ်ထွန်းရေး၊စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းလာရေးကိုလည်း မြန်မာ့အမြင်၊ မြန်မာ့ဆန္ဒ၊ မြန်မာ့ကြိုးပမ်းမှုဖြင့်သာ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခါတန်ချိန်သင့်ပြီဖြစ်၍ လမ်းခင်းညွှန်ပြပေးသော ဒီမိုကရေစီလမ်းကြောင်းပြမြေပုံ (ဝါ)နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၇)ရပ်သည် မြန်မာ့သမိုင်းအတွေ့အကြုံ၊ မြန်မာ့ပကတိအခြေအနေနှင့် လိုက်ဖက်သည်။ ထို Road Map ကို အာဆီယံနိုင်ငံအားလုံး၊ မိတ်ကောင်း ဆွေကောင်းနိုင်ငံအားလုံး၊သမာသမတ်ရှုမြင်သုံးသပ်သော ကမ္ဘာ့နိုင်ငံအများစုက လျော်ကန်သင့်မြတ်သည်ဟု သဘောပေါက်ထောက်ခံလျက်ရှိသည်။ မြန်မာပြည်သူတို့၏ ထောက်ခံမှုအား အထူးအကျယ်ချဲ့ပြောစရာမလို၊ ပြည်နယ်၊ တိုင်းဒေသများ၌ ၂၀–၉–၂၀၀၃ ရက်နေ့မှ စတင်ပြီး ခြိမ့်ခြိမ့်သဲကျင်းပသော ရှေ့လုပ်ငန်းစဉ်(၇)ရပ် ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကြီးများက တစ်ခဲနက် ထောက်ခံပြနေကြကြောင်းပါ ခင်ဗျား။ ။

မော်တော်ယာဉ်၊ရေယာဉ်များနှင့်အခွန်တာဝန်

အခွန်အရာရှိတစ်ဦး

ထွန်း – ကိုသက်၊ ဗျို့– ကိုသက်ရှိလား။

သက် – ဟ– ဘယ်သူလဲကွ၊ ဟာ– တင်ထွန်းပါလား၊ ဘာကိစ္စလဲကွ။

ထွန်း – ဒီလိုဗျ၊ ကျွန်တော်ကားပွဲစားတန်းမှာကြားခဲ့လို့၊ အစ်ကိုတို့ ကားတွေကို အခွန်ကောက်မလို့ဆို။ အစ်ကိုက အခွန်ဌာနက အရာရှိဆိုတော့ အစ်ကိုပြောတာ အမှန်ဆုံးဖြစ်မှာမို့ ပြေးလာတာဗျ။

သက် – အေးပါကွာ၊ မင်းကကားပွဲစားပဲ ဘာစိတ်ပူစရာရှိလဲ၊ အခွန်ဆောင်စရာ ကားမှ မရှိတာ။

ထွန်း – ဒီလိုလဲဘယ်ဟုတ်မလဲ အစ်ကိုရာ၊ ကျွန်တော်တို့ပွဲစားဆိုတာ အခွန်ကိစ္စ အပါအဝင် ဗဟုသုတစုံဖို့လိုတယ် အစ်ကိုရ။ ဒါနဲ့နေပါဦး၊ ကားတွေက အခွန်ဆောင်တာ မပြီးသေးဘူးလား။ အခုကောက်မှာ ကားအသစ်တွေကိုလား။

သက် – ဒီလိုကွ၊ ကားတွေထဲမှာ အချို့ကားတွေက အခွန်ဆောင်ပြီးသားတွေ ရှိပေမယ့် အချို့ကားတွေကျတော့ မဆောင်ကြရသေးဘူး။ အချို့ကားတွေကတော့ ကြိုတင်ခွန်ဆိုပြီး တချို့တစ်ဝက်ပဲ ဆောင်ထားကြရသေးတာကွ။ အခုတော့ ယာဉ်တွေအားလုံးတစ်ပြေးညီ ယာဉ်ပိုင်ဆိုင်မှုမှာ ပိုင်ရှင်အမှန်တွေရဲ့ အမည်ပေါက်တဲ့ယာဉ်တွေ စနစ်တကျဖြစ်စေဖို့ ပြုလုပ်တဲ့ စနစ်ကောင်းတစ်ခု ဖော်ဆောင်ဖို့လုပ်တာပဲကွ။ ယာဉ်တွေမှာ ပိုင်ရှင်မှန်တွေ ရှိပြီဆိုတော့ ရေရှည်မှာ ယာဉ်တွေနဲ့ပတ်သက်ပြီး လုံခြုံရေးကိစ္စတွေ၊ အခွန်ရှောင်တိမ်းတဲ့ကိစ္စတွေမှာ စိတ်ချသွားရပြီး စနစ်ကောင်းတစ်ခုရဲ့ လမ်းကြောင်းအမှန်ပေါ် ရောက်သွားတော့မှာကွ။

ထွန်း – ဒါဆိုရင်တော့ ရေရှည်အတွက် ကောင်းသွားတာပေါ့ဗျာ။ နောက်ဆိုရင် အခွန်ကိစ္စအတွက်လဲ စနစ်ကျပြီး ရှင်းလင်းသွားတာပေါ့။ ဒါနဲ့နေပါဦးဗျ၊ စနစ်သစ်မှာ ဘာတွေထပ်ထူးလာမှာလဲ။

သက် – ဒီလိုကွ၊ အရင်က ယာဉ်တစ်စီးကို လိုင်စင်သစ်လုပ်တာ၊ လိုင်စင်သက်တမ်းတိုးတာ၊ အမည်ပြောင်းတာတွေကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)မှာ လုပ်ပြီးမှ အခွန်ကိစ္စ ဆောင်ရွက်တော့ အချို့ကားတွေက အခွန်ဌာနကိုလာပြီး အခွန်မဆောင်ကြတော့ဘူး။ အခုစနစ်သစ်မှာတော့ အခွန်ဌာနမှာ အခွန်ကိစ္စ အရင်ဆောင်ရွက်ပြီး အခွန်ဌာနက စာရွက်စာတမ်းပါမှ ကုန်းလမ်းပို့ ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ လိုင်စင်သက်တမ်းတိုးကိစ္စ၊ အမည်ပြောင်းကိစ္စတွေလုပ်လို့ရမှာကွ။

ထွန်း – ဟာ– ဒါဆို ယာဉ်တွေဟာ နှစ်စဉ်အခွန်ဆောင်နေရမှာလား။

သက် – မဟုတ်ပါဘူးကွာ၊ အခွန်ဆောင်ပြီးသား ယာဉ်တစ်စီးကို အရောင်းအဝယ်မလုပ်ဘဲ မိမိဘာသာစီးနေရင် အခွန်ထပ်ဆောင်စရာမလိုပါဘူး။ အေး– ဒါပေမယ့် အဲဒီယာဉ်ကို ရောင်းတဲ့အခါမှာတော့ ရောင်းတဲ့လူနဲ့ ဝယ်တဲ့လူ နှစ်ဦးလုံးက အခွန်ဆောင်ကြရပြီး အမည်ပြောင်းကြရမှာပေါ့။ ဒါမှ ယာဉ်တွေမှာ ပိုင်ရှင်အစစ်အမည်တွေနဲ့ စနစ်တကျ ရှိနေမှာကွ။

ထွန်း – အခု ဒီစနစ်စလုပ်တော့ အရင်တုန်းကယာဉ်တွေကို အဆင့်ဆင့်ဝယ်ခဲ့၊ ရောင်းခဲ့တာတွေကော ဘယ်လိုလုပ်မှာလဲ။

သက် – အခုစနစ်သစ်စတဲ့အချိန်မှာ ယာဉ်လက်ဝယ်ရှိတဲ့ ပိုင်ရှင်တွေကို စပြီး သူတို့ပိုင် ယာဉ်ရဲ့ အခွန်ကိစ္စကိုရှင်းစေမှာကွ။ ပိုင်ရှင်အဆင့်ဆင့် နောက်ကြောင်းမပြန်တော့ပါဘူး။ အေး– အခုအစီအစဉ်နဲ့ နောက်ပိုင်းရောင်းဝယ်မှုတွေကျရင်တော့ စနစ်သစ်အတိုင်း စနစ်တကျ အခွန်ဆောင်ပြီးမှ အမည်ပြောင်းကြရတော့မှာပေါ့ကွာ။

ထွန်း – အင်း– ဒါဆိုရင်တော့ အရင်လို ငွေများများရှိတိုင်း ပိုင်ရှင်အမည်ခံတွေရဲ့ အမည်မျိုးစုံနဲ့ ကားတွေ ဝယ်၊ လှောင်၊ ရောင်း လုပ်လို့ မလွယ်တော့ဘူးပေါ့။ ဒါပေမယ့် ကျွန်တော်တို့ပွဲစားတွေ ထိခိုက်တယ်အစ်ကိုရ။

သက် – ဒါတော့ အများပြည်သူအကျိုးကို ပိုကြည့်ရမှာပေါ့ကွာ။ အရင်ကအဲဒီလို လုပ်ခဲ့ကြလို့ ကားဈေးတွေ အဆမတန်ကြီးခဲ့တာ မင်းလဲအသိပဲ မဟုတ်လား။

ထွန်း – နေပါဦးအစ်ကိုရ၊ အခုကားတွေအပေါ် အခွန်ကောက်မယ်ဆိုတဲ့ သတင်းတွေ အပြင်မှာကြားနေရတယ်။ ဘယ်လိုကောက်မှာလဲ၊ အခွန်နှုန်းတွေ တိုးကောက်မှာလား။

သက် – မင်းသိအောင်ရှင်းပြရရင် ပြည်ပကသွင်းလာပြီး အခွန်ဆောင်ပြီးစီးနေကြတဲ့ မူလပိုင်ရှင်လက်ဝယ်ရှိ ကားတွေ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှာ အခွန်ပြေကျေစွာ ပေးပြီးတဲ့ကားတွေ၊ အစိုးရဌာနဆိုင်ရာ ကားတွေ၊ ကုမ္ပဏီပိုင်ယာဉ်တွေဆို အခုထပ်ပြီး အခွန်ပေးစရာမလိုတော့ဘူးကွ။ အခုကောက်မှာက အခွန်မပြေကျေသေးတဲ့ ကားတွေကိုပဲ ကောက်မှာပါကွ။ အခွန်နှုန်းတွေလဲမတိုးပါဘူး။ အခွန်ဥပဒေနဲ့အညီပဲ ကောက်မှာပါ။ အခွန်ပေးဆောင်ရတာလဲ ပိုအဆင်ပြေ လွယ်ကူမြန်ဆန်အောင် လုပ်ပေးမယ်ကွာ။ ဒါ့အပြင် ယာဉ်တွေရဲ့တန်ဖိုးကို ဈေးဖြတ်တဲ့နေရာမှာလဲ ပြင်ပပေါက်ဈေးထက်လျှော့ပြီး သတ်မှတ်ဈေးနဲ့ တန်ဖိုးဖြတ်မှာပါ။ တစ်ခါ အခွန်ပေးဆောင်ရာမှာလဲ ဝင်ငွေရလမ်း ဖော်ပြတဲ့စနစ်လဲ ခွင့်ပြုပေးထားမှာပါ။ တကယ်လို့ ဝင်ငွေရလမ်း မဖော်ပြနိုင်တဲ့သူအတွက်တော့ ဝယ်တဲ့သူကို ယာဉ်သတ်မှတ်ဈေးရဲ့ ၁၅ရာခိုင်နှုန်းဝန်းကျင်လောက်နဲ့ ရောင်းတဲ့သူအတွက်တော့ သတ်မှတ်ဈေးရဲ့ ၅ရာခိုင်နှုန်းလောက်ပဲ ကျသင့်အောင် တွက်ချက်ပြီး ပေးဆောင်ခိုင်းမှာပါကွ။

ထွန်း – ဒါပေမယ့် အခုချိန်မှာ အချို့ယာဉ်ပိုင်ရှင်တွေအနေနဲ့ ငွေလုံးခနဲ ခဲခနဲ တစ်ကြိမ်တည်းနဲ့ဆောင်ဖို့ အခက်အခဲရှိရင် ဘယ်လိုလုပ်မလဲ။

သက် – အဲဒါအတွက်လဲ စီစဉ်ပေးထားပါတယ်ကွ။ ဥပမာ–တစ်လုံးတစ်ခဲတည်း အခွန်ပေးဆောင်ဖို့ အခက်အခဲရှိသူတွေအတွက် အရစ်ခွဲပြီးဆောင်နိုင်အောင်လဲ စီစဉ်ပေးထားမှာကွ။

ထွန်း – အေးဗျာ–ဒါဆိုရင်တော့ အခွန်ဆောင်ရမယ့်သူတွေအတွက် အတော်အဆင်ပြေကြမှာပဲ။ နောက်ပိုင်းအခွန်ရှောင်ကြတဲ့လူတွေလဲ အတော်နည်းသွားမှာ သေချာတယ်ဗျ။

သက် – ဒါပေါ့ကွာ၊ အခုစီစဉ်တာကိုက အခွန်ငွေတွေရရေးထက် နိုင်ငံတကာ အဆင့် ယာဉ်ပိုင်ဆိုင်မှုစနစ်ကောင်းတစ်ခု ပေါ်ပေါက်လာပြီး လူထုကြားထဲ စိမ့်ဝင်ပျံ့နှံ့သွားရေးဆောင်ရွက်တာက အဓိကဖြစ်တယ်ကွ။

ထွန်း – အခုလို သေချာရှင်းပြတာ ကျေးဇူးပါပဲအစ်ကိုရာ။ ကျွန်တော်လဲ ပြန်လိုက်ပါဦးမယ်။ ။

ကထိန်သင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၆

ရဟန်းရှင်လူ ပြည်သူများအား ကြိုက်နှစ်သက်သည့် ဝိနည်းညီ ဆိုက်ပြည့် အသစ်ချုပ်ထားသော ကရဝိက်ကထိန်သင်္ကန်းကို ဝယ်ယူလှူဒါန်းသူများသည် ဦးမြင့်–ဒေါ်လှမြင့်၊ သမီးမန္တွဲနွဲ့ရီ၊ ရန်ကုန်ပင်ရင်း အမှတ် (၆၅/၆၇) အထက် ကြည့်မြင်တိုင်လမ်း ဖုန်း–၅၁၁၇၁၄၊ ၅၄၂၆၅၆၀၉–၅၀–၁၆၆၃၅၊e-mail Mthu Baganmail net mm ရန်ကုန်ဆိုင်ခွဲ အမှတ် (၈၃) ဗိုလ်ချုပ်အောင်ဆန်းလမ်း (၄၉)လမ်းနှင့် (၅၀)လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ပြည်မြို့ပင်ရင်း အမှတ် (၅၄) ပန်းထိမ်တန်းလမ်းနှင့် အမှတ်(၈၂၂) ဗိုလ်ချုပ်လမ်း ပြည်မြို့တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၁၇–၁၀–၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၂၅ ၅။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၄:၅၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု
(က)တတိယနှစ်
(အရှေ့တိုင်းပညာ)
(ခ)ဒုတိယနှစ်(အင်္ဂလိပ်စာ)
၅:၃၅ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
“ဖန်ခြေနင်းနဲ့ ယမင်းရွှေစင်”
(အပိုင်း–၈)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ အရှင်ဇနကာဘိဝံသ
ထေရုပ္ပတ္တိမှတ်တမ်း
“ဝိဋကတ်ဉာဏ်ကွန့်မြူး ထူးချွန်သည့်ဆရာတော်”
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
“မုန်တိုင်းကြားက မြစ်တစ်စင်း”
(အပိုင်း–၃၄)

ကျိုင်းတုံအသင်း(ရန်ကုန်) ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၆

ကျိုင်းတုံအသင်း (ရန်ကုန်)က ကြီးမှူး၍ (၁၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ကပ်လှူပွဲ၊ အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ၏ မိဘများအား ပူဇော်ကန်တော့ပွဲ၊ ၂၀၀၃ ခုနှစ် အခြေခံပညာ အထက်တန်းအောင်မြင်သောအသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် (၆၃)၊ ခေမာရာမ ကျိုင်းတုံကျောင်းတိုက်တွင် နိုဝင်ဘာ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျိုင်းတုံနယ်သူ နယ်သားများအားလုံး ကြွရောက်ကြပါရန်နှင့် ကြိုတင်လှူဒါန်းလိုပါက ခေမာရာမ ကျိုင်းတုံကျောင်းတိုက် ဖုန်း–၆၆၄၇၂၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းသိရသည်။ **(က–ပ)**

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း အလားအလာညွှန်းတမ်း ထုတ်ပြန်ခြင်းနှင့် အများပြည်သူသို့ အစုရှယ်ယာများ စတင်ရောင်းချ

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းလီမိတက် MICTDC ၏အလားအလာ ညွှန်းတမ်း ထုတ်ပြန်ခြင်းနှင့် အများပြည်သူသို့ အစုရှယ်ယာများ စတင်ရောင်းချခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)၌ ကျင်းပသည်။

ရှေးဦးစွာ MICTDC ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သိန်းဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ဇော်မြင့်က MICTDC ၏ ဆောင်ရွက်လျက်ရှိသောတည်ဆောက်မှု လုပ်ငန်းများကို လည်းကောင်း၊ ဒါရိုက်တာ အဖွဲ့ဝင် ဦးသိန်းဦးက National Level Project လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဒါရိုက်တာ အဖွဲ့ဝင်ဦးတင်ဝင်းအောင်ကဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း အသီးသီး ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ကော်ပိုရေးရှင်းလီမိတက် (MICTDC) ၏ e-Government Project များ အဖြစ် e-Passport, e-Visa, Certification Authority, Smart School , Smart Card, e-Procurement, °Trade Electronic Data Interchange တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ရှေ့လုပ်ငန်းစီမံကိန်းများ အဖြစ် Project Application Service Provider (ASP), Data Processing Service, International Outsourcing, Budget PC Production & Distribution, Call Center and Information Service Provider Project များနှင့် တတိယအဆင့် အဖြစ်လေးထပ်ရှိ Cyber Mall (၁၈) ထပ်မြင့် Cyber Tower များ တည်ဆောက်ခြင်း တို့ကိုဆက်လက် ဆောင်ရွက်သွားမည့် အလားအလာ ညွှန်းတမ်းကို ဒါရိုက်တာ အဖွဲ့က ရှင်းလင်း တင်ပြကြသည်။ ထို့နောက် တက်ရောက်လာကြသူများက မေးမြန်း ဆွေးနွေးကြပြီး အစီအစဉ်အရ အများပြည်သူသို့ အစု ရှယ်ယာများ စတင်ရောင်းချကြောင်းကြေညာသည်။

MICTDC မှ ပထမဦးဆုံးအကြိမ် အဖြစ် အစုရှယ်ယာ အရေအတွက် ၅၀၀၀၀၀ကို အများပြည်သူသို့ တစ်စုလျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့် ယမန်နေ့မှစ၍ စတင်ရောင်းချလျက် ရှိကြောင်း သိရသည်။

(သတင်းစဉ်)

အောက်တိုဘာ ၁၅ရက်က တရားရုံးချုပ်မှ လူမှုထူးချွန်ဆု(တတိယဆင့်) ရရှိသူအား ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပညာရည်ချွန်ဆုရရှိသူများအား ဆုချီးမြှင့်ပွဲနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲတွင် တရားသူကြီးချုပ် ဦးအောင်တိုးက လူမှုထူးချွန်ဆု(တတိယဆင့်)ရရှိသူ ဦးခင်မောင်ချိုအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကြေးသွန်းဆင်းတုတော် ကုသိုလ်ပါဝင်လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၆

သန်လျင်မြို့ အောင်ချမ်းသာ (၃)ရပ်ကွက် ဆုထူးပန်ဝါးတောမြတ်မွန်ဝေဠုဝန် ဓမ္မရိပ်သာကျောင်းတိုက် အတုလဂုဏ်ရည်သိမ်ကျောင်း ဓမ္မာရုံ၌ သီတင်းသုံးကိန်းဝပ်စံပယ် အပူဇော်ခံမည့် ဥဒ္ဒိဿရုပ်ပွားကြေးသွန်းဆင်းတုတော်နှင့် ပလ္လင်တံကဲအတွက် ငွေကျပ်သိန်း ၂၀ လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက်က အမှတ် (၁၅) နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ပရိယတ္တိစာသင်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့်နဝကမ္မဝတ္ထုငွေများကို အလှူဒါယကာများဖြစ်ကြသော ဦးစိုးလှ၊ ဒေါ်လီလီမြင့် မိသားစုနှင့် ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညို လှူဒါန်းကြသည်။ (က–ပ)

ထူးခြားဆန်းကြယ်ရောင်ခြည်၊ ဆေးမြီးတိုရောင်ခြည်၊ ဆေးဗေဒရောင်ခြည်၊ နေ့စဉ်သုံး ဘ၀ လမ်းညွှန်ရောင်ခြည်များပါရှိပြီး အမှတ် ၂၃၃၊ ၂၉ လမ်း၊ ဖုန်း–၂၄၂၂၈၄၊ ရန်ကုန်မြို့က ဖြန့်ချိလိုက်သည့် ယခုလထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမျက်နှာဖုံး။ (က–ပ)

ပဲခူးတိုင်း ပဲနွယ်ကုန်းအထက အာစရိယပူဇော်ပွဲကျင်းပ

ပဲနွယ်ကုန်း အောက်တိုဘာ ၁၆

ပဲခူးတိုင်း ပဲနွယ်ကုန်း အထက ကျောင်းသားကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အောက်တိုဘာ ၁၁ ရက်(သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)စနေနေ့တွင် မြို့မသာသနာ့ရိပ်သာ ဗိမာန်တော်ကြီး(ယခင် အထက ကျောင်းဟောင်းနေရာ)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသားကျောင်းသူဟောင်း ၅၀၀ကျော်က ဆရာကြီး ဆရာမကြီး ၅၀ အား ငွေကျပ် ၁၃၅၀၀၀၀ ခန့် တန်ဖိုးရှိ ကန်တော့ခံငွေနှင့် ပစ္စည်းများဖြင့် လက်အုပ်ချီမိုးကန်တော့ကြပြီး နှစ်စဉ်မပျက် ပူဇော်ပွဲကျင်းပနိုင်ရေးအတွက် ငွေပဒေသာပင်အဖြစ် ငွေကျပ် ၁၆သိန်း စိုက်ထူခဲ့ကြောင်းသိရသည်။(က–ပ)

နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် (၁၂)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၉ ရက်က မြို့တော်ခန်းမ၌ကျင်းပရာ ကျင်းပရေးကော်မတီနာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းထံ ဦးမြင့်နိုင် ငပလီဆောက်လုပ်ရေး (ရွှေမြယာ အဆင့်မြင့်အိမ်ရာစီမံကိန်း)က ငွေကျပ် နှစ်သိန်းပေးအပ်လှူဒါန်းစဉ်။ (၂၁၀)

မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ–တရုတ်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့စည်းဝေး

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေးဆိုင်ရာအာဆီယံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း အဖွဲ့–၃ (တားဆီးနှိမ်နင်းရေး)လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel ၌ ကျင်းပသည်။

အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အပါအဝင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များ၊ ဗန်ကောက်မြို့ UNODC ဒေသရုံးမှ ဌာနေကိုယ်စားလှယ် Mr. Sandro Calvani°၊ ဂျကာတာမြို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Senior Official Mr. Keo Chhea နှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ကြပြီး လေ့လာသူများအဖြစ် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်၊ ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ဥရောပအဖွဲ့ဝင်နိုင်ငံ သံရုံးများမှကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် Task Force III ခေါင်းဆောင် ရဲမှူးကြီးခမ်းအောင်က သဘာပတိအဖြစ်ဆောင်ရွက်ကာ နိုင်ငံအလိုက် တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့ဆိုင်ရာကိစ္စရပ်များနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတွင် အာဆီယံနှင့် တရုတ် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း စီမံချက် ကြီးကြပ်ဆောင်ရွက်ရာ၌ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုဆွေးနွေးသည်။ (သတင်းစဉ်)

သတင်းနှင့်ဆက်သွယ်ရေးနည်းပညာသရုပ်ပြရှင်းလင်း

ရန်ကုန် အောက်တိုဘာ ၁၆

Kyaw Zeyar Telecommunication Services Co., Ltd.°နှင့် Panasonic Communications Co., Ltd. တို့ပူးပေါင်း၍ Panasonic Communication°ပစ္စည်းအသစ်များနှင့် ရုံးသုံးပစ္စည်းအသစ်များ မိတ်ဆက်ခြင်းနှင့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာကဏ္ဍကို အထောက်အကူဖြစ်စေမည့် Panasonic Hybrid Ip-PBX System°သရုပ်ပြရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက လှိုင်မြို့နယ်ရှိ MICT Park အခန်းအမှတ် ၂၀၂ တွင်ပြုလုပ်ရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများ၊ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ စိတ်ပါဝင်စားသူများတက်ရောက်သည်။

ထို့နောက် Panasonic Communications Co.,Ltd. မှ Mr.Chew Aik Hung က Panasonic Communications ပစ္စည်းအသစ်များ၊ ရုံးသုံးပစ္စည်းအသစ်များ၊ Panasonic Hybrid IP-PBX System°တို့ကို ရှင်းလင်းတင်ပြသည်။ Panasonic Hybrid IP-PBX ၏ထူးခြားချက်မှာ လိုင်းခွဲတယ်လီဖုန်းများအချင်းချင်း Computer Networking System°နှင့် ချိတ်ဆက်၍ သတင်းအချက်အလက်များ ရယူခြင်း၊ ပေးပို့ခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယနေ့ရှင်းလင်းပြသသည့် Panasonic°ထုတ်ကုန်များကို အောက်တိုဘာ ၁၇ ရက်၌ တပ်မတော်ခန်းမတွင်ပြသမည့် The 5th International I CT Exhibition ပြပွဲအခန်းအမှတ် C3–C4တွင် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

သက်ကြီးဗိသုကာများအား ပူဇော်ကန်တော့ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ အသက်(၇၀)နှင့် အထက်သက်ကြီးအင်ဂျင်နီယာနှင့် ဗိသုကာများ ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်နည်းပညာတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ အနေဖြင့် ပါဝင် လှူဒါန်းလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း–၆၅၂၂၉၄၊ ၆၅၂၂၉၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

သင်တန်းများတက်ရောက်နိုင်

ရန်ကုန် အောက်တိုဘာ ၁၆

ဂျပန်ဘာသာစကားကို အခြေခံပိုင်နိုင်စွာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်အောင် ခေတ်မီထိရောက်သော သင်ရိုးညွှန်းတမ်းများဖြင့်သင်ကြားပေးမည်ဖြစ်ပြီး ကျွမ်းကျင် ကျောင်းသားကျောင်းသူများ ပညာသင်ဆု ဆက်လက်တက်ရောက်ရာတွင် အကူအညီပေးမည်ဖြစ်သည်။ အကူသူနာပြုသင်တန်းများကိုလည်း ဝါရင့်ကျွမ်းကျင် ဆရာမကြီးများက လုပ်ငန်းခွင်တွင် လုပ်ကိုင်နိုင်သည့်အဆင့်ထိ စာတွေ့ လက်တွေ့ တတ်ကျွမ်းအောင် သင်ကြားပေးလျက်ရှိသည်။ အင်တာနက်သုံးစွဲရန် စီစဉ်ပေးထားရာ အမှတ် ၆၆၊ သုံးလွှာ၊ ရွှေတိဂုံဘုရားလမ်း၊ ကျားကူးဗိမာန်ကျောင်းတိုက်ရှေ့၊ ဒဂုံ မြို့နယ်၊ ဖုန်း–၇၂၀၉၆၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

စီးပွားရေးပညာရပ်ဆိုင်ရာဟောပြောပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ) CGA က ကြီးမှူး၍ (၁၆)ကြိမ်မြောက် စီးပွားရေးပညာရပ်ဆိုင်ရာဟောပြောပွဲကို အောက်တိုဘာ ၂၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် Room 205, MICT Park(လှိုင်နယ်မြေ)၌ ကျင်းပမည်ဖြစ်ရာ ဦးသိန်းအောင် ကထိက (ငြိမ်း)ရန်ကုန်စီးပွားရေးတက္ကသိုလ်က Man and Work ခေါင်းစဉ်ဖြင့် ဟောပြော ဆွေးနွေးမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အမှတ်၃၇/၄၁၊လမ်း၅၀(အောက်)၊ ဖုန်း – ၂၉၁၆၆၇၊ အတွင်းရေးမှူး ဦးကြည်သာစိုး ဖုန်း–၇၂၃၀၇၂၊ ၂၈၆၈၉၄၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းအောင် ၀၉၉၉–၂၂၂၅၀တို့ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

Access Prepaid Dial-Up Kit Access အင်တာနက်ကတ်မိတ်ဆက်ရှင်းလင်း

ရန်ကုန် အောက်တိုဘာ ၁၆

Bagan Cybertech Co., Ltd. ၏ ဝန်ဆောင်မှု အသစ်ဖြစ်သည့် အင်တာနက်ကို အလွယ်ကူဆုံးချိတ်ဆက်ကြည့်ရှုနိုင်သော Access Prepaid Dial-Up Kit(Access အင်တာနက်ကတ်)မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို အောက်တိုဘာ ၉ ရက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် သတင်းစာတိုက်များ၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း)တို့မှ ညွှန်ကြားရေးမှူး(စီမံ)နှင့် စာတည်းမှူးချုပ်များ၊ Bagan Cybertech Co., Ltd. မှ အမှုဆောင်အရာရှိချုပ် ဒေါက်တာ ရဲနိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ ကွန်ပျူတာနှင့်သက်ဆိုင်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ မဂ္ဂဇင်း၊ ဂျာနယ်များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Bagan Cybertech Co., Ltd. မှ ဈေးကွက်ဖော်ဆောင်ရေး မန်နေဂျာ ဦးမောင်မောင်ကျော်သာက Access Prepaid Dial-Up Kit အကြောင်း မိတ်ဆက်ပြောကြားပြီး ဗီဒီယိုဆလိုက်များဖြင့် အင်တာနက်ကတ်များ အသုံးပြုနည်း၊ အင်တာနက်ကတ် အသုံးပြုကြာမြင့်ချိန်နှင့် ဈေးနှုန်းများ၊ အင်တာနက်ကတ်များ ဝယ်ယူရရှိနိုင်မည့် နေရာများကိုလည်း ကောင်း၊ Technical Operation မန်နေဂျာ ဦးဖြိုးဝေစိုးက အင်တာနက်ကတ် အသုံးပြုရန် နည်းပညာပိုင်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ (သတင်းစဉ်)



အမှတ် ၁၂၇၊ မြေညီထပ်၊ ၄၃ လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၉၆၄၀၃က နိုဝင်ဘာလအတွက် ထုတ်ဝေသော Idea မဂ္ဂဇင်းမျက်နှာဖုံး။ (က–ပ)

ဆဒ္ဒန်ဆင်မင်းဇာတ်တော် ဒုတိယနေ့ပြိုင်ပွဲ ရောဝတီတိုင်းမှ ဦးအောင်စိုးမင်းအဖွဲ့ ယှဉ်ပြိုင်

ရန်ကုန် အောက်တိုဘာ ၁၆

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဒ္ဒန်ဆင်မင်း ဇာတ်တော်ပြိုင်ပွဲ ဒုတိယနေ့အဖြစ် ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ ရောဝတီတိုင်းမှ ဦးအောင်စိုးမင်း အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။

ဆဒ္ဒန်ဆင်မင်းဇာတ်တော်ပြိုင်ပွဲသို့ ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက အဖွဲ့ဝင်များဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းနှင့်ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊စာပေ၊သဘင်နှင့်ဂီတအနုပညာရှင်ကြီးများ၊မြန်မာ့ယဉ်ကျေးမှုအနုပညာကို လေးစားတန်ဖိုးထားကြသည့် ပြည်သူများလာရောက်ကြည့်ရှုအားပေးကြသည်။

ဆဒ္ဒန်ဆင်မင်းဇာတ်တော်ယှဉ်ပြိုင်ပွဲတွင် ရောဝတီတိုင်းမှ ဦးအောင်စိုးမင်းအဖွဲ့က မြတ်ဗုဒ္ဓ၏ဖြစ်တော်စဉ် ငါးရာငါးဆယ်နိပါတ်တော်၌ ပါဝင်သော ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းဘဝဖြစ်စဉ်ကို အနုပညာရသစုံလင်စွာဖြင့် သရုပ်ဖော် ကပြယှဉ်ပြိုင်တင်ဆက်ရာ အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးချစ်ဦးညိုနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။ **(သတင်းစဉ်)**



အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ကန့်ဘလူအသင်း(ရန်ကုန်)မွေးရပ်မြေ၌ကထိန်ခင်းမည်

ရန်ကုန် အောက်တိုဘာ ၁၆

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် သာသနာ့ ဗိမာန်တော်၌ နိုဝင်ဘာ ၈ ရက် (တန်ဆောင်မုန်းလပြည့်)တွင်ကျင်းပမည့် (၅၉)ကြိမ်မြောက် မြို့လုံးကျွတ် မဟာဘုံကထိန်ပွဲတွင် ကန့်ဘလူအသင်း (ရန်ကုန်) တတိယအကြိမ်ပါဝင်မည်ဖြစ်သည်။ နိုဝင်ဘာ ၅ ရက်တွင် ရန်ကုန်မှ မီးရထားဖြင့်ထွက်ခွာပြီး ရန်ကုန်သို့ နိုဝင်ဘာ ၁၁ ရက် ပြန်ရောက်မည်။ နဝကမ္မ လှူဒါန်းလိုကြသူများနှင့် မီးရထားနှင့် အသွားအပြန် လိုက်ပါလိုသူများသည် ဥက္ကဋ္ဌ ဦးသောင်းစိန် ဖုန်း-၂၂၃၅၀၇၊ ၅၄၂၆၈၄၊ အတွင်းရေးမှူး ဦးမြင့်တင် ဖုန်း-၂၉၀၅၄၂၊ တွဲဖက်အတွင်းရေးမှူး ဦးကြီးမောင် ဖုန်း-၆၃၅၈၃၂၊ အမှုဆောင် ဒေါ်ခိုင်ခိုင် ဖုန်း-၅၄၅၁၇၃၊ ၅၅၇၁၅၈၊ ဘဏ္ဍာရေးမှူး ဦးတင်ထွန်းအောင် ဖုန်း-၆၄၃၅၁၆ နှင့် ၆၄၃၀၃၅ တို့ထံ အောက်တိုဘာ ၂၆ ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စာမျက်နှာ ၁၀ မှ

ပထမဆုရ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်မှ ဦးစံရ၊ ဒုတိယဆုရ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နယ်မှ ဦးဉာဏ်ဝင်းနှင့် တတိယဆုရ မကွေးတိုင်း အောင်လံမြို့နယ်မှ ဦးကျော်ဝင်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက ရော်ဘာစိုက်ပျိုးမှု ထူးချွန်ခြံရှင် ခြံကြီးဆုရ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဟိုပန်မြို့နယ်မှ ဦးရွှမ်းကြူး၊ ခြံလတ်ဆုရ ရန်ကုန်တိုင်း တိုက်ကြီး မြို့နယ်မှ ဦးယုမောင်နှင့် ခြံငယ်ဆုရ မွန်ပြည်နယ် မုဒုံမြို့နယ်မှ ဒေါ်သိန်းမြင့် တို့အားလည်းကောင်း၊ ဆီအုန်းစိုက်ပျိုးမှု ထူးချွန်ခြံရှင် ခြံကြီးဆုရ တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ်မှ တောင်ဒဂုန်ကုမ္ပဏီ၊ ခြံလတ်ဆုရ တနင်္သာရီတိုင်း ပုလော မြို့နယ်မှ ဗင်းတော့ချ်ကုမ္ပဏီနှင့် ခြံငယ်ဆုရ တနင်္သာရီတိုင်း သရက်ချောင်း မြို့နယ်မှ ဦးဝင်းသိန်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော် စန်ဝင်းက သီဟိုဠ်စိုက်ပျိုးမှု ထူးချွန်ခြံရှင် ခြံကြီးဆုရ ပဲခူးတိုင်း (အရှေ့ပိုင်း) အုတ်တွင်းမြို့နယ်မှ ဦးခင်မောင်ဝင်း၊ ခြံလတ်ဆုရ ဧရာဝတီတိုင်း ပုသိမ် မြို့နယ်မှ ဦးကျားမင်းနှင့် ခြံငယ်ဆုရ ဧရာဝတီတိုင်း သာပေါင်းမြို့နယ်မှ ဦးတင်စိုးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က မက္ကဒေးမီးယားစိုက်ပျိုးမှု ထူးချွန်ခြံရှင်ဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချို မြို့နယ်မှ ဦးမင်းဉာဏ်ရှိန်၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်နှင့် ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်မှု ထူးချွန်တောင်သူဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်မှ ပန်းဆေး ဦးကျော်မြင့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေက ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရ တနင်္သာရီ တိုင်း ကော့သောင်းမြို့နယ်၊ သီဟိုဠ်စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့နယ်နှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်မှ ဦးစိုင်းအိုက်ပေါင်းတို့အား ဆုများပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ဂုန်လျှော်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်မောင်က ဂုန်လျှော်စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရ ပဲခူးတိုင်း (အနောက်ပိုင်း) မိုးညိုမြို့နယ်၊ ဂုန်လျှော်စိုက်ပျိုးထုတ်လုပ်မှုထူးချွန်တောင်သူ ဆုရ ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်မှ ဦးတင်သန်းနှင့် ဂုန်လျှော်စိုက်ပျိုး ထုတ်လုပ်မှု ထူးချွန်အဝယ်စခန်းဆုရ ပဲခူးတိုင်း (အနောက်ပိုင်း) မိုးညိုမြို့နယ် မြို့မအဝယ်စခန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးလှ ထွန်းက စာစီစာကုံးပြိုင်ပွဲ စိုက်ပျိုးရေးတက္ကသိုလ်အဆင့် ပထမဆုရ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ မနန်းကေသီလှိုင်နှင့် ဒုတိယဆုရ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ မောင်ဇော်မျိုးကျော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ် ဗိုလ်မှူးကြီးရဲဖုန်းမြင့်က စာစီစာကုံးပြိုင်ပွဲ စိုက်ပျိုးရေးသိပ္ပံအဆင့် ပထမဆုရ မြောင်းမြစိုက်ပျိုးရေးသိပ္ပံမှ မောင်အောင်ကျော်သူထွန်း၊ဒုတိယဆုရ ပုသိမ်ကြီး စိုက်ပျိုးရေးသိပ္ပံမှ မောင် N.တူးဆိုင်နှင့် တတိယဆုရ ပုသိမ်ကြီး စိုက်ပျိုးရေးသိပ္ပံမှ မောင်နိုင်ထွန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ပိုစတာပြိုင်ပွဲ စိုက်ပျိုးရေးသိပ္ပံအဆင့် ပထမဆုရ မြောင်းမြ စိုက်ပျိုးရေးသိပ္ပံမှ မောင်စောကျော်လင်းမောင်၊ ဒုတိယဆုရ သာယာဝတီ စိုက်ပျိုးရေးသိပ္ပံမှ မောင်အေးမင်းထွန်းနှင့် တတိယဆုရ ပုသိမ်ကြီး စိုက်ပျိုးရေး သိပ္ပံမှ မောင်သူရဟိန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက ရိက္ခာထုတ်လုပ်မှု ထူးချွန်ဆု စိုက်ပျိုးရေး သိပ္ပံအဆင့် ပထမဆုရ ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီစိုက်ပျိုးရေးသိပ္ပံနှင့် ဒုတိယ ဆုရ မန္တလေးတိုင်း ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံတို့အားလည်းကောင်း၊ တစ်နိုင် တစ်ပိုင် အိမ်ခြံစိုက်ပျိုးရေး တယ်လီဖုစီမံကိန်းအိမ်ထောင်စုအဆင့် ထူးချွန်ဆုရ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်မှ ဦးညွန့်မောင်အားလည်းကောင်း ဆုများပေးအပ် ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

✻ *ကောဒသမအကြိမ်မှ*

ဒေါ်အိခိုင်စိုး၊ ရန်ကုန်တိုင်းမှ မမေနှင်းဝေ၊ ကရင် ပြည်နယ်မှ နော်နွယ်နီလင်း(မြိုင်ကြီးငူ)၊ မကွေးတိုင်းမှ မအေးအေးထွေး၊ ရှမ်းပြည်နယ်မှ မဇာဇာယမင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အကပြိုင်ပွဲ၏ အခြေခံပညာအဆင့်အသက် (၅-၁၀) နှစ်(အမျိုးသား)အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ချင်းပြည်နယ်မှ မောင်ဖြိုးရာဇာနိုင်၊ မွန်ပြည်နယ်မှ မောင်ဉာဏ်ဝင်း၊ ပဲခူးတိုင်းမှ မောင်ဟန်ဝင်းထွဋ်၊ စစ်ကိုင်းတိုင်းမှ မောင်ပိုင်ထက်အောင်၊ မန္တလေးတိုင်းမှ မောင်မင်းပိုင်စေ၊ မကွေးတိုင်းမှ မောင်မိုးဟိန်းကျော်၊ ကယားပြည်နယ်မှ မောင်ပြည်သိန်းကျော်၊ရှမ်းပြည်နယ်မှ မောင်ဇော်လင်းကို၊ ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းဇော်၊ ဧရာဝတီတိုင်းမှ မောင်စွမ်းပြည့်ထက်၊ မန္တလေးတိုင်းမှ မောင်နေထက်လင်း၊ ရခိုင်ပြည်နယ်မှ မောင်လဝန်းထွဋ်၊ ရန်ကုန်တိုင်းမှ မောင်ညီညီဇော်လင်းထက်၊ ကရင်ပြည်နယ်မှ စောထွန်းထွန်းလင်း(မြိုင်ကြီးငူ)နှင့်ရန်ကုန်တိုင်းမှ မောင်နိုးနိုးလပြည့်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌ နံနက် ၉နာရီတွင် ဆက်လက်ကျင်းပသည်။

အခြေခံပညာအဆင့်(၅-၁၀)နှစ် သီချင်းစာသားရေး တေးသွားထည့် ပြိုင်ပွဲတွင် 'မိဘဆရာရှိသေပါ' သီချင်း ခေါင်းစဉ်ဖြင့် ကယားပြည်နယ်မှ မထက်ထက်စိုး၊ မွန်ပြည်နယ်မှ မသုဇင်ဇင်အောင်၊ ပဲခူးတိုင်းမှ မသင်းမြတ်မြတ်စိုး၊ မကွေးတိုင်းမှ မမေသိမ့်ကျော်၊ မန္တလေးတိုင်းမှ မောင်ထွန်းရာဇာဦး၊ မန္တလေးတိုင်းမှ မနန္ဒာထက်ထက်အောင်၊ ရန်ကုန်တိုင်းမှ မအေးမြတ်သူ၊ ရန်ကုန်တိုင်းမှ မောင်ကျော်စိုးဟန်နှင့် ဧရာဝတီတိုင်းမှ မဆုသက်သဇင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့် သီချင်းစာသားရေး တေးသွားထည့် ပြိုင်ပွဲတွင် 'ပညာရဲရင့် ပွဲလယ်တင့်' သီချင်း ခေါင်းစဉ်ဖြင့် မွန်ပြည်နယ်မှ မအေးမင်းစိုး၊ ရခိုင်ပြည်နယ်မှ မခင်မိမိမိုး၊ စစ်ကိုင်းတိုင်းမှ မခင်ချစ်စုမာ၊ တနင်္သာရီတိုင်းမှ မောင်ဇော်ထွန်းသောင်း၊ ပဲခူးတိုင်းမှ မောင်စည်သူအောင်၊ မန္တလေးတိုင်းမှ မောင်ဇော်မင်းဦး၊ မန္တလေးတိုင်းမှ မောင်ဝါဆိုချမ်းမြေ့၊ ရန်ကုန်တိုင်းမှ မမူမူဆွေ၊ ရန်ကုန်တိုင်းမှ မောင်အောင်နိုင်ထွန်းနှင့် ဧရာဝတီတိုင်းမှ မောင်လင်းထွဋ်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

သီချင်းစာသားရေး တေးသွားထည့် ပြိုင်ပွဲကို အရေးအကဲဖြတ် ခေါင်းဆောင် ဗိုလ်ကလေးဦးတင့်အောင်က ကြပ်မတ်ဆောင်ရွက်ပေးသည်။

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာ အဆင့် (အမျိုးသား) ဆိုင်းဝိုင်းကြီး (အဖွဲ့လိုက်) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်လွင်ကိုကိုဦးနှင့် အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်မျိုးသန့်နှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်အောင်အောင်နှင့် အဖွဲ့တို့ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်းဝိုင်းကြီး (အဖွဲ့လိုက်) ပြိုင်ပွဲတွင် ဗဟိုအကဲဖြတ်အဖွဲ့ဝင် ဦးစိန်မြင့်ခိုင်နှင့် အဖွဲ့ဝင်များက ကြီးကြပ်အမှတ်ပေးကြပြီး နံနက်ပိုင်း အစီအစဉ်ကို ခေတ္တရပ်နားသည်။

မွန်းလွဲ၁နာရီတွင် အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဝါသနာရှင် အဆင့်အမျိုးသားဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ဦးကိုကိုဇော်နှင့် အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးရွှေကျည်ဆံနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးမြမြင့်အောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မြန်မာပြည်သားလေး ဖိုးဇော်နှင့် အဖွဲ့၊ ရန်ကုန်တိုင်းမှ ပတ္တမြားစတင်းနှင့် အဖွဲ့၊ မကွေးတိုင်းမှ ဦးကျော်ဆန်းဝင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးမျိုးသန့်တင်(ခ) ဗိုလ်ဗိုလ်သိန်းနှင့်အဖွဲ့၊ ပဲခူးတိုင်းမှ ဦးနိုင်မိုးနှင့်အဖွဲ့နှင့် မွန်ပြည်နယ်မှ ဗိုလ်ဝင်းသူနှင့် အဖွဲ့တို့ ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့်အမျိုးသား ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲတွင် ဗဟို အကဲဖြတ်အဖွဲ့ဝင် ဦးစိန်ညွှန့်လှိုင်နှင့် အဖွဲ့ဝင်များက ကြီးကြပ်အမှတ် ပေးကြသည်။

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို ကမ္ဘာအေးစေတီလမ်းရှိ အနုပညာ ဦးစီးဌာန ကမ္ဘောဇဓာတ်ရုံ၌ နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသည်။

ပညာရှင်အဆင့်(အမျိုးသား)တယောပြိုင်ပွဲတွင် 'အောင်မြေမြမန်း'(ပတ်ပျိုး) သီချင်းဖြင့် ရခိုင်ပြည်နယ်မှ ဦးဘခက်၊ ဧရာဝတီတိုင်းမှ ဦးပိုက်၊ ရန်ကုန်တိုင်းမှ ဦးသန်းထွန်း၊ မန္တလေးတိုင်းမှ ဦးတင်ဝင်း၊ ကချင်ပြည်နယ်မှ ဦးကြည်မောင်၊ မန္တလေးတိုင်းမှ ဦးခင်မောင်ကြည်၊ မွန်ပြည်နယ်မှ ဦးဘသက်၊ ရန်ကုန်တိုင်းမှ ဦးခင်မောင်ရင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပညာရှင်အဆင့် (အမျိုးသမီး) တယောပြိုင်ပွဲတွင် 'အောင်မြေသာစံ' (ပတ်ပျိုး)သီချင်းဖြင့် ကချင်ပြည်နယ်မှ မခိုင်ဇာကြည် ပါဝင်ယှဉ်ပြိုင်သည်။

အခြေခံပညာအဆင့်(၅-၁၀)နှစ် (အမျိုးသား)တယောပြိုင်ပွဲတွင်'သီလာမြေယံ'(ကြိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ကျော်ဝဏ္ဏ၊ ရန်ကုန်တိုင်းမှ မောင်ဟေရှားယားထော၊ မန္တလေးတိုင်းမှ မောင်မျိုးသီဟကို၊ ကယားပြည်နယ်မှ မောင်စောသက်အောင်ထွန်းထွန်းနှင့် ရန်ကုန်တိုင်းမှ မောင်ညီညီလွင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့်(၅-၁၀)နှစ် (အမျိုးသမီး) တယောပြိုင်ပွဲတွင် 'တပ်မတော်အင်အား'(ခေတ်ဟောင်းကာလပေါ်)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မသည်းစုစိုးဝင်း၊ ကယားပြည်နယ်မှ မနောဒိုနေထူး၊ ရန်ကုန်တိုင်းမှ မခေါင်နော၊ မန္တလေးတိုင်းမှ မနွယ်မျိုးအေး၊ မွန်ပြည်နယ်မှ မသင်းသင်းယုအောင်နှင့် မန္တလေးတိုင်းမှ မရတနာစွမ်းထက်ကျော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့်(၁၀-၁၅)နှစ် (အမျိုးသား)တယောပြိုင်ပွဲတွင်'မေတ္တာဂုဏ်' (ခေတ်ဟောင်းကာလပေါ်) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုး၊ ရန်ကုန်တိုင်းမှ မောင်သန်းထိုက်အောင်၊ ကယားပြည်နယ်မှ စောကလိုထူးဒို၊ မန္တလေးတိုင်းမှ မောင်ရန်နိုင်အောင်၊ ကချင်ပြည်နယ်မှ မောင်နေလင်းစိုးနှင့် ရန်ကုန်တိုင်းမှ မောင်မင်းသုခ တို့ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့်(၁၀-၁၅)နှစ် (အမျိုးသမီး) တယောပြိုင်ပွဲတွင် 'မြန်ခန်းကျွန်းတွင်း'(ကြိုး)သီချင်းဖြင့် မွန်ပြည်နယ်မှ မစန္ဒာချို၊ ဧရာဝတီတိုင်းမှ မထက်မြတ်မွန်၊ ရန်ကုန်တိုင်းမှ မခင်နန္ဒာထွန်း၊ တနင်္သာရီတိုင်းမှ မသက်ဖူးလှိုင်၊ ရန်ကုန်တိုင်းမှ မသီရိလှိုင်နှင့် ကယားပြည်နယ်မှ မနောမေသောထူးရှိန်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

တယောပြိုင်ပွဲများကို အတီးအကဲဖြတ်ခေါင်းဆောင် တယောဦးတင်ရီနှင့် အဖွဲ့ဝင်များက ကြပ်မတ် ဆောင်ရွက်ပေးကြသည်။ **(သတင်းစဉ်)**

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ပြိုင်ပွဲ အစီအစဉ်ဇယား

နေရာ ➡		(အမျိုးသားပြတိုက်)	(အမျိုးသားဇာတ်ရုံ)	(ပန်တျာကျောင်း)	(ကမ္ဘောဇဓာတ်ရုံ)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	**ရက်စွဲ**	**အဆို**	**အက/ဇာတ်သဘင်**	**အရေး**	**အတီး**	**အတီး**
၄	၁၇-၁၀-၂၀၀၃ (သောကြာနေ့)	**ဓမ္မပူဇာတေး(နံနက်)** (၁) ဝါသနာရှင်(ကျား) **ခေတ်ဟောင်း/ကာလပေါ် (နေ့လယ်)** (၂) အခြေခံ(၅-၁၀)(မ)	**အမျိုးသားအက(နံနက်)** (၁) ပညာရှင် **အမျိုးသမီးအက (နေ့လယ်)** (၂) အဆင့်မြင့် **ဆဒ္ဒန်ဆင်မင်း ဇာတ်တော်ကြီး (ညပိုင်း)** (စစ်ကိုင်းတိုင်း ပန်တျာမြကြည် ဇာတ်အဖွဲ့)	**အရေးပြိုင်ပွဲဝင်များ သီချင်းလေ့ကျင့်ခြင်း** (၁) အခြေခံ(၅-၁၀) (၂) အဆင့်မြင့်	**ပတ္တလား** (၁) ဝါသနာရှင်(ကျား) **(နံနက်)** (၂) အခြေခံ(၁၅-၂၀)(မ) **(နေ့လယ်)**	**စောင်း** (၁) ပညာရှင်(ကျား+မ) **(နံနက်)** (၂) အခြေခံ(၁၅-၂၀)(မ) **(နေ့လယ်)** (၃) အခြေခံ(၁၀-၁၅)(ကျား) **(နေ့လယ်)**

(ဆက်လက်ဖော်ပြပါမည်။)

အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အထိ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဟူနန်ပြည်နယ် ချန်ဆားမြို့၌ ကျင်းပမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် မြို့ပြများ အားကစားပွဲတော်သို့ တက်ရောက်ရန် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၆ ရက် ညက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားစဉ်။

(သတင်းစဉ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲယနေ့ယှဉ်ပြိုင်ကစားမည်

၂၀၀၃ခုနှစ် (၁၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို အောက်တိုဘာ ၁၇ ရက် (ယနေ့)ညနေ ၃ နာရီခွဲတွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့်အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်

ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းသည် ပထမအဆင့်တွင် အုပ်စု(က) မော်လမြိုင်ဇုန်၌ ပါဝင်ခဲ့သည်။

ပထမအဆင့်ပွဲစဉ်များယှဉ်ပြိုင်ကစားရာတွင် တပ်မတော်(ရေ) အသင်းကိုတစ်ဂိုး-ဂိုးမရှိ၊ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-တစ်ဂိုး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လေးပွဲကစား၊ လေးပွဲနိုင် (၁၂)မှတ်ဖြင့် အုပ်စုပထမ ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်လာခြင်းဖြစ်သည်။

ဒုတိယအဆင့်တွင် (ခခ) အုပ်စု၌ ပါဝင်ခဲ့သည်။ ဒုတိယအဆင့် ပွဲစဉ်များယှဉ်ပြိုင်ကစားရာတွင် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကာကွယ်ရေးဝန်ကြီးဌာနစခန်းမှူးရုံးအသင်းနှင့်ဂိုးမရှိသရေကျခဲ့သည်။

လေးပွဲကစား၊ သုံးပွဲနိုင်၊ တစ်ပွဲသရေ (၁၀)မှတ်ဖြင့် အုပ်စုပထမရရှိကာ အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။

ကိုထွေး

အနောက်တောင်တိုင်းစစ်ဌာနချုပ်

အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းသည် ပထမအဆင့်တွင် အုပ်စု(ဂ) မုံရွာဇုန်၌ပါဝင်ခဲ့သည်။

ပထမအဆင့် အုပ်စုပွဲစဉ်များယှဉ်ပြိုင်ကစားရာတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ၁၀ဂိုး-ဂိုးမရှိ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အသင်းကို လေးဂိုး-ဂိုးမရှိ၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး တပ်မတော်(လေ)အသင်းနှင့် ဂိုးမရှိ သရေကျခဲ့သည်။ လေးပွဲကစား၊ သုံးပွဲနိုင်၊ တစ်ပွဲသရေ (၁၀)မှတ်ဖြင့် အုပ်စုဒုတိယရကာ ဒုတိယအဆင့်သို့ တက်ရောက်လာခြင်းဖြစ်သည်။

ဒုတိယအဆင့်တွင်(ခခ)အုပ်စု၌ ပါဝင်ခဲ့သည်။ ဒုတိယအဆင့်ပွဲစဉ်များယှဉ်ပြိုင်ကစားရာတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သည်။

လေးပွဲကစား၊သုံးပွဲနိုင်၊တစ်ပွဲရှုံး (၉)မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် ပထမအဆင့်၌ ဂိုးမရှိသရေကျခဲ့သော တပ်မတော်(လေ) အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် နိုင်ကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။

နှိုင်းယှဉ်သုံးသပ်ချက်

ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းသည် ပထမအဆင့်အုပ်စုမှ အကြိုဗိုလ်လုပွဲအထိ ၁၈ ဂိုးသွင်းပြီး တစ်ဂိုးသာ အသွင်းခံခဲ့ရသည်။ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းသည် ပထမအဆင့်အုပ်စုမှ အကြိုဗိုလ်လုပွဲအထိ ၃၇ ဂိုးသွင်းပြီး သုံးဂိုးသာ အသွင်းခံခဲ့ရသည်။ဒုတိယအဆင့်အုပ်စုတွင် ဆုံတွေ့ခဲ့စဉ်က ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲတွင် မည်သူအနိုင်ရမည် ကို စောင့်စားကြည့်ရှုရမည် ဖြစ်ပေသည်။ ။

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်ရွှေစာရံအိုးပင်းပြိုင်ပွဲဖွင့်

ရန်ကုန် အောက်တိုဘာ ၁၆

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့်Myanmar P.G.A တို့ကြီးမှူးကျင်းပသော မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ် Shwesaryan Open Golf Championship ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက် ၇နာရီခွဲတွင် မန္တလေးမြို့ ရွှေစာရံ ဂေါက်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ MGF နှင့် MPGA အမှုဆောင် ဦးကိုကိုလေး၊ Rothmans of Pall Mall Myanmar Pte., Ltd. မှ Special Project မန်နေဂျာ ဦးမြင့်သိန်းနှင့် Htoo Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာဦးတေဇတို့ကအလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ကျင်းပြိုင်ပွဲအပြီး Professional Golfers ပြိုင်ပွဲတွင် ယဉ်ထွေး (Taylormade) က (၇၂)ချက်ဖြင့် ဦးဆောင်ပြီး မြင့်ရွှေ (Wilson)၊ အောင်ဆန်းဝင်း(MGC) တို့က (၇၃)ချက်စီဖြင့် ဒုတိယလိုက်နေသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ကျော်သီဟက(၇၃)ချက်ဖြင့် ဦးဆောင်ပြီး ဌေးအောင်ဌေးက (၇၆)ချက်ဖြင့် ဒုတိယ၊ မျိုးမင်းအောင်က(၇၇)ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲတွင် Rothmans of Pall Mall Myanmar Pte.,Ltd.၊ Htoo Trading Co.,Ltd.၊ Nadi Myanmar Hotel၊ Air Mandalay၊ Grand Slam (Munsing Wear)၊ Loi-Hein(Alpine)၊ Honma နှင့် Wilson၊ Canon၊ UPG တို့က အသီးသီးပံ့ပိုးကူညီကြပြီး Myanmar Elephant Cement ကလည်း ထပ်မံ၍ ပံ့ပိုးကူညီသည်။

ဒုတိယနေ့ပြိုင်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၈နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

အင်တာနက်အခြေခံသင်တန်းများဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၆

World Wide Web Institute နှင့် Advanced Technologies & Solutions Co., Ltd. တို့ ပူးပေါင်းပြီး Myanmar WWW Institute (M3WI) တွင် ကွန်ပျူတာသင်တန်းများနှင့် အင်တာနက်နည်းပညာ၏ အခြေခံကျသော Internet Primer ကို အောက်တိုဘာလ ၂၁ ရက်တွင် စတင်ဖွင့်လှစ်မည် ဖြစ်သည်။

အခြေခံမှစတင်၍ အဆင့်မြင့် Professional Certification Course များကို ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပြီး Web Essential,Web Developer, Web Administrator,Web Master Course များအပြင် Java Programmer, Java Developer, Java Master Course များကို နိုင်ငံတကာ အတွေ့အကြုံရှိသော ဆရာဆရာမများက သင်ကြားပေးမည် ဖြစ်သည်။ ပုံမှန်တန်းခွဲများအပြင် ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ အတွက် စနေ၊ တနင်္ဂနွေ တန်းခွဲများကိုပါ ဖွင့်လှစ်သင်ကြားပေးပြီး ကျောင်းသားတစ်ဦးလျှင် အင်တာနက်ချိတ်ဆက်ထားသော ကွန်ပျူတာတစ်လုံးစီ ကိုင်တွယ်အသုံးပြုနိုင်မည်ဖြစ်သည်။ တပ်မတော်ခန်းမတွင် ကျင်းပမည့် The Fifth International ICT Exhibition ကို ကြိုဆိုသောအားဖြင့် အထူးဈေးနှုန်းဖြင့် လက်ခံ သင်ကြားပေးမည်ဖြစ်ရာ အောက်တိုဘာ ၁၇ ရက်မှ စ၍ တပ်မတော်ခန်းမတွင် လည်းကောင်း၊ အဆောင်(၅) အခန်း(၄) Myanmar ICT Park, Phone-652288,652320 email; advts@ Myanmar. com.mm၊ ° °m3wi@ Myanmar. com.mm သို့ လည်းကောင်း ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဒါတွေကိုသိဖို့လိုတယ်

❖ မြောက်တိုင်းလည်း မမြောက်နဲ့

❖ ခြောက်တိုင်းလည်း မကြောက်နဲ့

❖ ချောတိုင်းလည်း မပျော်နဲ့



တရားမဝင်လျှို့ဝှက်စိုက်ပျိုးထားသော ဘိန်းခင်း ၃၅ ဧက ပင်လောင်းမြို့နယ်အတွင်း ဖျက်ဆီးခဲ့

ရန်ကုန် အောက်တိုဘာ ၁၆

နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ပင်လောင်းမြို့နယ် ပင်မွန်းကျေးရွာ အုပ်စု ထိတမောင်းရွာအနီး ခန့်မှန်းမြေပုံညွှန်း(အာရ်-၃၄၈၄၇၈) တစ်ဝိုက်၌ တရားမဝင်လျှို့ဝှက်စိုက်ပျိုးထားသော ဘိန်းခင်း၁၀ ဒသမ ၂၈ ဧက၊ စက်တင်ဘာ ၂၁ ရက်တွင် ပင်လောင်းမြို့နယ် လိန်းတာရွာ၊ တောင်လေးရွာနှင့် ဝါးပြုံးရွာကြား ခန့်မှန်းမြေပုံညွှန်း(အာရ်-၃၇၄၂၄၃) အနီးရှိ တောင်စောင်းများ၌ တရားမဝင် လျှို့ဝှက်စိုက်ပျိုးထားသော ဘိန်းခင်း ၁၀ ဧက၊ ခန့်မှန်းမြေပုံညွှန်း (အာရ်-၃၈၁၂၅၄) အနီးရှိ လျှိုများကြား၌ ဘိန်းခင်း ၁၅ ဧက၊ ခန့်မှန်းမြေပုံညွှန်း (အာရ်-၃၈၅၂၄၈)အနီးရှိ တောင်စောင်းများ၌ ဘိန်းခင်းလေးဧက၊ ခန့်မှန်းမြေပုံညွှန်း (အာရ်-၃၈၇၂၄၅)အနီး၌ ဘိန်းခင်းခြောက်ဧက စုစုပေါင်း တရားမဝင်လျှို့ဝှက်စိုက်ပျိုးထားသော ဘိန်းခင်း ၃၅ ဧကကို ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရီးသည်များ လွယ်ကူအဆင်ပြေစွာ သွားလာနိုင်သည့် ဟဲဟိုးလေဆိပ်သစ်ဖွင့်

ဟဲဟိုးလေဆိပ်သစ်ကို တွေ့မြင်ရစဉ်။

သတင်းဆောင်းပါး - စိန်ရွှေလှိုင်
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟဲဟိုးမြို့ ဟဲဟိုးလေဆိပ်သစ်ဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီခွဲက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး တက်ရောက် အမှာစကားပြောကြားပြီး လေဆိပ်ကမ္ပည်းကျောက်စာတိုင် ဖွင့်လှစ်ပေးသည့်သတင်းကို ဖတ်ရှုမိရင်း တောင်ကြီး၊ လွိုင်လင်၊ပင်လုံ၊ နမ့်စန်၊ အင်းလေးဘုရားပွဲ၊ ဟဲဟိုး၊ ကျိုင်းတုံ၊ မိုင်းလား၊ တာချီလိတ်ခရီးစဉ်တွင် ဟဲဟိုးလေဆိပ်ကို တာဝန်ယူလုပ်ကိုင်ဆောင်ရွက်နေသော အေးရှားဝေါလ် ကုမ္ပဏီလီမိတက် စီမံကိန်းတာဝန်ခံ မုံရွာသား ဦးကျော်စွာမြင့်နှင့် တွေ့ဆုံ၍ မီဒီယာသမားအနေဖြင့် မေးမြန်းခဲ့သည်တို့ ပြန်လည်သတိရမိသည်။

ဟဲဟိုးလေဆိပ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ အဓိကလေကြောင်း ဝင်ပေါက်ဖြစ်သည့် ရှမ်းပြည်နယ်မြို့တော် တောင်ကြီးသွားရာလမ်းကြောင်း ဖြစ်သကဲ့သို့

အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က ဟဲဟိုးလေဆိပ်ကို ပြင်ဆင်မွမ်းမံ အဆင့်မြှင့်တည်ဆောက်ခဲ့စဉ်။

ကမ္ဘာလှည့်ခရီးသည် အများအပြားလာရောက်ရာ တောင်ပေါ်ဒေသ၊ ပင်လယ်အင်းလေးဒေသသို့ လေ့လာရေးလာရောက်သည့် လေဆိပ်လည်းဖြစ်သည်။

အင်းလေးဒေသသည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် တည်ရှိသည်။ ရှမ်းကုန်းမြေမြင့်တောင်တန်း နှစ်သွယ်ကြားက ရေပြင်ကျယ်ကြီးဖြစ်၍ ထူးဆန်းလှပသည့် သဘာဝအလှအပ မြင်ကွင်းများဖြင့် ကြည်နူးဖွယ်ရာဖြစ်သည်။ အင်းလေးကန်သည် တောင်နှင့်မြောက် အလျား ၁၁ မိုင်၊ အရှေ့နှင့်အနောက် အနံလေးမိုင်ရှိသည့် အင်းလေးကန်တွင် ကျွန်းမျောများဖြင့် ဝိုင်းပတ်လျက်ရှိပြီး ဟင်းသီးဟင်းရွက်များ စိုက်ပျိုးအောင်မြင်လျက်ရှိသည်။

အင်းလေးဒေသသည် ရေမြေရာသီဥတု ကောင်းမွန်သဖြင့် ခြံစိုက်ပျိုးရေး လုပ်ငန်းအကြီးအကျယ်လုပ်ကိုင်ကြပြီး ရွှေပန်းထိမ်၊ ငွေပန်းထိမ်၊ ပန်းပု၊ ရက်ကန်း လုပ်ငန်းများလည်း အဓိကထား လုပ်ကိုင်ကြသည်။ အင်းလေးလုံချည်၊ အင်းလေး လွယ်အိတ်၊ ငွေထည်များ၊ ဆင်းတုရုပ်ပွားတော်များ ထင်ရှားကျော်ကြားသည်။

အင်းလေးကန်သည် တောင်ပေါ်ဒေသတွင် တည်ရှိပြီး ကျွန်းမျောရေပေါ် စိုက်ခင်းများဖြင့် လှပဆန်းကျယ်သဖြင့် အထူးစိတ်ဝင်စားဖွယ်ကောင်းသည့် နေရာဖြစ်သည်။ အင်းသားများ၏ ခြေဖြင့်လှေလှော်မှုသည် အမြင်ဆန်းသည်။ ကမ္ဘာပေါ်တွင် ခြေဖြင့်လှေလှော်မှုမှာ အင်းလေးဒေသ တစ်နေရာတည်းသာရှိသည်ဟု ဆိုသည်။ ဟဲရားရွာမ ရေပေါ် ဈေးသည်လည်း လှေပေါ်ဈေးဆိုင်တည်ရောင်းချကြသဖြင့် အမြင်ဆန်းသည်။ ထို့ကြောင့် အင်းလေးဒေသကို ကမ္ဘာလှည့်ခရီးများ၊ အထူးစိတ်ဝင်တစား လာရောက်သည်။ သီတင်းကျွတ်လဆန်း အင်းလေးဖောင်တော်ဦးဘုရားပွဲတွင် ကမ္ဘာလှည့်ခရီးသည် အများအပြား လာရောက်ကြပြီး ကင်မရာမျိုးစုံ၊ မှန်ဘီလူးကြီးငယ် အသွယ်သွယ်ဖြင့် အင်းလေးဒေသ၏ထူးဆန်းလှပမှုကို မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

သာယာလှပသောရှုခင်းများ၊ စိတ်ဝင်စားဖွယ်ရာ၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဆိုင်ရာ အများအပြား ရှိနေသော ရှမ်းပြည်နယ်(တောင်ပိုင်း) သို့သွားလာဆက်သွယ်မှု မြန်ဆန်

စေသည့် ဟဲဟိုးလေဆိပ်သစ်ကြီး ဖွင့်လှစ်နိုင်သဖြင့် ပိုမိုအဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်သည်။

ဟဲဟိုးလေဆိပ်ကိုအေးရှားဝေါလ်ကုမ္ပဏီ လီမိတက်က ၂၀၀၁ ခု ဩဂုတ် ၂၇ ရက်မှစတင်၍ တိုးချဲ့ပြင်ဆင်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ လေယာဉ်ပြေးလမ်းတိုးချဲ့ရေးစီမံကိန်းအရ မူလပေ ၆၀၀၀ အရှည်မှ ပေ ၈၅၀၀ အရှည်သို့ တိုးချဲ့၍လည်းကောင်း၊ ပြေးလမ်းအကျယ် မူလပေ ၅၀မှ ပေ ၁၀၀အထိ တိုးချဲ့၍ လည်းကောင်း ပြုလုပ်ခဲ့သည်။ ယခင် ကျောက်ကတ္တရာ လေယာဉ်ပြေးလမ်း အဆင့်မှ နိုင်လွန်ကတ္တရာပြေးလမ်းအဆင့်သို့ တိုးတက်ပြုပြင်တည်ဆောက်ခဲ့သည်။ အလျားပေ ၇၂၀၊ အနံပေ ၃၀၀ ရှိ လေယာဉ်ရပ်နားရန် နေရာအဆင့်မြင့် တိုးချဲ့တည်ဆောက်ခဲ့ပြီး အလျားပေ ၃၀၀၊ အနံပေ ၅၀ ရှိ လေဆိပ် အဆောက်အအုံအသစ်ကိုပါ တိုးချဲ့တည်ဆောက်ခဲ့သည်။

လေယာဉ်ကွင်းတည်ဆောက်ရာတွင် ဇရိယာမလွတ်သည့် လေယာဉ်ကွင်း၏ မြောက်ဘက်ထိပ်တည့်တည့် ကျားဟုန်းတောင်အနောက်ဘက်ခြမ်း မြေဖြတ်ထုတ်ခြင်း လုပ်ငန်းကိုလည်း ဆောင်ရွက်ခဲ့သည်။ လေဆိပ်အဝင်လမ်း ယခင်အကျယ် ကိုးပေ၊ အရှည် ပေ ၅၂၀၀ ရှိခဲ့ရာမှ လမ်းအကျယ် ၁၈ ပေ၊ လမ်းပခုံးတစ်ဖက် သုံးပေစီဖြင့် ခြောက်ပေ စုစုပေါင်းလမ်း အကျယ် ၂၄ ပေအထိ နှစ်လမ်းသွား တိုးချဲ့ဖောက်လုပ်ခဲ့သည်။

ပေ ၅၂၀၀ အရှည်ရှိ ဟဲဟိုးလေဆိပ်အဝင်လမ်းကို ၂၄ ပေ နှစ်လမ်းသွား တိုးချဲ့ဖောက်လုပ်နေစဉ်။

ထို့ပြင် ဟဲဟိုးလေဆိပ်သစ် မုခ်ဦးကို အကျယ် ၂၈ ပေ၊ အမြင့် ၁၆ ပေ၊ ဘေးတိုင်တစ်လုံး သုံးပေစီဖြင့် ခြောက်ပေ စုစုပေါင်း မုခ်ဦးအကျယ် ၃၄ ပေရှိသည်။ ဟဲဟိုးလေယာဉ်ကွင်းသစ် တိုးချဲ့ပြုပြင် အဆင့်မြှင့်ရေးလုပ်ငန်းများကို နှစ် နှစ်ကျော်ကာလမျှ တည်ဆောက်ခဲ့ပြီး လုပ်ငန်းအဝဝကို ၂၀၀၃ခု အောက်တိုဘာ ၁ရက်တွင် အပြီးသတ် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ကြောင့် ဟဲဟိုးလေယာဉ် ကွင်းသစ်သည် ဖော်ကာ အက်ဖ်-၂၈ လေယာဉ်ကဲ့သို့ ဂျက်လေယာဉ်များ စိတ်ချလက်ချ ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းအဖြစ် တစ်ဆင့်မြင့်တက်သွားသည်။

အနာဂတ်တွင် ခေတ်မီ ခရီးသည်တင် ဘိုးရင်းနှင့် Air Bus အမျိုးအစားဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်အောင် ပြေးလမ်းအလျားပေ ၁၀၀၀၀ နှင့်အကျယ်ပေ ၂၀၀ အထိ တိုးချဲ့တည်ဆောက်ရန်စီစဉ်ထားသည်။

လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ် အောက်တိုဘာလမှစ၍ လေကြောင်းပို့ဆောင်ရေးဘုတ်အဖွဲ့ကို ဖွဲ့စည်းကာ ပြည်တွင်းခရီးများကိုစတင်ပျံသန်းခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ပြည်တွင်းလေဆိပ် ၁၉ မြို့သို့ လေယာဉ်များပျံသန်းခဲ့သည်။ ၁၉၅၂ ခုနှစ် အောက်တိုဘာ ၁ရက်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးအဖွဲ့ကို ပြောင်းလဲဖွဲ့စည်းခဲ့သည်။

လေကြောင်းပို့ဆောင်ရေးကဏ္ဍ တဖြည်းဖြည်းမြှင့်တင်လာခဲ့ရာ ၁၉၈၈ ခုနှစ် ကာလက လေကြောင်းပို့ဆောင်ရေးအတွက် အသုံးပြုနိုင်သော လေယာဉ်ကွင်း ၂၁ကွင်းရှိခဲ့ရာက ယခုအခါ ၂၆ ကွင်းအထိ တိုးတက်လာခဲ့သည်။ လေယာဉ်ကွင်း ၂၁ကွင်းတွင် ဖော်ကာ အက်ဖ်-၂၈ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းခြောက်ကွင်းသာရှိခဲ့ရာမှ ဟဲဟိုးလေယာဉ်ကွင်းအပါအဝင် အက်ဖ်-၂၈ ဆင်းနိုင်သည့်ကွင်း၁၈ကွင်းအထိရှိလာပြီးဖြစ်သည်။

ဖော်ကာအက်ဖ်-၂၈ ဂျက်လေယာဉ်များဆင်းသက်နိုင်သည့် လေယာဉ်ကွင်းများ တိုးတက်လာခြင်း၊ ဟဲဟိုးလေဆိပ်သစ်တွင် အက်ဖ်-၂၈ ဂျက်လေယာဉ်များဆင်းသက်လာနိုင်ခြင်းတို့ကြောင့် ခရီးသွားလာမှု ပိုမိုအဆင်ပြေမြန်ဆန် လာစေပြီး ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားသည့် အင်းလေးဒေသသို့ ပိုမိုအဆင်ပြေစွာ သွားလာနိုင်တော့ မည်ဖြစ်သည်။ ။

အောင်ရတနာစာပေ အမှတ် ၁၀၉၊ သူရ ၂ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၇၆၀၉၂ က ထုတ်ဝေဖြန့်ချိသော အထောက်တော်လှအောင်၏ ဝါးတားဂိတ်စာအုပ်မျက်နှာဖုံး။

(က-ပ)

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ကလေး အောက်တိုဘာ ၈

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြို့မဈေးကြီးအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(က-ပ)

တောင်တွင်းကြီးမြို့ မိုးထိအလက(၂) အာစရိယပူဇော်ပွဲကျင်းပမည်

တောင်တွင်းကြီး အောက်တိုဘာ ၁၆

တောင်တွင်းကြီးမြို့ မိုးထိအလက(၂)မှ အငြိမ်းစားယူသွားကြသည့် ဆရာကြီး ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် ပူဇော်ပွဲကို နိုဝင်ဘာ ၁၇ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် မိုးထိ အလက(၂)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူ ကျောင်းသားဟောင်းများအား နှိုးဆော်ဖိတ်ကြားထားသည်။

အလှူငွေများ လှူဒါန်းလိုပါက (ရန်ကုန်) ဒေါ်ချိုချိုမြင့် ဖုန်း-၀၁-၅၄၂၄၆၂၊ ဒေါ်သင်းသင်းမြိုင် ဖုန်း-၀၁-၂၅၀၆၉၉၊ (မန္တလေး) ဒေါ်မြင့်မြင့် ဖုန်း-၀၂-၂၆၂၂၅၊ (မကွေး) ဦးအောင်ကျော်စိုး ဖုန်း-၀၆၃-၂၂၄၅၆၊ (တောင်တွင်းကြီး) ဦးဌေးဇော် ဖုန်း-၀၆၃-၅၀၀၉၇၊ ဦးဇော်တင့် ဖုန်း-၀၆၃-၅၀၁၇၀၊ ဒေါ်သင်းသင်းခိုင် ဖုန်း-၀၆၃-၅၀၁၄၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ငွေလွှဲပို့လိုပါလျှင် ရိုးမဘဏ် တောင်တွင်းကြီး ဦးဌေးဇော်၊ဦးခင်မောင်ဌေး ဖုန်း-၀၃၁ ၃၃၀ ၀၅၇၀၇ (သို့မဟုတ်) ဒေါ်သင်းသင်းခိုင် TDI - ၀၀၀၄၇၂ တို့ထံ လွှဲပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျိုက်ထီးရိုးစေတီတော် ဆီမီး ၁၁၀၀၀လှူ

ကျိုက်ထို အောက်တိုဘာ ၁၀

ကျိုက်ထိုမြို့ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား သိမ်ကြီးဈေးအရှေ့ဘီရုံ ဈေးသူဈေးသားများ၏ (၁၉)ကြိမ်မြောက် ရွှေစင်ရွှေပြားနှင့်နံ့သာဆီမီး ၁၁၀၀၀လှူဒါန်းပူဇော်ခြင်းနှင့် စတီး ဆွမ်း၊ ပန်း၊ ရေချမ်းတင်ခုံ သုံးခုံ လှူဒါန်းခြင်းကို အာရုံခံတန်ဆောင်းတွင် တောင်တော်ဖွင့်ပွဲအခမ်းအနား၌ ကျင်းပရာ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်လင်၊ အတွင်းရေးမှူး ဦးအေးမြင့်နှင့်အဖွဲ့ဝင်များ၊ ဈေးသူဈေးသား အလှူရှင်များ တက်ရောက်ကြပြီး ရွှေစင်ရွှေပြားအတွက် အလှူတော်ငွေကျပ် ခုနစ်သိန်းကို လှူဒါန်းကာ သီတင်းကျွတ်လပြည့်နေ့ညတွင် ဆီမီးနံ့သာ ၁၁၀၀၀ ထွန်းညှိပူဇော်လျက် လပြည့်ကျော် ၁ ရက်နေ့တွင် သံဃာတော် အရှင်သူမြတ်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်၍ ရေစက်သွန်းချအမျှဝေကြောင်းသိရသည်။ (က-ပ)

ကျိုက္ခမီမြို့ သမိုင်းဝင်ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ပထမအကြိမ် ဆီမီး ၉၀၀၀ ပူဇော်ပွဲကို အောက်တိုဘာ ၁၀ ရက်က ဘုရားကြီး၏ခြေတော်ရင်း၌ ကျင်းပစဉ်။ (၁၆၈)

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ဘုံကထိန်သင်္ကန်းကပ်လှူမည်

မြောင်းမြ အောက်တိုဘာ ၁၅

နှစ်စဉ် ကျင်းပမြဲဖြစ်သော ဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို အကြိမ် (၂၀)မြောက်အဖြစ် မြောင်းမြမြို့နယ် အသင်းသူအသင်းသားများ၊ ရန်ကုန်မြို့ရောက် အိမ်မဲမြို့သူ မြို့သားများနှင့် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဘီအိုစီ ပိဋကတ်တိုက်ကျောင်းဝေယျာဝစ္စအဖွဲ့ဝင်တို့ စုပေါင်း၍ ဘီအိုစီ ပိဋကတ်တိုက်ကျောင်း၌ အောက်တိုဘာ၂၆ရက် (တနင်္ဂနွေ)နေ့ နံနက် ၉ နာရီတွင် ဆွမ်းကျွေးမွေးပြီး မွန်းတည့် ၁၂နာရီ၌ ပင့်သံဃာအပါး ၈၀တို့အား ကထိန်သင်္ကန်းဆက်ကပ်၍ တရားတော်များနာကြားကြမည်ဖြစ်သည်။

ဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲတွင် အလှူဒါနပြုလုပ် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌဦးကျော်ဝင်း ဖုန်း-၅၅၈၅၄၃၊ ဒုတိယဥက္ကဋ္ဌများ ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဦးသန့်ဇင် ဖုန်း-၀၉-၉၉-၂၂၁၉၇၊ ဦးခင်မောင်အေး ဖုန်း- ၆၆၆၃၁၀၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း-၇၀၅၈၅၈၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်ထွန်း ဖုန်း-၇၀၉၁၁၄၊ ဦးအောင်တင်(မြောင်းမြ+အိမ်မဲ) ဖုန်း-၂၅၁၃၂၃၊ ဦးတင်သိန်း (အိမ်မဲ) ဖုန်း-၂၄၆၉၃၇၊ ဦးမြင့်စိုး (အိမ်မဲ) ဖုန်း-၅၆၅၁၄၀၊ ဦးကြည်ဦး (အိမ်မဲ) ဖုန်း-၅၂၄၄၆၀ တို့ထံ အောက်တိုဘာ ၂၂ ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

တနင်္သာရီတိုင်း ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၂ရက်က မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (က-ပ)

ရွှေဘုန်းပွင့်စေတီတော် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၅

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် တန်ဆောင်မုန်းလဆန်း ၁၄ရက် နိုဝင်ဘာ ၇ ရက်(သောကြာနေ့) ညနေ ၅ နာရီအချိန်မှစ၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၁၃)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲခေါင်းဆောင်သည် အသက်(၁၆)နှစ်မှ (၂၅)နှစ်နှင့် တွဲဖက်ပြိုင်ပွဲဝင်မည့်သူသည် အသက်(၁၆)နှစ်မှ (၃၅)နှစ်အတွင်း ယှဉ်ပြိုင်လိုသည့် ရက်ကန်းပညာရှင် အမျိုးသမီးများ အောက်တိုဘာ ၂၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ ဂေါပကအဖွဲ့သို့ စာရင်းသွင်း လျှောက်ထားယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။ (က-ပ)

ကန့်ဘလူအသင်း(ရန်ကုန်) မွေးရပ်မြေ၌ ကထိန်ခင်းမည်

ရန်ကုန် အောက်တိုဘာ ၁၅

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်သာသနာ့ဗိမာန်တော်၌ နိုဝင်ဘာ၈ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင်ကျင်းပမည့် (၅၉)ကြိမ်မြောက် မြို့လုံးကျွတ်မဟာဘုံကထိန်ပွဲတွင် ကန့်ဘလူအသင်း (ရန်ကုန်) တတိယအကြိမ် ပါဝင်မည်ဖြစ်သည်။

နိုဝင်ဘာ ၅ ရက်တွင် ရန်ကုန်မှ မီးရထားဖြင့်ထွက်ခွာပြီး ရန်ကုန်သို့ နိုဝင်ဘာ ၁၁ ရက်၌ ပြန်ရောက်မည်။ နဝကမ္မ လှူဒါန်းလိုကြသူများနှင့် မီးရထားနှင့် အသွားအပြန်လိုက်ပါလိုသူများသည် ဦးသောင်းစိန် ဖုန်း-၂၂၃၅၇၈၊၅၄၂၆၈၄၊ ဦးမြင့်တင် ဖုန်း-၂၉၀၅၄၂၊ ဦးကြီးမောင် ဖုန်း-၆၃၅၈၃၂၊ ဒေါ်ခိုင်ခိုင် ဖုန်း- ၅၄၅၁၇၃၊ ၅၅၇၁၅၈၊ ဦးတင်ထွန်းအောင် ဖုန်း-၆၄၃၅၁၆၊ ၆၄၃၀၃၅တို့ထံ အောက်တိုဘာ ၂၆ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်း စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

အတူ ပြည်တွင်းပြည်ပအားကစား၊ အနုပညာသတင်းများ၊ ဇော်ဝင်းထွဋ်နှင့် စကားပြောကြသူများ (အပိုင်းသုံး) ပရိသတ်အကြိုက် 3D လက်ဆောင်တို့ဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။ (ဝဲပုံ) (က-ပ)

တော်ဝင်မြို့မ စာအုပ်တိုက် ၇၇/ခ၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၉၅၇၃ က ထုတ်ဝေသည့် အကြည်တော်၏ ရွှေမိုးသည်းစာအုပ်မျက်နှာဖုံး။ (က-ပ)

မဟာသတင်းဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၅

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ် (၇)တွင် စိုးစန္ဒာထွန်းကိုယ်တိုင် ပရိဂျူဆာလုပ်တဲ့ ငယ်ချစ်ဟောင်းနဲ့ ဆုံးကမ္ဘာတိုင်စီးရီး၊ စီဒီဖြန့်ချိတော့မည့် သတင်းနှင့်အတူ (၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊အတီးရန်ပုံငွေပွဲ သတင်းတို့ပါဝင်သည်။

စွန်ရဲ၏ တွေ့ကြုံခဲ့ရလူ့ဘဝ (၄၁)၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၏ နွေအတွေးများနှင့်

အာစရိယပူဇော်ပွဲကျင်းပမည်

တောင်တွင်းကြီး အောက်တိုဘာ ၁၄

တောင်တွင်းကြီးမြို့ အထက (၁)မှ အငြိမ်းစားယူသွားကြသည့် ဆရာကြီး ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက်ပူဇော်ပွဲကို နိုဝင်ဘာ ၁၅ရက်(စနေနေ့)နံနက် ၉နာရီမှ၁၀ နာရီအထိ အထက(၁) တောင်တွင်းကြီးတွင် ကျင်းပမည်ဖြစ်ရာကျောင်းသူကျောင်းသားဟောင်းများအား ဖိတ်ကြားထားသည်။

အလှူငွေများ လှူဒါန်းလိုပါက ရန်ကုန်မြို့တွင် ဒေါ်ခင်မာမာ ၀၁-၅၃၅၆၂၂၊ ဒေါ်ချိုချိုမြင့် ၀၁-၅၄၂၄၆၂၊ ဒေါ်မော်မော် ၀၁-၅၀၀၂၂၅၊ ဒေါ်မြင့်မြင့်ဌေး ၀၁-၅၇၀၄၂၃၊ မန္တလေးမြို့တွင် ဦးကြည် ၀၂-၇၀၇၁၇၊ မကွေးမြို့တွင် ဦးဝိုင်းမောင် ၀၆၃-၂၂၂၁၇၊ တောင်တွင်းကြီးမြို့တွင် ဦးဌေးနိုင် ၀၆၃-၅၀၁၄၄၊ ဦးသန်းနိုင် ၀၆၃-၅၀၂၇၅ နှင့် ဦးဇော်တင့် ၀၆၃-၅၀၁၇၀တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ငွေလွှဲပို့လိုပါလျှင် ရိုးမဘဏ်တောင်တွင်းကြီး ဦးသန်းနိုင်၊ ဦးခင်မောင်ကြီး ၀၃၁ ၃၃ ၀၁၅၆၄ (သို့မဟုတ်) ဦးဌေးနိုင် TDI-000468 တို့ထံ လွှဲပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့်အတူ ဩဂုတ် ၂၀ရက်က လောင်းကြက်ကျောက်စာရုံလမ်း ကျောက်ချောလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အာစရိယပူဇော်ပွဲကျင်းပ

အောင်လံ အောက်တိုဘာ ၁၀

အောင်လံမြို့နယ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၁၁၈ ဦးအား အာစရိယပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ ရက်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်မောင်နှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်ကြည်တို့က အမှာစကားများ ပြောကြားကြပြီး ကန်တော့ခံဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။ ထို့နောက် အငြိမ်းစား ဆရာကြီးများက ဩဝါဒစကား ပြန်လည်ချီးမြှင့်ပြောကြားကြောင်း သိရသည်။ (က-ပ)

တေးဂီတသံစဉ်များ ဖန်တီးခြင်းစာအုပ် ထုတ်ဝေဖြန့်ချိ



ရန်ကုန် အောက်တိုဘာ ၁၅

အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပမည့် (၅)ကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့်နည်းပညာပြပွဲကြီးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကွန်ပျူတာဖြင့် တေးဂီတသံစဉ်များ ဖန်တီးခြင်း(Music Creation With Cakewalk Pro Audio 9) စာအုပ်ကို ဦးဇော်လင်း (YOUTH Computer, Ph-710453)က ရေးသားပြုစု၍ ဝင်းမီဒီယာစာပေ အမှတ် ၃၄၅၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၂၅၂၉၀၆ က တစ်နိုင်ငံလုံးသို့ ဖြန့်ချိမည်။ Music Programming ကို ရှင်း လင်းချက် သင်ခန်းစာ၊ ရုပ်ပုံများ၊ ဂီတဆိုင်ရာ ရှင်းလင်းချက်များ၊ ကွန်ပျူတာပိုင်းဆိုင်ရာ သိသင့်သည့် အချက်များ၊ သီချင်း Notes များ အပါအဝင် အသေး စိတ်တင်ပြထားသည်။ (ဝဲပုံ) (က-ပ)

ကုမ္ပဏီလမ်းညွှန် သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၅

ကုမ္ပဏီလမ်းညွှန် Leadership in Business သုံးလသင်တန်းကို အောက်တိုဘာ ၂၇ ရက်မှစ၍ ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)က သင်ကြားပေးမည် ဖြစ်သည်။

အဆိုပါသင်တန်းတွင် Leadership Qualities, Business Management Leadership, Market Leadership, Leadership in Quality Improvement Financial, Leadership, Cost Leadership, Knowledge Management Leadership နှင့် Business negotlation Leadershipဘာသာရပ်များကို အင်တာနက်မှ ထုတ်ယူရရှိသော အချက်အလက်များနှင့် ပေါင်းစပ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ၂၇၆၊၃၉လမ်းအထက်၊ ကျောက်တံတား မြို့နယ်၊ ဖုန်း-၂၄၂၅၈၃ သို့ ကြိုတင် ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြ ကြောင်း သိရသည်။ (က-ပ)

တွတ်ပီစာပေ အမှတ်၄/က၊ အဝေရာလမ်း၊ ဘောက်ထော်၊ ရန်ကင်း၊ ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိသည့် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ကပ်ကျော် ကျိုက်ကလွန်ဗွန်းစေတီတော်နှင့် မနုဖြူ သမိုင်းစာအုပ်မျက်နှာဖုံး။ (က-ပ)

ဈေးပြိုင်ချိပ်ပိတ်တင်ဒါ ၂/၂၀၀၃ ခေါ်ယူခြင်း

မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သာကေတအခြေစိုက်စခန်းရှိ ဆက်လက်အသုံးမပြုတော့သည့် ဘက်ထရီအဟောင်းများ၊ တာယာဟောင်းများ၊ အင်ဂျင်အပျက်များ၊ လျှပ်စစ်ပစ္စည်းပျက်များ၊ သံထည်ပစ္စည်းဟောင်းများနှင့် အခြားပစ္စည်းဟောင်းများကို Lot (17)ခွဲ၍ ချိပ်ပိတ်တင်ဒါစနစ်ဖြင့် အောက်ပါအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၁။ **တင်ဒါစည်းကမ်းနှင့်တင်ဒါပုံစံစတင်ရောင်းချ/တင်သွင်းနိုင်သည့်နေ့** - ၁၃-၁၀-၀၃ (တနင်္လာနေ့) (ရုံးချိန်အတွင်း)

၂။ **ပစ္စည်းများကြည့်ရှုခွင့်ပြုမည့်ကာလ** - ၁၃-၁၀-၀၃မှ၂၈-၁၀-၀၃ (ရုံးချိန်အတွင်း)

၃။ **ပစ္စည်းများကြည့်ရှုနိုင်သည့်နေရာ** - သာကေတအခြေစိုက်စခန်း

၄။ **တင်ဒါပိတ်မည့်နေ့/အချိန်** - ၂၉-၁၀-၀၃ (၁၂:၀၀)နာရီ

၅။ **တင်ဒါဖွင့်လှစ်မည့်နေ့/အချိန်** - ၂၉-၁၀-၀၃ (၁:၀၀)နာရီ

၆။ **တင်ဒါပုံစံတင်သွင်းရမည့်နေရာနှင့်တင်ဒါဖွင့်လှစ်မည့်နေရာ** - မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၆၀၄၊ ကုန်သည်လမ်း၊ ရန်ကုန်

၇။ တင်ဒါစည်းကမ်း၊ တင်ဒါပုံစံနှင့်ရောင်းချမည့်ပစ္စည်းများစာရင်းကို တစ်စုံလျှင်ကျပ် (၂၀၀၀)နှုန်းဖြင့် အထက်ပါရုံး ဘဏ္ဍာရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

အများသိစေရန် ပြန်လည်ကြေညာချက်

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ် (၈၆-ဘီ) နေ၊ ဒေါ်စောစန္ဒာအေး ၁၂/ပဇတ (နိုင်) ၀၁၅၄၅၁ ၏ ညွှန်ကြားချက်အရ အများသိစေရန်ပြန်လည်ကြေညာအပ်ပါသည်။

ဒေါ်စောစန္ဒာအေးက ဦးအောင်မြင့် (အယ်လ်အယ်လ်ဘီ) တရားရုံးချုပ်ရှေ့နေ (၃၈၇၉)အား လွှဲအပ်ညွှန်ကြားပြီး ၃-၁၀-၂၀၀၃ရက်ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် "စမ်းချောင်းမြို့နယ် ဗဟိုလမ်း (ယခင်ရှမ်းလမ်း)၊ အမှတ် ၅၄ (ဘီ-၃)တွင် နေထိုင်ပြီး ဗိုလ်ချုပ်အောင်ဆန်းဈေး (စကော့ဈေး)တွင် ယခင်က မဟာသီရိတနာရွှေဆိုင်ဖွင့်လှစ်ခဲ့သူ ဒေါ်မြမြဝင်း ၁၂/မရက(နိုင်)၀၅၄၀၄၅ သိရှိစေရန် သတိပေးကြေညာချက်"ကို ကြေညာခဲ့ပါသည်။

ထိုသို့ကြေညာခြင်းမှာ ဒေါ်မြမြဝင်းအပေါ် အထင်မှား၍ကြေညာခဲ့ခြင်းဖြစ်ပြီး ဒေါ်မြမြဝင်းနှင့် ဒေါ်စောစန္ဒာအေးတို့တစ်ဦးအပေါ် တစ်ဦးပေးရန်/ရရန်လုံးဝမရှိတော့ပါကြောင်းနှင့် အဆိုပါကြေညာချက်ကို ပြန်လည် ရုပ်သိမ်းကြောင်း အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမင်းဆွေ B.A., R.L
တရားရုံးချုပ်ရှေ့နေ (၁၇၇၀)
အမှတ် ၈၃/ခန်း-၁၄၊ ပန်းဆိုးတန်းလမ်း၊
ရန်ကုန်မြို့

လေလှိုင်း

T.V,Video နှင့် Satellite များကို သင့်စိတ်တိုင်းကျ အိမ်အရောက် လာပြုပြင်တပ်ဆင်ပေးသည်။ **ဦးသက်နောင်ဝင်း**
Electronic Technician
ဖုန်း-၅၄၅၃၆၁

TOP 243383 705877

ဖုန်း 01-378822

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
အမှတ် ၃၆၅/၃၆၇၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့

တင်ဒါစနစ်ဖြင့် ဘေးထွက်ပစ္စည်းများ ရောင်းချခြင်း

၁။ ရန်ကုန်ပုံနှိပ်စက်ရုံများရှိ ဘေးထွက်ပစ္စည်းများကို တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်သည်။

၂။ တင်ဒါပုံစံများကို ဤလုပ်ငန်းငွေစာရင်းဌာနတွင် ၁၆-၁၀-၂၀၀၃ ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ဝယ်ယူမည့်ပစ္စည်းအလိုက် ဈေးနှုန်းများကို ၂၄-၁၀-၂၀၀၃ ရက် ၁၆:၃၀ နာရီထက် နောက်မကျဘဲ တင်သွင်းရန် ဖြစ်ပါသည်။အသေးစိတ်သိလိုပါက ဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်း အမှတ် (၆၀၅)နေ မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း စက်ဘီးစက်ရုံ(ရန်ကုန်)က မင်္ဂလာတောင်ညွန့်မြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၄-ဘီ၊ မြေကွက်အမှတ် ၂ဘီ၊ ၂စီ၊ ၄၊ ၄အေ၊ ၃၊ ၃အေ၊ ၃ဘီ၊ ၃၅ဘီ၊ ၂၉၊ ၃၃ အေ မြေအမည်ပေါက် စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း မီးခြစ်စက်ရုံ အမှတ်(၂)အမည်ရှိ ဂရန်ရှိမြေပိုင်မြေများအား အမည်ပြောင်းခွင့်ပြုပါရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

အောက်တိုဘာ ၁၇ ရက် ရန်ကုန်- ရွှေ့ဆောင်-နေပြည်တော်- နဝဒေး မန္တလေး-နေပြည်တော်၊ မြို့ဂုဏ်ရောင်၊ မိတ္ထီလာ-ဂရင်း၊ ရွှေဗဟို

ကမ်းလွှန်ပင်လယ်ပြင်ကို ဗဟိုပြု၍

ရုပ်ရှင်ဇာတ်ကားကြီးကို ကြည့်ရှုသော ပရိသတ်အား ကျေးဇူးတုံ့ပြန်သောအားဖြင့် **၁၇-၁၀-၂၀၀၃** မှ **၃၀-၁၀-၂၀၀၃** အထိ **ရွှေ့ဆောင်၊ နေပြည်တော်၊ နဝဒေး** ရုပ်ရှင်ရုံများ၌ ကြည့်ရှုသောပရိသတ်များအား အပျော်စီးသင်္ဘောအပန်းဖြေခွင့် ကံစမ်းမဲဆုချီးမြှင့်မည်ဖြစ်ပါ၍ မိမိဝယ်ယူထားသော လက်မှတ်ကို ရုပ်ရှင်ကြည့်အပြီးတွင် လက်မှတ်၏ နောက်ကျောတွင် အမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ အပြည့်အစုံ ဖော်ပြ၍ သက်ဆိုင်ရာရုပ်ရှင်ရုံရှိ ကံစမ်းမဲပုံးများတွင် ထည့်သွင်းကံစမ်းနိုင်ပါသည်။ ကံထူးသူများအား ၃-၁၁-၂၀၀၃တွင် အကြောင်း ကြားပေးမည်ဖြစ်ပါသည်။

ရွှေတောင်ရုပ်ရှင်ထုတ်လုပ်ရေး
အမှတ် ၃၀၄၊ မဟာဗန္ဓုလပန်းခြံလမ်း၊ဖုန်း-၃၇၈၂၅၀

အမည်ပြောင်း

ဦးစိုးမြင့်-ဒေါ်မြကြည်တို့၏သမီး မမြစန္ဒာစိုး၊ ပုသိမ်တက္ကသိုလ်အား ယနေ့မှစ၍ မစိုးစန္ဒာဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မစိုးစန္ဒာဝင်း**

တရားဝင်ဇနီးဖြစ်ကြောင်း

ကျွန်မ မမိုးသူဇာသည် ကိုစိန်လင်း မှတ်ပုံတင်အမှတ် ၁၂/ဥကမ (နိုင်) ၀၂၁၁၄၀နှင့် လွန်ခဲ့သော ၁၈နှစ်က လက်ထပ်ပြီး ယခုအခါ သမီး သုံးယောက်ရရှိပြီး တရားဝင်ကွာရှင်းခြင်း မရှိသေးပါ၍ ကျွန်မသာလျှင် တရားဝင်ဇနီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **မမိုးသူဇာ ၁၂/ဥကမ(နိုင်)၀၂၁၁၃၉**

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုနာ၊ ရင်သားအကျိတ် ဖြစ်သူများ

(ဤကြော်ငြာကိုဖတ်ဖြစ်အောင်ဖတ်ပါ)

သမားတော်ကြီး ဝိဇ္ဇာလိပ်ခေါင်း၊ဂရင်ဂျီနာ၊ အကျိတ်အထူးကု ဖုန်း-၂၄၈၀၆၄

* အထူးသတိ စအိုနှင့်စအိုဝန်းကျင်တွင်ဖြစ်သော အောက်ပါရောဂါများ အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က **(စအိုပိတ်၍ စအိုကင်ဆာဖြစ်မည်။ စအိုပိတ်က အသက်အန္တရာယ်ရှိသည်။)**
* လိပ်ခေါင်း အတွင်းနှင့်အပြင်ထွက် စအိုနာ၊ ဝမ်းသွားခက်၊ စအိုဝတစ်ဆို့၊ ပူစပ်၊ စအိုကျွံပြီးအပြင်စူထွက်၊ ဝမ်းသွားမရ၊ စအိုဝမှ အသားပိုထွက်၊ စအိုဝအဖုအသီး၊ ဂရင်ဂျီနာသွေးပြည်ထွက်၊ စအိုနာ၊စအိုကျဉ်း၊စအိုပိတ် စအိုကင်ဆာ (မခွဲမဖြတ် မပူမစပ်မနာ အပျောက်ကုသည်။) (ဝါရင့်ဆရာမ ရှိသည်)
* အမျိုးသမီးများရင်သားပေါ် အဖုအကျိတ်တွေ့က အမြန်စမ်းသပ်ခံယူပါ။ရောဂါရင့်က အသက်အန္တရာယ်ရှိသည် **(ရင်သားအကျိတ်နှင့် အကျိတ်မျိုးစုံ မခွဲမဖြတ် အမြစ်ပြတ်ကုသည်။)**
* အရေပြားရောဂါ ခရုသင်း၊ သမင်ဖြူ နီ ညို မဲ၊ယောကျ်ား **ကာလသား ရောဂါနှင့်ပန်းသေ၊ ပန်းညို အာမခံနှင့်ပွဲတွေ့ကုသည်။ (ဖုန်း-၂၄၈၀၆၄)**
* **ပင်မဝိဇ္ဇာ အမှတ် ၂၇၃၊ ရွှေဘုံသာအလယ်လမ်း၊ နေဇာဆေးခန်းအပေါ်ထပ်၊ရန်ကုန်။**
* **ပင်မဝိဇ္ဇာ အမှတ် ၃၃၈၊ ရွှေဘုံသာအထက်လမ်း၊ အေးရိပ်သာနှင့်ကပ်လျက်၊မာလင်မျက်မှန်ဆိုင်၊ရန်ကုန်**

ကျေးဇူးဆပ်ပါမည် ကျွန်တော်မောင်တင်မောင်လင်း၏ 4 Ticket အပတ်စဉ် (၄၃) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **တင်မောင်လင်း (ဖုန်း ၂၆၉၄၃၉)**

PC Workshop 660174, 720301

ကျေးဇူးဆပ်ပါမည်

Yeong Fwu Industrial Co., Ltd. မှ ကုမ္ပဏီမှတ်ပုံတင် လက်မှတ် အမှတ် ၃၅၅/ ၁၉၉၆-၁၉၉၇ မူရင်းနှင့် ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင် လက်မှတ် အမှတ် ထသက-၁၃၆၁၆ မူရင်းနှစ်စောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဆက်သွယ်ရန် ဖုန်း-၅၉၀၀၀၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း

NEW MOTION TRAVELS CO., LTD.

1 Nov:15 2 Oct:31 Nov:7 3 Nov:15
4 Nov: 5, 6, 7 Nov: 15

Ph: 725 799, 537 024

MMG Technologies
The 5th International ICT Exhibition "2003"

Office Network Virus Fortigate Antivirus Firewall Linksys Network Products Discount

ဓနုစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ သီရိလမ်း၊ အမှတ် ၂၉၄ နေ
(ဦးစိန်ထွန်း)-ဒေါ်မြမြတို့၏သား

ဒေါက်တာမျိုးလွင်ငြိမ်း M.B.,B.S, M.Med, Sc (Int: Med)
MRCP (UK), D.T.M & H (Lond)
အထူးကုဆရာဝန်ကြီး၊ ကထိက(ဆေးပညာ)
မကွေးတိုင်းပြည်သူ့ဆေးရုံကြီး

နှင့်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ကံ့ကော်မြိုင်လမ်း၊ အမှတ် ၄၀/၂ နေ
ဗိုလ်မှူးဥက္ကာလင်း(ငြိမ်း)၊ (အုပ်ချုပ်မှုဒါရိုက်တာ၊ လင်းရတနာကျောက်မျက်ကုမ္ပဏီလီမိတက်)-
ပါမောက္ခ ဒေါ်အေးအေးမြင့်(ဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏သမီး

ဒေါက်တာဆွေမာလင်း M.B.,B.S.
လက်ထောက်ဆရာဝန်၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး

တို့သည် ၁၄-၁၀-၂၀၀၃ ရက်၌ Sedona Hotel တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာမျိုးလွင်ငြိမ်း-ဒေါက်တာဆွေမာလင်း

ပုသိမ်မြို့ အလက(၁) မြို့မ ကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ

မြို့မ ကျောင်းသူ ကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအတွက် ပထမအကြိမ်အစည်းအဝေးပွဲကို အောက်ဖော်ပြပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့် (မပျက်မကွက်)တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အစီအစဉ်

နေရာ - မြို့မကျောင်း အလက(၁)ပုသိမ်မြို့ (အားကစားခန်းမ)
နေ့ရက် - ၂-၁၁-၂၀၀၃ရက်(တနင်္ဂနွေနေ့)
တန်ဆောင်မုန်းလဆန်း ၉ ရက်
အချိန် - မွန်းတည့် ၁၂ နာရီ

"ယာဉ်မောင်းတကယ်တတ်လိုလျှင် ရွှေမြင်သာနှင့်သင်"

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာနမှကြီးမှူးသည့်

*** ရွှေမြင်သာအခြေခံယာဉ်မောင်းသင်တန်းမှတ်စဉ် ၁၁/ ၂၀၀၃ ကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၅ ရက်နေ့တွင်ဖွင့်လှစ်ပါမည်။**

စနစ်တကျယာဉ်မောင်းကျွမ်းကျင်စေရမည်။

ရွာသာကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ အမှတ် ၂ လမ်းမကြီးတွင် ဖွင့်လှစ်မည်။

သွားလာမှုလွယ်ကူစေရန် ရွာသာကြီးသို့ သဃ်န်းကျွန်း မြင်သာရုံးမှ တစ်ဆင့်ကြို/ပို့ယာဉ်များစီစဉ်ပေးမည်။

နယ်မှတက်ရောက်လိုသူများအတွက် နေထိုင်ရေးအခမဲ့စီစဉ်ပေးမည်။

သင်တန်းတက်ရောက်လိုသူများ ၄-၁၁-၂၀၀၃ ရက် နောက်ဆုံးထား၍ အမြန်စာရင်းပေးသွင်းပါ။

ဆက်သွယ်စာရင်းပေးရန်လိပ်စာ

ဗဟိုယာဉ်မောင်းလိုင်စင်ဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်) သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၇၃၁၀၉၊ ၅၇၃၁၀၆၊ ၅၇၀၉၆၇

မျက်နှာဖုံး အပ်ပေပါဖြင့်

ထွက်ပြီ

☞ နောက်ဆုံး ဖြစ်ပျက်ခဲ့သော ကမ္ဘာ့ရေးရာသတင်းများ၊ ပြည်ပဘောလုံးပွဲ၊ ပြည်တွင်း အားကစားပွဲများ၊

☞ ဖတ်စရာမှတ်စရာများ စုံလင်စွာဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။

ရောင်းဈေး ၂၀၀/-ကျပ်

ဆက်သွယ်နိုင်ပါသည် (ကိုယ်စားလှယ်ယူလိုသူများ၊ ကြော်ငြာထည့်သွင်းလိုသူများ)
မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်။
ဖုန်း-၅၄၄၃၁၃ ၊ ၅၄၄၃၁၇ ၊ (သတင်းစာကိုယ်စားလှယ်များထံတွင် မှာယူပါက အိမ်တိုင်ရာရောက် ပို့ပေးပါသည်။)

Immediate Vacancy (For Local Servic Only)
We are one of the leading company handling medical, engineering & office automation equipment. For our expanding activities, we are looking for self - motivated candidates with multinational company experience.

1. Medical Product Specialist 2(M)
-M.B.B.S, Age (25-35)
2. Sales Representative 2(M/F)
- B.P.Sc (Medical Technologist), B.N.Sc, -Diploma Nursing, Age (25-35)
3. Sales Executive 2(M)
- Any Graduate, Age (25-35)

Above post requires Minimum 2 years Sales Experience able to travel and own transport preferable.

Interested candidates should submit CV copy of Labour Registration card and one recent photo to the following Address within two weeks of this Advertiement date.

Concordia Int' Ltd, 5th Floor, Shwe Gon Plaza, Bahan, Yangon. Ph-544199.

ကျွမ်းကျင်လုပ်သားအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ High Pressure Piping Welding လုပ်ငန်းများအတွက် Argon Welding ကျွမ်းကျင်သူ ကျား (၃၀) ဦး

လျှောက်ထားသူများသည် ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ ကိုယ်ရေးရာဇဝင်အကျဉ်း၊ သက်ဆိုင်ရာအထောက်အထားမိတ္တူများ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

အမှတ် ၃၀၊ ရွှေပိတောက်ရိပ်မွန်
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၅၀၀၉၈၀၊ ၅၀၀၉၈၁
၅၀၀၉၈၂၊ ၅၀၀၉၈၃
၅၀၀၉၈၄၊ ၅၀၀၉၈၅

Sale Promoter

မင်းသိင်္ခ
မနောမယ ကိုဝိတာ
(၁၈-၁၀-၂၀၀၃) စနေနေ့ ထွက်ပြီ

ကန့်ကွက်နိုင်ပါသည်

ဒေါ်အေးအေးထိုက် ၁၂/လမတ(နိုင်)၀၀၅၀၆၂ မြေအမည်ပေါက် တစ်ဦးတည်းပိုင်ဆိုင်သော လမ်းမတော်မြို့နယ် အမှတ် (၆၀-၆၂) ၅ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂ x)၊ မြေကွက်အမှတ် (V-၈၄/၈၅)နှစ်(၆၀) ဂရန်မြေပေါ်ရှိ အဆောက်အအုံဟောင်းအား ပြန်လည်၍ အဆောက်အအုံသစ်ဆောက်လုပ်မည်ဖြစ်ပါသဖြင့် သက်ဆိုင်သူများ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ(နှစ်ပတ်)အတွင်း လာရောက်ဆက်သွယ်ဖြေရှင်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

(မြေရှင်)
ဒေါ်အေးအေးထိုက်
၁၂/လမတ(နိုင်)၀၀၅၀၆၂
အမှတ် ၆၀-၆၂၊ ၅ လမ်း၊
လမ်းမတော်မြို့နယ်

NPE FOREVER GROUP

25% Off
The Fifth International ICT Exhibition 2003
(17.10.03 to 19.10.03)
30% Off

Office Operating Course (Basic)
Desktop Publishing Course (DTP)
Engineering Design Course (AutoCAD)
Programming Course (C, C++, VB)
Computerized Accounting Course(Accpac,UBS)

No.173/175, Pansodan Road, Yangon.
Ph: 01-256265, 701180

ဗိုလ်မှူးကြီးတင်ဌေး (လေ)(ငြိမ်း)
လေ/၁၂၆၈
စစ်တက္ကသိုလ်အပတ်စဉ်(၁)
စစ်သံမှူး(ငြိမ်း)
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)မြန်မာ့ကုန်တိုက်
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
ကုန်ပစ္စည်းစစ်ဆေးရေးနှင့်ကိုယ်စားလှယ်လုပ်ငန်း
အသက်(၆၆)နှစ်

ပဲခူးမြို့နေ(ဦးအောင်တင်–ဒေါ်မြရွှေ)တို့၏သား၊ ကျောက်မြောင်း၊ သီတာလမ်းနေ (ဦးစောနန္ဒ–ဒေါ်နှင်းစိန်)တို့၏သားသမက်၊ အမှတ် ၁၂၆၂၊ ဗိုလ်မင်းရောင်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဒေါ်သန်းသန်းရီ)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးမင်းအောင်(လေ)–ဒေါ်မြင့်မာလာဌေး(အကောက်ခွန်)၊ ဦးအောင်ကိုကိုဌေး(ဆည်မြောင်း)–ဒေါ်ခင်ခင်ယု၊ ဦးလွင်မောင်မောင်ဌေး၊ ဦးစိန်ဝင်း–ဒေါ်ရီလေးဌေး၊ ဗိုလ်မှူးတင်မောင်မောင်ဌေး(လေ)၊ ကိုဇင်မောင်မောင်ဌေးတို့၏ဖခင်၊ ဦးတင်ဌွေ (ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)–ဒေါ်မြင့်မြင့်ကြည်(မြကြာငုံသက်န်းတိုက်)၏အစ်ကို၊ ဦးရဲမြင့်(မြို့နယ်တရားသူကြီး၊ ကွမ်းခြံကုန်း)–ဒေါ်မာမာလွင်တို့၏ဦးလေး၊ မြေး ငါးယောက်တို့၏အဘိုးသည် ၁၃–၁၀–၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၂:၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၁၀–၂၀၀၃ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မသန်စွမ်းသူများအတွက်
အသက်မွေးဝမ်းကျောင်းပညာသင်တန်းသားခေါ်ယူခြင်း

အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း (AAR)မှ ၂၀၀၄ ခုနှစ် (ပထမ) အပတ်စဉ် စက်ချုပ်နှင့်ဆံပင်အလှပြုပြင်ခြင်း အသက်မွေးပညာသင်တန်းများကို ဇန်နဝါရီလ ၁ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံအနှံ့အပြားရှိ မသန်စွမ်းသူများ ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို အခမဲ့ရယူနိုင်ပါသည်။

သင်တန်းကာလ – ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဧပြီလ ၇ ရက်နေ့ထိ

လူတွေ့စစ်ဆေးခြင်း – ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ရက် နှင့် ၃၀ ရက်နေ့

ဆက်သွယ်ရန်လိပ်စာ – ကိုယ်အင်္ဂါမသန်စွမ်းသူများ သက်မွေးပညာသင်တန်းကျောင်း (AAR)
အမျိုးသားပြန်လည် သန်စွမ်းရေးဆေးရုံရှေ့၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၁–၆၆၁၇၁၂ (AAR)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ထ/၈၆၇၈ လက်ဝယ် ရှိသူက (ကမ/၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန (တိုင်းရုံး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန(တိုင်းရုံး)၊ ရန်ကုန်**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်မောင်ဦး C.D.C 24160 ၏ I.M.O MFA CERT; NO. 3223103 သည် ၁၆–၁၀–၂၀၀၃ရက်က ပန်းဆိုးတန်းလမ်းတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။
Ph - 510080၊ 724611၊ 524758

ရဟန်းဒါယိကာမကြီး
ဒေါ်ကောက် (တံတားရှာ)
အသက်(၉၂)နှစ်

အမှတ် ၇၁၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်နေ (ဦးအာယား)၏ဇနီး၊ ရေနံချောင်းမြို့နေ (ဦးရောင်ရမ်း)–ဒေါ်ခင်လု၊ ဦးစိုးမြင့်–ဒေါ်သောင်းတင်၊ ဦးပြုး၊ ဒေါ်အရန်(ဆောက်/လှျပ်)၊ ဦးဥာဏ်မြင့်(ဆသရ)–ဒေါ်အေးအေးကြွယ်(ပညာရေးတက္ကသိုလ်)တို့၏မိခင်၊ မြေး ခုနစ်ယောက်တို့၏အဘွားသည် ၁၅–၁၀–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၁၀–၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ထူးမေ (ဒေါ်ဘောဘီ) (မြောင်းမြ)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် ၁၃၀၊ အေးသိဒ္ဓိလမ်းနေ(ဦးဘတိုး–ဒေါ်အေးရင်)တို့၏သမီး၊ (ဗိုလ်မှူးမြညိမ်း)၏ဇနီး၊ ဒေါ်ခင်ငြိမ်းအေး(အထက–၁၊ အင်းစိန်)–ဦးသာအေး(Sec: Gideon Bible Society)၊ ဒေါ်ခင်ငြိမ်းရွှေ–ဦးတင်မောင်သန့် (E/E Norwest Co;)၊ ဒေါ်ခင်ငြိမ်းနွယ်–ဦးဇော်မဏိ(Master F-G)၊ ဒေါ်ခင်ငြိမ်းဝေ(အထက–၁၊ ဒဂုံ)–Capt: နေထွန်းအောင် (M.V Blue Master,Marina Co;)၊ (ဦးတိုးတိုးညိမ်း)–ဒေါက်တာရီရီစန်း၊ ဒေါ်ခင်ငြိမ်းနု(လ/ထ ညွှန်မှူး၊ စိုက်မွေး)–ပါမောက္ခဒေါက်တာခင်မောင်ကြီး(ဆေး၊ မန်း)၊ ဒေါ်မိုးစန္ဒာ–ဦးတင်အောင်ကျော်(E/E Petroship Co;)၊ ဒေါ်ခင်သီတာငြိမ်း (Yangon Airways)တို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ် နှစ်ယောက်တို့၏အဘွားသည် ၁၆–၁၀–၂၀၀၃ ရက် နံနက် ၈:၅၀ နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇–၁၀–၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရွာမနှစ်ခြင်းအသင်းတော်၊ မင်းကြီးလမ်း၊ အင်းစိန်တွင် ဝတ်ပြုကိုးကွယ်ပြီး ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ထွေး (ကော့ကရိတ်)
အသက်(၇၈)နှစ်

၁၄–၁၀–၂၀၀၃ရက်တွင် ကျွန်တော်တို့၏ အစ်ကိုကြီးတစ်ယောက်လိုလေးစားအားထားခဲ့ရပါသော ဦးမောင်ထွေး (ကော့ကရိတ်) ကွယ်လွန်သွားကြောင်းသိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးစိန်အောင်–ဒေါ်မြရင်နှင့်
ဦးသန်းကျော်–ဒေါ်တင်တင်လေး
ရွှေစင်တိုင်း၊ပိုးထည်လုပ်ငန်း
အမရပူရမြို့။

အမည်ပြောင်း

ဦးဘထွန်း၏သမီး စစ်တွေ အထက(၂)၊ ဒသမတန်း(E)မှ မညိုညိုသန်းအား ယနေ့မှစ၍ မဇာနည်လှိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မဇာနည်လှိုင်

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်စိန်တင် (ခ) Lucy
အသက်(၈၄)နှစ်

ပြည်မြို့နေ (ဒေါ်ညို–ဒေါ်စိန်ပွင့်)တို့၏သမီးကြီး၊ ဦးစံငွေ၏ဇနီး၊ ဒေါ်စီစီ၊ ဒေါ်လီလီ၊ ဒေါ်မာရီတို့၏မိခင်၊ မဒါလီထိုက်(ဒူဒူး)၏အဘွားသည် ၁၆–၁၀–၂၀၀၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈–၁၀–၂၀၀၃ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ [အမှတ် ၄၅၁၊ မြနန္ဒာလမ်းသွယ်၊ ကျောက်ကုန်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ် နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဦးမောင်လှသိန်း (စစ်တွေ)
အသက်(၆၂)နှစ်

စစ်တွေမြို့၊ကျောင်းကြီးလမ်းရပ်ကွက်နေ [ဦးစိန်ထွန်းအောင်(ခ)စိန်ဒိုင်–ဒေါ်စံလှ]တို့၏သား၊ ဒေါ်ဦးသိန်းညွှန့်၏ခင်ပွန်း၊ မောင်သိန်းဟန်(ခေတ္တ–ဟောင်ကောင်)၊ မသိန်းနု၊ ဦးအောင်ကျော်ဇော–မမြအေး၊ မကျော့ခင်လှ၊ မောင်လှထွန်း–မအေးအေးနုတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးရှင်သည် ၁၅–၁၀–၂၀၀၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၁၀–၂၀၀၃ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အာကျိတ်တော်ကုန်းသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီး ဆွေမျိုးများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးစိုးဝင်း
ငွေစာရင်းမန်နေဂျာ
ကုန်သွယ်/လယ်ယာ (သန်လျင်)
အသက်(၆၀)

သန်လျင်မြို့၊ အမှတ် ၆၇၊ သောက်တော်တွင်းလမ်း၊ သောက်တော်တွင်းရပ်ကွက်နေ (ဦးမန်ဒို–ဒေါ်ချောညွှန့်)တို့၏သား၊ ဒေါ်ခင်အေး၏ ခင်ပွန်း၊ ကိုအောင်အောင် – မသန်းသန်းတင့်(ကကင္ဆ)၊ ကိုဝင်းဇော်ဦး–မစန်းစန်းဝင်း၊ကိုထွန်းထွန်းဝင်း–မသက်သက်ခိုင်၊ ကိုကျော်ကျော်နိုင် – မယဉ်ယဉ်ဝင်း၊ မယဉ်ယဉ်မော်(ကကင္ဆ)၊ ကိုအောင်မြတ်ကျော်–မအေးအေးစိုး(ကုန်သွယ်–လယ်ယာ)၊ မခင်မို့မို့အောင်တို့၏ဖခင် မြေး ခုနစ်ယောက်တို့၏ အဘိုးသည် ၁၂–၁၀–၂၀၀၃ရက် (တနင်္ဂနွေနေ့) နံနက်တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် သန်လျင်ငါးပါးသခင်ဒါရ်ဂါ၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးဘသောင်း (ကျောက်မဲ)
P.W.D ကန်ထရိုက်တာ
အသက်(၉၃)နှစ်

ကျောက်မဲမြို့နေ (ဒေါ်ဖွားတင်)၏ခင်ပွန်း၊ (ဦးဝင်းရွှေ)–ဒေါ်တင်အေး၊ ဦးစိုင်းရီတစ် (Winner Plastic Menf: Factory) – ဒေါ်ခင်မာလာ၊ ဦးတင်သောင်း(တရားရုံးချုပ်ရှေ့နေကြီး)–ဒေါ်နွဲ့မာလေး၊ ဦးသက်နိုင်–ဒေါ်တင်တင်ထွေး(မိုးကုတ်)၊ ဒေါ်ဖြူဖြူသောင်း(ပြင်ဦးလွင်)၊ (ဦးငွေသောင်း)–ဒေါ်နန်းခင်ခင်ဌေး၊ ဦးတင်အေးမောင်–ဒေါ်လှလှသောင်း(မိုးမိတ်)တို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်ကိုးယောက်တို့၏ဘိုးဘိုးကြီးသည် အာရှတော်ဝင်ဆေးခန်း၌ ၁၆–၁၀–၂၀၀၃ရက် နံနက် ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ တိုက် ၃၊ အခန်း ၅၊ ရွှေဂုံရိပ်သာ၊ လင့်ခ်လမ်းနေအိမ်သို့ ၂၂–၁၀–၂၀၀၃ရက် နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားနာရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းရီ
(ပေါက်မြို့)
အသက်(၇၈)နှစ်

ပေါက်မြို့၊ အောင်ချမ်းသာရပ်နေ (အငြိမ်းစား) မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဘိုနီ၏ဇနီး၊[ဗိုလ်ကြီးအောင်ကျော်မိုး(လေ)]–ဒေါ်သီရီရွှေ၊ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်ဆွေ – ဒေါ်မော်မော်လှိုင်တို့၏မိခင်၊ မြေး လေးယောက်တို့၏အဘွားသည် ၁၅–၁၀–၂၀၀၃ရက်တွင် ပေါက်မြို့ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၆–၁၀–၂၀၀၃ရက်တွင် ပေါက်မြို့၌ သဂြိုဟ်ပြီးစီးဖြစ်ပါကြောင်း သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

တပ်ကြပ်ကြီးစိန်လင်း (ငြိမ်း)
အသက်(၇၄)နှစ်

တောင်ကြီးမြို့၊ စပ်စံထွန်းရပ်ကွက်၊ နယ်မြေ ၁၊ အမှတ် ၈၃၀ နေ (ဦးစံဖေ–ဒေါ်ခင်လေး၊ ဘိုကလေး)တို့၏ သားလတ်၊ ဒေါ်စိန်မြင့်(ခ)ဒေါ်ပု၏ ခင်ပွန်း၊ ကိုစိန်ဝင်း၊ ကိုဝင်းကို–မမြင့်မြင့်ဝင်း၊ ကိုစိုးဝင်း၊ ကိုဉာဏ်ဝင်း–မအေးအေးဝင်း၊ မအေးအေးခိုင်၊ မောင်ဝင်းလွင်မိုး၊ ကိုအောင်ညွှန့်–မကျော့ကျော့လင်းတို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၁၁–၁၀–၂၀၀၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၁၀–၂၀၀၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တိုင်းရင်းသားပေါင်းစုံ သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဒေါ်ကြူကြူလွင်(ခ)ချော
(မရမ်းခြံအမျိုးသမီးကျောင်း)
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ကြည့်မြင်တိုင်မြို့နယ်၊ အလုံ ဖူးကားသစ်စက် (ဦးဘချစ်–ဒေါ်ကြီးကြီး)တို့၏သမီးထွေး၊ ဟံသာဝတီတိုက်နယ် အငြိမ်းစား ရဲမှူး(ဦးဘိုးမြ–ဒေါ်ဖွားရင်)တို့၏ သမီးချွေးမ၊ အမှတ် ၂၀၊ စိမ်းမြသာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးခင်မောင်မြ(စီးမံရေးရာ၊ဆသရရုံးချုပ်၊ ငြိမ်း)၏ဇနီး၊ ဒေါ်စန်းစန်းမြ၊ ဦးမောင်ဟန်(မြေတိုင်းဝန်ထောက်)၊ ဦးမောင်မောင်သင်း(ဘဝရေ၊ ငြိမ်း)တို့၏ ညီမ၊ ထောင်မှူး ဦးစံမောင် (ဘဝသစ်–၃၊ ရဲဘက်စခန်း)၊ ဒေါ်ဌေးစုစု (ပြည်ပဆက်သွယ်ရေး၊ ဆသရ)၊ ဦးသန်းထွန်းအောင် (လက်ထောက် အုပ်ချုပ်ရေးမှူး၊ ဗိုလ်တထောင်မြို့နယ် စည်ပင်)တို့၏မိခင်သည် ၁၅–၁၀–၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၁၇–၁၀–၂၀၀၃ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးတစ်(ခ)ဦးမောင်တစ်
ဟင်္သာတ
ကုန်သွယ်ရေးမန်နေဂျာ(ငြိမ်း)
အသက်(၈၉)နှစ်

ဟင်္သာတမြို့နေ(ဦးမှင်–ဒေါ်မြ)တို့၏သား၊ (ဦးချစ်ဆွေ–ဒေါ်စိန်ပု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၁၇၂/၃ (က)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ကြည်မြင့်၏ခင်ပွန်း၊ (ဦးဝင်းဖေ)၊ ဦးတင်မျိုးညွှန့်–(ဒေါ်ရင်မြင့်)၊ ဦးအေးကျော်–ဒေါ်ကြင်ကြင်ဝင်း၊ဦးတိုးအောင်–ဒေါ်ခင်သန်းနွယ်(လယ်ယာ/ထွက်ကုန်၊ ဟင်္သာတ)၊ ဦးဆန်းဦး၊ (ဦးဆန်းသွင်)၊ ဒေါ်ဝင်းဝင်းမာ(အမက–၁၊လမ်းမတော်)တို့၏ဖခင်၊မောင်ကျော်ကျော်နိုင်(ခေတ္တ–တောင်ကိုရီးယား)၊ မယုယုမော်တို့၏ အဘိုးသည် ၁၅–၁၀–၂၀၀၃ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်သို့ ၂၁–၁၀–၂၀၀၃ရက် နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြားရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ထူးမေ (ဒေါ်ဘောဘီ)
(မြောင်းမြ)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊အမှတ် ၁၃၀၊ အေးသိဒ္ဓိလမ်းနေ (ဦးဘတိုး–ဒေါ်အေးရင်)တို့၏သမီး၊ (ဒေါ်ဦးမေ)၊ ဒေါ်ကြူးမေ–(ဦးတင်မြင့်)တို့၏ ညီမ၊ (ဒေါ်လှမေ)၊ (ဒေါ်အေးမေ)၊ ဦးမောင်မောင်တိုး – နန့်ရွှေမြသိန်း(မြောင်းမြ)၊ (ဦးမောင်မောင်စိုး)၊ဦးမောင်မောင်အေး–ဒေါ်ခင်ထားအေး၊ ဦးမောင်မောင်ထွေး–ဒေါ်မှုံမှုံ၊ ဦးသိန်းလွင်–ဒေါ်အေးသန်းတို့၏အစ်မသည် ၁၆–၁၀–၂၀၀၃ရက် (ကြာသပတေးနေ့) နံနက် ၈:၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇–၁၀–၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရွာမနှစ်ခြင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုကိုးကွယ်ပြီး ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအုန်းကျော်
စစ်တွေမြို့၊ AGTI (MT)
(၁၉၈၅ အင်းစိန်)
အသက်(၄၂)နှစ်

စစ်တွေမြို့၊ ရှုပရပ်လမ်းမကြီးနေ (ဦးဦးသာထွန်း – ဒေါ်နှင်းစိန်)တို့၏ သားငယ်၊ ရန်ကုန်မြို့နေ(ဦးကျော်မြင့်)–ဒေါ်မြမြစိန်၊ ဦးအုန်းမောင်–(ဒေါ်မြမြ)၊ ဦးမျိုးညွှန့်ဆွေ–ဒေါ်စောရီမြတို့၏ ညီ/မောင်၊ ဒေါ်ခင်သန်းနု၏ခင်ပွန်း၊ မောင်ကောင်းမြတ်ကျော်၊မခင်မြတ်နိုးကျော်(ခ)နိုနိုတို့၏ဖခင်၊ မောင်ဇေယျာကျော်၊ (မောင်နေထွန်းအောင်)၊ မောင်မိုးမြင့်မောင်၊ မောင်ကျော်ကျော်မျိုး၊ မမေနန္ဒာမောင်၊ မခိုင်သီတာမျိုးတို့၏ဦးလေးသည် ၁၃–၁၀–၂၀၀၃ရက် နံနက် ၁၁:၄၀ နာရီတွင် အောင်ဇေယျအိမ်ရာ၊ (၂၆) ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၄–၁၀–၂၀၀၃ ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးလှမိုး(ခ)မိုးမိုး
အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်၊ စိုက်ပျိုးရေး ၂ လမ်း၊ အိမ်အမှတ် ၉၇၅ နေ ဒေါက်တာဘော်ဘီနာယား (ခ) ဦးထွန်းစိန်–ဒေါ်သန်းဝင်းတို့၏သား၊ ဦးသိန်းချစ်–ဒေါ်စန်းစန်းမြင့်၊ ဦးလှကြည်–ဒေါ်တင်တင်ဦး၊ ဦးအောင်မျိုး–ဒေါ်လှမြင့်တို့၏ ညီမောင်၊ ဒေါ်လဲ့လဲ့မူ၏ခင်ပွန်း၊ မောင်ဇော်မင်းလွင်–မဝင်းဝင်းခိုင်၊ မောင်ဝင်းမင်းအောင်၊ မောင်အောင်ခိုင်မြင့်တို့၏ ဦးလေး၊ မောင်ထင်အောင်ကြည်၊ မနေခြည်မျိုးနွယ်တို့၏ဖခင်၊မောင်ဘုန်းမြတ်မင်း၏ အဘိုးသည် ၁၅–၁၀–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ယင်းနေ့ညနေတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်အေးစိန်
(ကျောက်ဖြူ၊ မာန်အောင်)
အသက်(၉၅)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ကင်းတဲရွာနေ (ဦးမောင်စိန်ညာ–ဒေါ်မအေး)တို့၏သမီး၊ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်နေ (ဦးဖြူထွန်းဦး)၏ဇနီး၊ ဦးထွန်းစိန် – ဒေါ်ချမ်းနု၊ ဦးထွန်းဖေ–(ဒေါ်တင်လှိုင်)၊ ဦးထွန်းတင်–ဒေါ်မဝေ၊ ဦးထွန်းရှင်–ဒေါ်တင်နု၊ (ဦးထွန်းသိန်း) – ဒေါ်အလွမ်း၊ ဒေါ်ခင်ကြည်–ဦးခင်မောင်ဦးတို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ် ၃၀ ယောက်၊ တီ တစ်ယောက်တို့၏ အဘွားသည် ၁၆–၁၀–၂၀၀၃ရက် (ကြာသပတေးနေ့) နံနက် ၉:၃၀ နာရီတွင် အမှတ် ၇၁၄၊ တိမ်ညို ၁ လမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) နေအိမ်၌ ကွယ်လွန်ပါ၍ ၁၇–၁၀–၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မာန်အောင်မြို့နယ်အသင်း
ဒေါ်အေးစိန်
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၉)ရပ်ကွက်၊ အမှတ် ၇၁၄၊ တိမ်ညို ၁ လမ်းနေ မာန်အောင်မြို့နယ်အသင်း နာယက ဦးထွန်းစိန် – ဒေါ်ချမ်းနု၊ ရာသက်ပန်အသင်းဝင် ဦးခင်မောင်ဦး–ဒေါ်ခင်ကြည်တို့၏မိခင် ရာသက်ပန်အသင်းဝင် ဒေါ်အေးစိန်သည် နေအိမ်၌ ၁၆–၁၀–၂၀၀၃ရက် နံနက် ၉:၃၆ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၇–၁၀–၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အသင်းမှကားများ ရန်ကုန်ဆေးရုံကြီးဝင်းနှင့်လေဟာပြင်ဈေးရှေ့မှ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။ အသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန်။) အမှုဆောင်အဖွဲ့။

ဒေါ်အုံးခင်
အသက်(၇၃)နှစ်

ဧရာဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ အင်းရဲကြီးကျေးရွာနေ(ဦးဆန်နီ–ဒေါ်ဖွားစိန်)တို့၏သမီး၊ ဦးညွှန့်မောင် [နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)၊ မော်ကွန်းဝင် (ဒုတိယဆင့်)၊ ဦးစီး(တ)ဆလကရုံးချုပ် (အငြိမ်းစား)]၏ဇနီး၊ (ဦးဌေးဝင်း)၊ ဦးဘဆင်သိန်း(New Asia)–ဒေါ်သန်းစိန်(ခ)စီစီညွှန့်မောင်(LL.B)၊ ဦးကျော်ဌေး–ဒေါ်နုယဉ် (ပစ္စည်းအဆင့်–၄၊ ရန်ကင်း ဆလက)၊ (ဦးထိန်လင်း)–ဒေါ်ခင်အုန်းမြင့်၊ (ဦးသိန်းဇံ)၊ ဦးနေဝင်း–ဒေါ်ခင်စန်းဝင်း၊ ဒေါ်သန်းသန်းဆင့်၊ ဦးကြည်ဝင်း – ဒေါ်အေးသီတာခိုင်၊ (ဦးယဉ်ထွေး)၊ ဦးထွေးလေး(Bay Point)တို့၏မိခင်၊ မြေး ၂၁ ယောက်တို့၏ အဘွားသည် ၁၃–၁၀–၂၀၀၃ရက် (တနင်္လာနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၁၀–၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးနေ မိတ်ဆွေသင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၄၁၊ ဦးချစ်မောင်လမ်း၊ ဆရာစံတောင် ရပ်ကွက်၊ ဗဟန်းမြို့နယ် နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မောင်ကျော်ဇေယျ (ဆရာဖွဟ္မ)
အသက်(၂၈)နှစ်

(ဆရာစန္ဒြ–ဒေါ်စောတင်)တို့၏မြေး၊ ဆရာဒေဝ–(ဒေါ်မြင့်မြင့်လွင်)တို့၏သား၊ ဦးသန်းမြင့်–ဒေါ်မဝင်းတို့၏သားသမက်၊ရန်ကုန်မြို့၊အမှတ် ၈၊ မဟာဗောဓိလမ်း၊ မြေနီကုန်းနေ မစိုးစိုးသက်၏ခင်ပွန်း၊ မမြမာလာ၏ အစ်ကို၊ မအမရာရွှန်းလဲ့ဗိုလ်၏ဖခင်သည် ၁၅–၁၀–၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၇–၁၀–၂၀၀၃ ရက်(သောကြာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

ကောဒသမအကြိမ် (၁၁)ကြိမ်

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ တတိယနေ့ပြိုင်ပွဲအစီအစဉ်များဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

ကောဒသမအကြိမ် (၁၁)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ တတိယနေ့ ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ယနေ့ဆက်လက်ကျင်းပသည်။

ကြည့်ရှုနားဆင်

ယနေ့ကျင်းပသည့် ကောဒသမ အကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲများသို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃) စစ်ဒေသမှူးဗိုလ်မှူးကြီး တင့်ဆန်းနှင့် တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးသော ပြည်သူများ တက်ရောက်၍ ကြည့်ရှုနားဆင်အားပေးကြသည်။

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဆက်လက်ကျင်းပရာ အဆို အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက် ညွှန်ကြားရေးမှူး(ဂီတ) ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင် အနုပညာရှင်များ ပြိုင်ပွဲကို ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်နှင့် အခြေခံပညာအဆင့် အသက် (၁၀-၁၅) (အမျိုးသား)ခေတ်ဟောင်းကာလပေါ်တေး အဆိုပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်စွမ်းပြည့်အောင်က 'ပရိယေသန' သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။ **(သတင်းစဉ်)**

သီဆိုပြိုင်ပွဲဝင်

ရှေးဦးစွာ အဆင့်မြင့်ပညာ အဆင့်(အမျိုးသမီး)ဓမ္မပူဇာတေး အဆိုပြိုင်ပွဲကိုကျင်းပရာ စိန်ဝေလျှံရေးစပ်သီကုံးပြီး တေးသံရှင်စိန်ဂျွန်းခင်မေ သီဆိုခဲ့သော 'မြင်းမိုရ်ပွဲ' သီချင်းဖြင့် ရခိုင်ပြည်နယ်မှမသီတာမိုး၊ မကွေးတိုင်းမှ မသွယ်သွယ်အောင်၊ ရန်ကုန်တိုင်းမှ မသဲမြတ်စိုး၊ ဧရာဝတီတိုင်းမှ မဇာဇာထွန်း၊ မွန်ပြည်နယ်မှ မခိုင်ကြည်သင်း၊ စစ်ကိုင်းတိုင်းမှ မငြိမ်းအိကျော်၊ မန္တလေးတိုင်းမှ မခင်ဆွေမြညွန့်၊ ပဲခူးတိုင်းမှမခင်သူသူဝင်း၊ မန္တလေးတိုင်းမှ မသဲမိုမိုစံ၊ ရန်ကုန်တိုင်းမှ မမူမူဆွေ၊ ကချင်ပြည်နယ်မှ မမျိုးမျိုးဝင်းနှင့် ရှမ်းပြည်နယ်မှ မနွေးနွေးသီရိအောင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁ နာရီတွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

အဆိုပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား)ခေတ်ဟောင်းကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ကိုသန်းနိုင် ရေးစပ် သီကုံးပြီး တေးသံရှင်ကိုမင်းနောင် သီဆိုသည့် 'ပရိယေသန' သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်စွမ်းပြည့်အောင်၊ မကွေးတိုင်းမှ မောင်ပြည့်ဖြိုးပွင့်၊ ပဲခူးတိုင်းမှ မောင်ပြည့်ဖြိုးအောင်၊ တနင်္သာရီတိုင်းမှ မောင်ရန်နိုင်အောင်၊ချင်းပြည်နယ်မှ မောင်မောင်လတ်၊ ကယားပြည်နယ်မှ မောင်အောင်လင်း၊ ရခိုင်ပြည်နယ်မှ မောင်ပိုင်ဖြိုးကို၊ ရန်ကုန်တိုင်းမှ မောင်ဉာဏ်မင်းထွန်း၊ စစ်ကိုင်းတိုင်းမှ မောင်ထန်လျှန်ကပ်၊ မွန်ပြည်နယ်မှ မောင်ရန်မင်းအောင်၊ ကရင်ပြည်နယ်မှ မောင်အောင်သူရိန်၊ ဧရာဝတီတိုင်းမှမောင်ချမ်းငြိမ်း၊ ရန်ကုန်တိုင်းမှမောင်ရန်လင်းပိုင်၊ မန္တလေးတိုင်းမှ မောင်မိုးဝင်း၊ ရှမ်းပြည်နယ်မှ မောင်ထွန်းမင်းဦးနှင့် ကချင်ပြည်နယ်မှ မောင်အောင်ကြည်ဖြိုးတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ညနေ ၄ နာရီတွင် တတိယနေ့ အဆိုပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို အောက်တိုဘာ ၁၆ ရက်တွင် အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် အမျိုးသား အကပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။ **(သတင်းစဉ်)**

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက် (၁၀-၁၅) အမျိုးသား တယောအတီးပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။ **(သတင်းစဉ်)**

အကပြိုင်

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ အကအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ အတွင်းရေးမှူး ဒေါ်မူမူခင်နှင့် အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ အကပြိုင်ပွဲ၏ဝါသနာရှင်အဆင့် (အမျိုးသမီး) အကပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ ဒေါ်ဝါဂွမ်းမြင့်စိုး၊ မန္တလေးတိုင်းမှ ဒေါ်မိမိကျော်၊ မွန်ပြည်နယ်မှ မခိုင်သဇင်၊ ပဲခူးတိုင်း မှ ဒေါ်အေးစိုးမိုး၊ စစ်ကိုင်းတိုင်းမှ မကံကော်၊ ရန်ကုန်တိုင်းမှမဖြိုးဖြိုးလှိုင်၊ဧရာဝတီတိုင်းမှ

စာမျက်နှာ ၁၃ ကော်လံ ၁ *

ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဇာတ်ရုံ၌ကျင်းပသည့် အတီးပြိုင်ပွဲ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲ အဆင့်မြင့်တန်းပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်မောင်အောင်နှင့်အဖွဲ့ ယှဉ်ပြိုင်နေစဉ်။ **(ဓာတ်ပုံ-သိန်းဝင်းလေး)**

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပထမဆုံး လူသားလိုက်ပါသည့် အာကာသယာဉ်ကို အောင်မြင်စွာပစ်လွှတ်နိုင်သည့်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ယနေ့ထုတ်စောင်ရေ

၂၀၁၃၀၉